# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်း ဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝင် (ဓမ္မပဒ – ၇၈)


၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၅ ရက် | ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင် ၂၄ ရက်၊ သောကြာနေ့ | အတွဲ (၅၉)၊ အမှတ် (၂၉၅)


## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် က

# ကမ္ဘာ့ပညာရေးအဆင့်မြင့်ဆုံး နိုင်ငံအချို့မှာလို မိမိတို့နိုင်ငံမှာလည်း အစိုးရကျောင်းတွေက အကောင်းဆုံး ပညာသင်ပေးနိုင်တဲ့ အခြေအနေကို ရောက်ရှိစေချင်ကြောင်း ရေးသားဖော်ပြ



နေပြည်တော် ဇူလိုင် ၂၃

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ကမ္ဘာ့ပညာရေး အဆင့်မြင့်ဆုံး နိုင်ငံအချို့မှာလို မိမိတို့နိုင်ငံမှာလည်း အစိုးရကျောင်းတွေက အကောင်းဆုံး ပညာသင်ပေးနိုင်တဲ့ အခြေအနေကို ရောက်ရှိစေချင်ပါကြောင်း ၎င်း၏ ဖေ့စ်ဘွတ်စာမျက်နှာမှ ယနေ့တွင် ရေးသားဖော်ပြထားသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အထက်တန်းကျောင်းများ ပြန်လည်စတင်ဖွင့်တာ တတိယမြောက်နေ့ ရှိသွားပြီဖြစ်ပါကြောင်း၊ ကျန်းမာရေးအဆင့်မီတာကို တွေ့ရတာနဲ့အမျှ ကျောင်းတွေတိုးလို့ ဖွင့်ခွင့်လည်း ပေးနေပါကြောင်း၊ ပြန်လည်ဖွင့်လှစ်ခွင့်ပေးပြီး ကျောင်းတွေထဲမှာ ကိုယ်ပိုင်ကျောင်း ၇၆၄ ကျောင်း ပါပါကြောင်း။

ကိုယ်ပိုင်ကျောင်းများမှ အစိုးရကျောင်းများသို့ ပြောင်းချင်တဲ့ ကျောင်းသူ ကျောင်းသားတွေလည်း ရှိလာပါကြောင်း၊ ပြောင်းရွှေ့လာမည့်သူအားလုံးကို ဝမ်းသာစွာ လက်ခံမှာဖြစ်ပါကြောင်း၊ ကမ္ဘာ့ပညာရေးအဆင့်မြင့်ဆုံး နိုင်ငံအချို့မှာလို မိမိတို့နိုင်ငံမှာလည်း အစိုးရကျောင်းတွေက အကောင်းဆုံးပညာသင်ပေးနိုင်တဲ့ အခြေအနေကို ရောက်ရှိစေချင်ပါကြောင်း။

လက်ရှိ မိမိတို့နိုင်ငံအခြေအနေအရ ကိုယ်ပိုင်ကျောင်းတွေရဲ့ကဏ္ဍက တန်ဖိုးရှိပါကြောင်း၊ ဒါ့ကြောင့် ဒီကျောင်းတွေ အဆင်ပြေရေးကို မိမိတို့ အလေးထားပါကြောင်း၊ ဘော်ဒါဆောင်နဲ့ ကိုယ်ပိုင်ကျောင်းတွေကို ဖွင့်ပေးရေးကတော့ လောလောဆယ် မဖြစ်သေးပါကြောင်း၊ ကျောင်းသားတွေ၊ မိဘတွေကတော့ ဖွင့်စေချင်ကြပါကြောင်း၊ Quarantine လောက်ကို ဘော်ဒါဆောင်တွေက စိတ်ချရပါတယ်လို့ ယူဆချက်တွေလည်း ရှိပါကြောင်း၊ ဒါပေမဲ့ မိမိတို့ ကမ္ဘာ့အခြေအနေ သုံးသပ်လိုက်တော့ ဘော်ဒါဆောင်တွေမျိုး အနေအထားကို လုံခြုံတယ်လို့ မယူဆနိုင်သေးတာ တွေ့ရှိရပါကြောင်း။

ကျောင်းသူ ကျောင်းသားများ ကျန်းမာရေးအတွက် စိတ်ချရတာနဲ့အမျှ ကျောင်းတွေ ဖွင့်နိုင်ရေးကို ဆောင်ရွက်ပါမယ် ဟု ရေးသားထားသည်။

- ကျန်းမာရေးအဆင့်မီတာကို တွေ့ရတာနဲ့အမျှ ကျောင်းတွေတိုးလို့ ဖွင့်ခွင့်လည်း ပေးနေ
- ဘော်ဒါဆောင်နဲ့ ကိုယ်ပိုင်ကျောင်းတွေကို ဖွင့်ပေးရေးကတော့ လောလောဆယ် မဖြစ်သေး
- ကျောင်းသူ ကျောင်းသားများ ကျန်းမာရေးအတွက် စိတ်ချရတာနဲ့အမျှ ကျောင်းတွေ ဖွင့်နိုင်ရေးကို ဆောင်ရွက်ပါမယ်

---

**နိုင်ငံရေးပါတီများ ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြောတင်ပြခွင့်နှင့် စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာ** စာ » ၄

**အတိုးနှုန်းသက်သာသည့် ချေးငွေ လျှောက်ထားနိုင်ကြောင်း အသေးစား ငွေရေးကြေးရေး အဖွဲ့အစည်းများသို့ အသိပေးကြေညာချက်** စာ » ၅

---

## မြဝတီ အမှတ်(၂)တံတားမှ မြန်မာရွှေ့ပြောင်းလုပ်သား ၆၂၂ ဦး ဆက်လက်ဝင်ရောက်

မြဝတီ ဇူလိုင် ၂၃

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သား ၆၂၂ ဦးသည် မြဝတီ အမှတ်(၂) ချစ်ကြည်ရေးတံတားမှ တစ်ဆင့် ယနေ့ဆက်လက်ဝင်ရောက်လာခဲ့ကြောင်း သိရသည်။ (ယာပုံ)

ပြန်လည်ဝင်ရောက်လာသူများအား ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချမ်းငြိမ်း၊ ခရိုင်နှင့် မြို့နယ်မှ တာဝန်ရှိသူများက ကြိုဆိုခဲ့ပြီး ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသော လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက်

စာမျက်နှာ ၁၇ ကော်လံ ၁ ❄




KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

# အရှေ့၊ အနောက် မခွဲခြား၊ ကမ္ဘာ့နိုင်ငံများအကြား ဖြောင့်မတ်တည်ကြည်စွာ ရပ်တည်ခြင်း


မြန်မာနိုင်ငံသည် အာရှတိုက်၏ အင်အားကြီးနိုင်ငံကြီးများ ဖြစ်ကြသည့် တရုတ်နှင့် အိန္ဒိယတို့၏ ကြားတွင် ဆက်စပ်တည်ရှိနေပြီး တောင်အာရှနှင့် အရှေ့တောင်အာရှတို့၏ ပေါင်းကူးနေရာတွင်လည်း တည်ရှိသည့် နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံသည် "လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးဝါဒ" ကို ကျင့်သုံးသည်။ ထို့အပြင် တစ်နိုင်ငံ၏ နယ်မြေတည်တံ့မှုနှင့် အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို တစ်နိုင်ငံက လေးစားရန်၊ တစ်နိုင်ငံနှင့် တစ်နိုင်ငံ ကျူးကျော်တိုက်ခိုက်မှု မပြုလုပ်ရန်၊ တစ်နိုင်ငံနှင့် တစ်နိုင်ငံ ပြည်တွင်းရေးကိစ္စများတွင် ဝင်ရောက်စွက်ဖက်ခြင်း မပြုရန်၊ တစ်နိုင်ငံနှင့် တစ်နိုင်ငံ တန်းတူရည်တူရှိရန်နှင့် နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းစေရန်၊ နိုင်ငံရေး ဝါဒချင်း ကွဲလွဲစေကာမူ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ငြိမ်းချမ်းစွာ အတူတကွ ပေါင်းသင်းဆက်ဆံနိုင်စေရန်ဟူသည့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ချက်ကို အခြေခံပြီး လုပ်ငန်းစဉ်(၈)ရပ် ချမှတ်ကျင့်သုံးနေသောနိုင်ငံဖြစ်သည်။

၁၉၅၄ ခုနှစ် ဇွန်လ ဒေါင်းညီလာခံတွင် မြန်မာ၊ တရုတ်နှင့် အိန္ဒိယတို့က အဆိုတင်သွင်းခဲ့ပြီး အာရှ-အာဖရိက နိုင်ငံပေါင်း (၂၉) နိုင်ငံက ထောက်ခံခဲ့သည့် "ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ချက်"သည် နိုင်ငံတကာဆက်ဆံရေးနယ်ပယ်၌ စံပြုကြရသည့် တန်ဖိုးတစ်ရပ်၊ စံနှုန်းတစ်ခုလည်း ဖြစ်လာခဲ့သည်။ စစ်အေးတိုက်ပွဲကာလအတွင်း အရှေ့အုပ်စုနှင့် အနောက်အုပ်စုကြီးနှစ်စု နိုင်ငံရေးအရ အားပြိုင်မှုများ ပြင်းထန်ခဲ့စဉ်က မည်သည့်အုပ်စုနှင့်မျှ ပါဝင်ခြင်းမရှိဘဲ လွတ်လပ်စွာ ရပ်တည်လိုကြသည့် ဖွံ့ဖြိုးဆဲနိုင်ငံများစုစည်း၍ ဘက်မလိုက်လှုပ်ရှားမှု (Non- Aligned Movement- NAM)ကို ၁၉၆၁ ခုနှစ်တွင် အဖွဲ့ဝင်(၂၅)နိုင်ငံဖြင့် ဖွဲ့စည်းခဲ့သည်။ မြန်မာနိုင်ငံသည် ဘက်မလိုက်လှုပ်ရှားမှု၏ မူလတည်ထောင်သူ အဖွဲ့ဝင်နိုင်ငံဖြစ်သည့် အားလျော်စွာ နိုင်ငံတကာဆက်ဆံရေးတွင် ငြိမ်းချမ်းစွာယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ချက်၊ ကုလသမဂ္ဂပဋိညာဉ် စာတမ်းပါ အခြေခံမူများ၊ ဘက်မလိုက်လှုပ်ရှားမှု၏ အခြေခံမူများ၊ အပြည်ပြည်ဆိုင်ရာ ဥပဒေများနှင့်အညီ အရှေ့၊ အနောက် ခွဲခြားခြင်းအလျဉ်းမရှိဘဲ ကမ္ဘာ့နိုင်ငံများအားလုံးနှင့် မိတ်ဝတ်မပျက် ခင်မင်ရင်းနှီးစွာ ဆက်ဆံသလို ထာဝရအတူယှဉ်တွဲ နေထိုင်သွားရမည့် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ဆက်ဆံရေးကိုလည်း အထူးအလေးအနက်ထားသည်။

နယ်နိမိတ်ချင်း ထိစပ်နေသည့် နိုင်ငံများအကြား ဖြစ်လေ့ဖြစ်ထရှိသည့် ပြဿနာများ ပေါ်ပေါက်လာပါကလည်း ချစ်ကြည်ရင်းနှီးမှုကို အခြေခံကာ အထက်ပါမူကြီး(၅)ချက်နှင့်အညီ ငြိမ်းချမ်းစွာ ဖြေရှင်းခဲ့သည်ချည်းသာဖြစ်သည်။ ၂၀၂၀ ပြည့်နှစ်သည် မြန်မာနိုင်ငံ၏ သံတမန်ဆက်ဆံရေးမျက်နှာစာ၌ ထူးခြားသည့် အထိမ်းအမှတ်များ ဖုံးလွှမ်းနေသည့် နှစ်တစ်နှစ်ဖြစ်သည်။ ၂၀၂၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့ နှစ်နိုင်ငံသံတမန်ဆက်ဆံရေး နှစ် (၇၀) ပြည့်မြောက်ခဲ့ပြီဖြစ်သလို လာမည့်ဩဂုတ်လတွင် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး (၇၃)နှစ် ပြည့်မြောက်တော့မည်ဖြစ်သည်။ အလားတူပင် ၂၀၂၀ ပြည့်နှစ်သည် ဗီယက်နမ်နိုင်ငံနှင့် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး (၄၅)နှစ် ပြည့်မြောက်သည့်နှစ်၊ တောင်ကိုရီးယားနိုင်ငံနှင့် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး (၄၅)နှစ် ပြည့်မြောက်သည့်နှစ်၊ ဂျပန်နိုင်ငံနှင့် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး (၆၆)နှစ် ပြည့်မြောက်သည့်နှစ်ဖြစ်သည်။

မြန်မာနိုင်ငံသည် နိုင်ငံတကာအခြေအနေများ မည်သို့ပင်ပြောင်းလဲစေကာမူ အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ ခင်မင်ရင်းနှီးသည့် မိတ်ဆွေနိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးသောဆက်ဆံရေးကို စဉ်ဆက်မပြတ်ထိန်းသိမ်းလျက် နိုင်ငံတကာမိသားစုဝင်နိုင်ငံအဖြစ် တာဝန်သိ၊ တာဝန်ကျေပွန်သော နိုင်ငံအဖြစ် ရပ်တည်ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတကာမျက်နှာစာတွင် တရုတ်နိုင်ငံ၏ အချက်အချာကျသော အကျိုးစီးပွားနှင့် အရေးကြီးကိစ္စရပ်များ၌ မြန်မာနိုင်ငံက တရုတ်နိုင်ငံအပေါ် ပြတ်သားစွာ ထောက်ခံအားပေးခဲ့သလို နိုင်ငံတကာစင်မြင့်၌ မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာပိုင်မှုနှင့် နိုင်ငံ့ဂုဏ်သိက္ခာ ကာကွယ်စောင့်ရှောက်ခြင်း အပေါ်တွင်လည်း တရုတ်နိုင်ငံက အစဉ်တစိုက် ထောက်ခံအားပေးခဲ့သည်။ မြန်မာနိုင်ငံသည် တရုတ်နိုင်ငံနှင့် ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကို ဖော်ဆောင်သကဲ့သို့ အိန္ဒိယနိုင်ငံနှင့်လည်း အထူးကောင်းမွန်သည့် ဆက်ဆံရေးကို ထားရှိပါသည်။ ထို့ကြောင့်လည်း ငြိမ်းချမ်းစွာအတူနေထိုင်ရေး မူကြီး(၅)ချက်အား မြန်မာ၊ တရုတ်နှင့် အိန္ဒိယတို့က အထက်တွင် ဖော်ပြသကဲ့သို့ ဘန်ဒေါင်းတွင် အဆိုတင်သွင်းနိုင်ခဲ့ခြင်း ဖြစ်ပါသည်။ ဤသို့ ခေတ်အဆက်ဆက် ကမ္ဘာ့နိုင်ငံရေးအခြေအနေအမျိုးမျိုးနှင့် နိုင်ငံတကာအစီအစဉ် အဖုံဖုံတို့အကြား မိမိနိုင်ငံ၏ အချုပ်အခြာအာဏာပိုင်မှု၊ နယ်မြေတည်တံ့ခိုင်မြဲမှုတို့ကို ခိုင်ခိုင်မာမာ ထိန်းသိမ်းထားနိုင်သည်မှာ မြန်မာနိုင်ငံနှင့် လိုက်လျောညီထွေဖြစ်သော မှန်ကန်သည့် နိုင်ငံခြားရေးဝါဒကို ချမှတ်နိုင်ခဲ့ခြင်းကြောင့် ဖြစ်သည့်အားလျော်စွာ အနာဂတ်တွင်လည်း အရှေ့၊ အနောက် နိုင်ငံများအကြား ဖြောင့်မတ်တည်ကြည်စွာရပ်တည်လျက် ကမ္ဘာ့နိုင်ငံအားလုံးနှင့် ရင်းနှီးချစ်ကြည်သောဆက်ဆံရေးကို တည်ဆောက်လျက် တာဝန်သိ၊ တာဝန်ကျေပွန်သော နိုင်ငံတကာ မိသားစုဝင်နိုင်ငံအဖြစ် ဆက်လက်ဖော်ဆောင်သွားနိုင်မည်ဖြစ်ပါကြောင်း။ ။




## စီမံကိန်းလုပ်ငန်းများနှင့် ရငွေသုံးငွေများစိစစ်ရေး ပူးပေါင်းအဖွဲ့၊ အဖွဲ့(၁၄) သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် လုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော် ဇူလိုင် ၂၃**

၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်၊ နိုင်ငံတော်၏ အမျိုးသားစီမံကိန်း ဥပဒေကြမ်းနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ စီမံကိန်းလုပ်ငန်းများနှင့် ရငွေသုံးငွေများ စိစစ်ရေးပူးပေါင်းအဖွဲ့၊ အဖွဲ့(၁၄)နှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ရေးရာဆောင် အမှတ်(I-20)၌ ကျင်းပသည်။

အစည်းအဝေးတွင် စီမံကိန်းလုပ်ငန်းများနှင့် ရငွေသုံးငွေများ စိစစ်ရေးပူးပေါင်းအဖွဲ့ (၁၄)၏ ဥက္ကဋ္ဌ ဦးသိမ်းဆွေက အမှာစကားပြောကြားပြီး အဖွဲ့ဝင်များက စီမံကိန်းလုပ်ငန်းများနှင့် ရငွေသုံးငွေများနှင့်စပ်လျဉ်း၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဆွေးနွေးကြသည်။

အဆိုပါအစည်းအဝေးသို့ စီမံကိန်းလုပ်ငန်းများနှင့် ရငွေသုံးငွေများ စိစစ်ရေး ပူးပေါင်းအဖွဲ့၊ အဖွဲ့(၁၄)၏ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ အဖွဲ့ဝင်များ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ပါမောက္ခချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

## မြို့သစ်မြို့နယ်ရှိ ကျေးရွာများတွင် လျှပ်စစ်မီးစတင်ရရှိ

**မြို့သစ် ဇူလိုင် ၂၃**

မကွေးခရိုင် မြို့သစ်မြို့နယ် ဆူးတပ်ကြီး ကျေးရွာနှင့် ဆူးတပ်ကြီးကျေးရွာအုပ်စု ပန်းတောကျေးရွာတို့တွင် အမျိုးသားလျှပ်စစ်မီးရရှိရေး စီမံကိန်း (NEP) အစီအစဉ်ဖြင့် လျှပ်စစ်မီးရရှိသည့် အထိမ်းအမှတ်ဖွင့်ပွဲကို ဇူလိုင် ၂၁ ရက်က ကျင်းပသည်။

တိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဇော်မျိုးဝင်း၊ တိုင်းဒေသကြီး အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဆွေ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဦးတို့က အမှာစကားပြောကြားကာ မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးမြတ်ကိုကိုက လျှပ်စစ်နှင့် ပတ်သက်၍ ဆောင်ရန်/ရှောင်ရန်များ၊ လျှပ်စစ်အန္တရာယ်အကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်လျှပ်စစ်မန်နေဂျာနှင့် ဆူးတပ်ကြီးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတို့က အထိမ်းအမှတ်ဖွင့်ပွဲ ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ကြောင်း သိရသည်။ **သန်းဝင်းထွန်း( ပြန်/ဆက်)**



# တညီတညွတ်တည်း စည်းကမ်းတကျရှိဖို့လို

တိုင်းသူပြည်သားလူအများဟာ ဥမကွဲ၊ သိုက်မပျက် တညီတညွတ်တည်း စည်းကမ်းတကျ ရှိဖို့လိုတယ်။ မလိုတဲ့သူတွေက ဘယ်လိုတိုက်တိုက်၊ ရှို့ရှို့၊ စစ၊ မိမိတို့ အဓိကပန်းတိုင်ကို မျက်ခြည်ပြတ်မခံဘဲ၊ လမ်းမလွဲအောင် ကြိုးစားဖို့လိုတယ်။

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့ ည ၇ နာရီ၊ မိနစ် ၄၀ အချိန် ရေဒီယိုမှ ထုတ်လွှင့်ခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

# ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ အစည်းအဝေးကျင်းပ

နေပြည်တော် ဇူလိုင် ၂၃

ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီသည် ပြည်ထောင်စု အစိုးရအဖွဲ့က ပေးပို့လာသော ၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စု၏အခွန်အကောက် ဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် အစည်းအဝေးကို ယနေ့ ညနေ ၃ နာရီခွဲတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

### တက်ရောက်

အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ဥပဒေကြမ်း ပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးထွန်းအောင် (ခ) ဦးထွန်းထွန်းဟိန်၊ ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့်ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီတို့မှ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ တွဲဖက်အတွင်း ရေးမှူးများနှင့်ကော်မတီဝင်များ၊ ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**



ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ အစည်းအဝေး ကျင်းပစဉ်။

သတင်းစဉ်

# ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပ

နေပြည်တော် ဇူလိုင် ၂၃

**ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ၏ အစည်းအဝေးအမှတ်စဉ် (၇/၂၀၂၀) ကို ယနေ့နံနက်ပိုင်းတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။**



ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ၏ အစည်းအဝေးအမှတ်စဉ် (၇/၂၀၂၀) တွင် ဆွေးနွေးပြောကြားစဉ်။ သတင်းစဉ်

### တာဝန်ရှိသူများ တက်ရောက်

အစည်းအဝေးသို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် လုပ်ငန်းကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများဖြစ်သော စီမံကိန်း၊ ဘဏ္ဍာရေး နှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ အလုပ်သမား၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ဆွေးနွေးဆုံးဖြတ်

အစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌက မိမိတို့ ယနေ့အထိ အစည်းအဝေး (၆)ကြိမ် ကျင်းပခဲ့ပြီး ဆုံးဖြတ်ချက် (၇၈)ချက် ချမှတ်ကာ ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လျက်ရှိသည့် စီးပွားရေးဆိုင်ရာ သက်ရောက်မှုများနှင့် ပတ်သက်၍ ဆောင်ရွက်ရန်ကိစ္စရပ်များကို ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေများကို စိစစ်ထုတ်ပေးလျက်ရှိရာ ခုနစ်ကြိမ် ထုတ်ပေးနိုင်ခဲ့ပြီး မြန်မာပြည်တစ်ဝန်းရှိ လုပ်ငန်းပေါင်း ၃၃၉၃ ခုသို့ ချေးငွေ ၁၀၁ ဒသမ ၁၂၈ ဘီလီယံ ထုတ်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ဒုတိယအကြိမ် ချေးငွေများထုတ်ပေးရာတွင် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနမှ ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၃ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည့် ကြေညာချက် အမှတ် (၂/၂၀၂၀)နှင့်အညီ ရန်ပုံငွေများကို ကျပ်ဘီလီယံ ၁၀၀ ကို ပထမအရစ် ကျပ် ၃၅ ဘီလီယံ၊ ဒုတိယအရစ် ကျပ် ၃၅ ဘီလီယံ၊ တတိယအရစ် ကျပ် ၃၀ ဘီလီယံ အစီအစဉ်အတိုင်း ခွဲဝေအသုံးပြုသွားမည် ဖြစ်ပါကြောင်း၊ မိမိတို့ကော်မတီ၏ ပင်မလုပ်ငန်းတာဝန်များ၊ ဒုတိယအကြိမ်ထုတ်ပေးမည့် ချေးငွေဆိုင်ရာ လုပ်ငန်းကိစ္စရပ်များနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးဆုံးဖြတ်ပေးကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသူများက လုပ်ငန်းကော်မတီက ဆောင်ရွက်ခဲ့သည့် လုပ်ငန်းစဉ်များအပေါ် ပြန်လည်သုံးသပ်ညှိနှိုင်းကြပြီး ဒုတိယအကြိမ် ကိုဗစ်-၁၉ ရန်ပုံငွေ ထပ်မံလျာထားရာတွင် ချေးငွေထုတ်ပေးမည့် လုပ်ငန်းကဏ္ဍများ သတ်မှတ်ရေး၊ ချေးငွေရယူထားသည့် လုပ်ငန်းများက ချေးငွေအသုံးပြုမှုအပေါ် စိစစ်ကြပ်မတ်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီက ပေးပို့လာသည့် ကိစ္စရပ်များ၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများက အဆိုပြုတင်ပြလာသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ဒုတိယအကြိမ် ချေးငွေထုတ်ပေးရာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းထုတ်လုပ်သည့် လုပ်ငန်းများ၊ ပြည်ပပို့ကုန်ထုတ်လုပ်သည့် ကုန်ထုတ်လုပ်ငန်းများ၊ သွင်းကုန် အစားထိုးပစ္စည်း ထုတ်လုပ်သည့် ကုန်ထုတ်လုပ်ငန်းများ၊ ပြည်တွင်းထုတ်လုပ်မှုမှ ပြည်ပတင်ပို့သည်အထိ ထုတ်လုပ်မှုကွင်းဆက် (Supply Chain)တစ်လျှောက် ပါဝင်ဆောင်ရွက်သည့် လုပ်ငန်းများ၊ စားသောက်ကုန်ထုတ်လုပ်သည့် ကုန်ထုတ်လုပ်ငန်းများ၊ ပြည်ပအလုပ်အကိုင် ဝန်ဆောင်မှုလုပ်ငန်းများနှင့် အသက်မွေးဝမ်းကျောင်း ပညာသင်ကျောင်းများသို့ ထုတ်ပေးရေးဆောင်ရွက်ပေးသွားရန်နှင့် ချေးငွေထုတ်ပေးမှုများ မြန်ဆန်သွက်လက်စေရေးအတွက် မြန်မာ့စီးပွားရေးဘဏ်မှ ထုတ်ပေးမှုအပြင် ပုဂ္ဂလိကဘဏ်များမှတစ်ဆင့်လည်း ထုတ်ပေးနိုင်ရေး ဆောင်ရွက်သွားရန် ဆွေးနွေးဆုံးဖြတ်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံရေးပါတီများ ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခွင့်နှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၁၃၈ / ၂၀၂၀ )**
**၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၄ ရက်**
**( ၂၀၂၀ ပြည့်နှစ် ၊ ဇူလိုင်လ ၂၃ ရက် )**
**နိုင်ငံရေးပါတီများ ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခွင့်**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီတည်ထောင်ခွင့်ပြုခြင်း၊ မှတ်ပုံတင်ခွင့်ပြုခြင်းများကို စိစစ်ဆောင်ရွက်ပေးခဲ့ပြီး ၁-၇-၂၀၂၀ ရက်စွဲပါ ကြေညာချက်အမှတ် (၁၁၅/၂၀၂၀) ဖြင့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်ဖြစ်ကြောင်း သတ်မှတ်ကြေညာပြီး ဖြစ်ပါသည်။

၂။ နိုင်ငံရေးပါတီများအနေဖြင့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးရန်အလို့ငှာ မိမိတို့ပါတီ၏ မူဝါဒသဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို နိုင်ငံပိုင်ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြချက်များအား ၈-၉-၂၀၂၀ ရက်နေ့မှ ၆-၁၁-၂၀၂၀ ရက်နေ့အထိ ခွင့်ပြုပေးရန် စီစဉ်ထားရှိပါသည်။

၃။ နိုင်ငံရေးပါတီများက နိုင်ငံပိုင်ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြလိုလျှင် သက်ဆိုင်ရာ ပါတီဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူးသည် ၂၂-၈-၂၀၂၀ ရက်နေ့ နောက်ဆုံးထား၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ဟောပြောတင်ပြလိုသည့် စာမူနှင့်အတူ သက်ဆိုင်ရာပါတီမှ ဟောပြောစည်းရုံးမည့် ပုဂ္ဂိုလ်အမည်၊ တာဝန်၊ ဆက်သွယ်ရန် ဖုန်းနံပါတ်တို့ကို ဖော်ပြ၍ ခွင့်ပြုမိန့်လျှောက်ထားရပါမည်။ ခွင့်ပြုမိန့်လျှောက်ထားသည့် စာမူသည် Pyidaungsu Font Size 13 ဖြင့် $(A_4)$ အရွယ်အစားစက္ကူ (၇) မျက်နှာထက် မပိုစေရ။ ပါတီ၏ တေးသီချင်းများ (ရုပ်/သံပါ) ထည့်သွင်းလိုပါက သီချင်းခွေ ၂ ခွေနှင့်အတူ သီချင်းစာသားကိုပါ ပေးပို့ရပါမည်။ နိုင်ငံပိုင်ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ မဲဆွယ်စည်းရုံးဟောပြောခြင်းမပြုလိုပါက မပြုလိုကြောင်း အကြောင်းကြားစာ ပေးပို့ရပါမည်။

၄။ နိုင်ငံပိုင်ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောခွင့်ပြုရန် လျှောက်ထားကြသည့် နိုင်ငံရေးပါတီများအား အဆင်ပြေစွာ အလှည့်ကျ ဟောပြောတင်ပြနိုင်စေရန်အတွက် နိုင်ငံရေးပါတီ တစ်ခုချင်းအလိုက် ဟောပြောတင်ပြခွင့်ရရှိသည့် နေ့ရက်နှင့် အချိန်ဇယားကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများနှင့် ညှိနှိုင်းသတ်မှတ်ပေးပါမည်။

၅။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ဟောပြောတင်ပြလိုသည့် စာမူကို လိုအပ်သလိုစိစစ်ပြီး -

(က) ခွင့်ပြုမိန့်ထုတ်ပေးခြင်း သို့မဟုတ် ပြန်လည်ပြင်ဆင်ရေးသားစေပြီး ခွင့်ပြုမိန့် ထုတ်ပေးခြင်း ပြုပါမည်။

( ခ ) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သတ်မှတ်သော နေ့ရက်၊ အချိန်ဇယားနှင့်အညီ ခွင့်ပြုသည့် နေ့ရက်၊ အချိန်အပိုင်းအခြားနှင့် ဟောပြောရန် ခွင့်ပြုသည့် ပုဂ္ဂိုလ်၏အမည်ကို ခွင့်ပြုမိန့်တွင် ဖော်ပြပေးပါမည်။

( ဂ ) ပြန်လည်ပြင်ဆင်ရေးသားရန်အတွက် ရိုက်ကူးမည့်နေ့မတိုင်မီ လျှောက်ထားသူထံ အကျိုးအကြောင်းဖော်ပြလျက် အကြောင်းပြန်ကြားပေးပါမည်။

၆။ နိုင်ငံပိုင်ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောရာတွင် နိုင်ငံရေးပါတီတစ်ခုအား -

(က) ဟောပြောချိန် ၁၅ မိနစ်အထိ ခွင့်ပြုပေးပါမည်။

(ခ) ပါတီ၏တေးသီချင်းများကို ထုတ်လွှင့်လိုပါက ဟောပြောရန် ခွင့်ပြုသည့် သတ်မှတ်ချိန် ၁၅ မိနစ် အတွင်းသာ ထုတ်လွှင့်ခွင့်ပြုပါမည်။

(ဂ) ဟောပြောစည်းရုံးမှုအား မြန်မာဘာသာဖြင့်ဖြစ်စေ၊ တိုင်းရင်းသားဘာသာဖြင့်ဖြစ်စေ စည်းရုံးဟောပြောခွင့်ပြုပါမည်။ တိုင်းရင်းသားဘာသာဖြင့် ဟောပြောစည်းရုံးမည်ဆိုပါက မြန်မာဘာသာဖြင့်လည်း ပူးတွဲတင်ပြရမည်ဖြစ်ပါသည်။

၇။ နိုင်ငံရေးပါတီများသည် နိုင်ငံပိုင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြရာတွင် အောက်ဖော်ပြပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း မပြုရပါ -

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထိခိုက်စေသည့် ဟောပြောမှုပြုလုပ်ခြင်း၊

( ခ ) လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အေးချမ်းသာယာရေးကို ထိခိုက်စေသည့် ဟောပြောမှု ပြုလုပ်ခြင်း၊

( ဂ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများကို လေးစားလိုက်နာမှုမရှိသော ဟောပြောမှု ပြုလုပ်ခြင်း၊

(ဃ) နိုင်ငံတော်အား အကြည်ညိုပျက်စေရန် သို့မဟုတ် ဂုဏ်သိက္ခာ ထိပါးစေရန် ဟောပြောမှု ပြုလုပ်ခြင်း၊

( င ) တပ်မတော်ပြိုကွဲရေးကို ဖြစ်ပေါ်စေရန် သို့မဟုတ် တပ်မတော်၏ ဂုဏ်သိက္ခာကို ထိခိုက်စေရန် ဟောပြောမှုပြုလုပ်ခြင်း၊

( စ ) လူမျိုးရေး သို့မဟုတ် ဘာသာရေး သို့မဟုတ် လူတစ်ဦးချင်း သို့မဟုတ် လူအများနှင့်ပတ်သက်၍ ပဋိပက္ခဖြစ်ပေါ်စေနိုင်သည့်၊ သိက္ခာနှင့် ကိုယ်ကျင့်တရားကို ထိခိုက်စေနိုင်သည့် ဟောပြောမှု သို့မဟုတ် စည်းရုံးလှုံ့ဆော်မှု ပြုလုပ်ခြင်း၊

(ဆ) ဘာသာရေးကို နိုင်ငံရေးအတွက် အလွဲသုံးစားမှုပြုသော ဟောပြောမှုပြုလုပ်ခြင်း၊

( ဇ ) ငြိမ်းချမ်းစွာ ပညာသင်ကြားရေးကို ထိခိုက်ပျက်ပြားစေရန် သွေးထိုးလှုံ့ဆော်ဟောပြောမှု ပြုလုပ်ခြင်း၊

( ဈ ) နိုင်ငံ့ဝန်ထမ်းများအား ယင်းတို့၏ တာဝန်ကိုကျေပွန်စွာ မထမ်းဆောင်နိုင်စေရန် သို့မဟုတ် အစိုးရအား ဆန့်ကျင်ဆန္ဒပြစေရန် သွေးထိုးလှုံ့ဆော် ဟောပြောမှု ပြုလုပ်ခြင်း။

၈။ နိုင်ငံရေးပါတီများသည် မိမိတို့၏ မူဝါဒသဘောတရားနှင့်အညီ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော မြန်မာနိုင်ငံတော်ကြီးဖြစ်ပေါ်လာအောင် မည်သို့ဆောင်ရွက်ဖော်ဆောင်မည်ကို ဥပဒေများနှင့်အညီ မဲဆွယ်စည်းရုံးဟောပြောကြရမည် ဖြစ်ပါသည်။

၉။ သို့ဖြစ်၍ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ်စေရေးအတွက် နိုင်ငံရေးပါတီများသည် မဲဆွယ်စည်းရုံးရန် ကိစ္စအလို့ငှာ မိမိတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုင်ငံပိုင်ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြမှုများ ပြုလုပ်ကြရာတွင် ဤကြေညာချက်နှင့်အညီ ဆောင်ရွက်ကြရန် ဖြစ်ပါသည်။

(လှသိန်း)
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားခြင်းကို ပယ်ဖျက်၍ ပါတီအား ဖျက်သိမ်းခြင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၁၃၉ / ၂၀၂၀ )**
**၁၃၈၂ ခုနှစ် ၊ ဒုတိယဝါဆိုလဆန်း ၄ ရက်**
**( ၂၀၂၀ ပြည့်နှစ် ၊ ဇူလိုင်လ ၂၃ ရက် )**
**နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားခြင်းကို ပယ်ဖျက်၍ ပါတီအား ဖျက်သိမ်းခြင်း**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် **ပြည်သူ့ဒီမိုကရေစီပါတီ (People Democracy Party)** ကို မှတ်ပုံတင်အမှတ် (၄၃)၊ ၂၃-၉-၂၀၁၁ ရက်စွဲပါ ကြေညာချက်အမှတ် (၄၉/၂၀၁၁) ဖြင့် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခဲ့ပါသည်။

၂။ **ပြည်သူ့ဒီမိုကရေစီပါတီ (People Democracy Party)**ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းအား ၁၈-၇-၂၀၁၇ ရက်နေ့မှ ၁၇-၇-၂၀၂၀ ရက်နေ့အထိ ၃ နှစ် ယာယီရပ်ဆိုင်း၍ ပါတီတွင်းကိစ္စရပ်များအား ပြေလည်အောင် ဖြေရှင်းဆောင်ရွက်သွားရန် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၄(ဂ)နှင့်အညီ ညွှန်ကြားခဲ့ပါသည်။ သို့ရာတွင် ရပ်ဆိုင်းထားသည့်ကာလကုန်ဆုံးသည်အထိ ပါတီတွင်းကိစ္စရပ်များအား ပြေလည်အောင် ဖြေရှင်းဆောင်ရွက်ခြင်းမရှိသည့်အပြင် ပါတီဖွဲ့စည်းပုံစည်းမျဉ်းနှင့်အညီ ပါတီဥက္ကဋ္ဌတစ်ဦးအား ပါတီညီလာခံကျင်းပပြုလုပ်၍ ရွေးချယ်တင်မြှောက်ခြင်းတို့ကို ကော်မရှင်က ညွှန်ကြားသည့်အတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း စိစစ်တွေ့ရှိရပါသဖြင့် ၂၃-၇-၂၀၂၀ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် စုံညီလုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၂၄/ ၂၀၂၀)၌ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၄(င)အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်၍ ပါတီကို ဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားသည့် **ပြည်သူ့ဒီမိုကရေစီပါတီ (People Democracy Party)** ကို ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၃ ရက်နေ့မှစ၍ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှပယ်ဖျက်၍ ပါတီအား ဖျက်သိမ်းလိုက်သည်။

(လှသိန်း)
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# သီပေါမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ရပ်ကွက်၊ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲနှင့် တွေ့ဆုံ မဲစာရင်းကြေညာရေးသင်တန်းဖွင့်

**သီပေါ ဇူလိုင် ၂၃**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ကြီးမှူး၍ ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင် အဖွဲ့ခွဲဝင်များတွေ့ဆုံခြင်းနှင့် ပထမအကြိမ်မဲစာရင်းကြေညာရေးသင်တန်းဖွင့်ပွဲကို ယမန်နေ့က မြို့နယ်အစည်းအဝေးခန်းမ၌ကျင်းပရာ ကျေးရွာအုပ်စု ၆၇ အုပ်စုနှင့် ရပ်ကွက် ၁၁ ရပ်ကွက်တို့မှ ကော်မရှင်အဖွဲ့ခွဲဝင်များတက်ရောက်ကြပြီး ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ကာ အခမ်းအနားကို လူစုလူဝေးမဖြစ်စေရေးအတွက် နှစ်ကြိမ်ခွဲကျင်းပသည်။

**ရှင်းလင်းဆွေးနွေး**

ရှေးဦးစွာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိုင်းသာလှိုင်က အမှာစကားပြောကြားပြီး မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးဆန်းမင်းထွဋ်က မဲစာရင်းနှင့်စပ်လျဉ်းသည့် အချက်အလက်များကို လည်းကောင်း၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူး ဦးစိုင်းမင်းလွင်က မဲရုံ၊ မဲစာရင်းကပ်ထားကြေညာခြင်းနှင့်ပတ်သက်သော ဆောင်ရွက်ချက်များ၊ နည်းဥပဒေပါပုံစံများကို ပါဝါပွိုင့်ဖြင့် လည်းကောင်း ရှင်းလင်းဆွေးနွေးသည်။

**ဆွေးနွေးညှိနှိုင်း**

ထို့နောက် သင်တန်းသို့တက်ရောက်လာကြသော ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများက သိရှိလိုသည်များကို တင်ပြဆွေးနွေးညှိနှိုင်းကြပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌက နိဂုံးချုပ်စကားပြောကြားကာ အခမ်းအနားကိုရုပ်သိမ်းခဲ့ကြောင်း သိရသည်။

စိုင်း(သီပေါ)

# အခြေခံ ရည်ညွှန်းစပါးဈေးနှုန်း ထုတ်ပြန်ကြေညာ

**အခြေခံ ရည်ညွှန်းစပါးဈေးနှုန်း ထုတ်ပြန်ကြေညာချက်**
**ကြေညာချက်အမှတ် (၁/၂၀၂၀)**
**၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၃ ရက်**

၁။ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စပါးသီးနှံစိုက်ပျိုးထုတ်လုပ်သော တောင်သူလယ်သမားများအတွက် သင့်တင့်မျှတသော ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်စေရေးအတွက် စိုက်ပျိုးထုတ်လုပ်မည့် စပါးသီးနှံအတွက် အခြေခံ ရည်ညွှန်းစပါးဈေးနှုန်းကို အောက်ပါအတိုင်း ထုတ်ပြန်ကြေညာလိုက်သည်။

၂။ အစိုဓာတ် (၁၄) ရာခိုင်နှုန်းရှိ၍ အဖျင်းအမှော်၊ ဖုန်၊ သဲ၊ ခဲ ကင်းစင်ပြီး အရည်အသွေးဆိုင်ရာ သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီသည့် တစ်တင်း (၄၆) ပေါင်ကိုက် စပါးတင်း(၁၀၀)၏ အခြေခံရည်ညွှန်းဈေးနှုန်းကို (၅၂၀,၀၀၀) ကျပ် သတ်မှတ်လိုက်သည်။

၃။ ဈေးကွက်ပေါက်ဈေးသည် အခြေခံရည်ညွှန်းစပါးဈေးနှုန်း အပေါ်တွင်ဖြစ်ပါက ဈေးကွက်ပေါက်ဈေးအတိုင်း ဝယ်ယူရန်နှင့် ဈေးကွက်ပေါက်ဈေးသည် အခြေခံရည်ညွှန်းဈေးနှုန်းအောက်တွင်ဖြစ်ပါက အခြေခံဈေးနှုန်းအတိုင်း ဝယ်ယူရမည်ဖြစ်ပါသည်။ ယခုသတ်မှတ်သော အခြေခံ ရည်ညွှန်းစပါးဈေးနှုန်းသည် ၂၀၂၀ ပြည့်နှစ် မိုးစပါးနှင့် ၂၀၂၁ ခုနှစ် နွေစပါးတို့အတွက် ရည်ရွယ်ဆောင်ရွက်ခြင်း ဖြစ်ပါသည်။

၄။ အခြေခံရည်ညွှန်းဈေးနှုန်းဖြင့် ရောင်းချရန် အခက်အခဲရှိသော တောင်သူလယ်သမားများအနေဖြင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၏ မြို့နယ်ကိုယ်စားလှယ်များသို့ဖြစ်စေ၊ အသင်းချုပ် ရုံးချုပ်(ဖုန်း၊ ၀၁-၂၃၀၁၁၂၈၊ ၀၁- ၂၃၀၁၁၂၉ ၊ ၀၁- ၂၁၈၂၆၆ )သို့ဖြစ်စေ ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

**တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့်**
**အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့**

# ပြည်သူသာလျှင် အဓိက

## မြန်မာနိုင်ငံတိုင်းရင်းဆေးပညာကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂၃**

မြန်မာနိုင်ငံတိုင်းရင်းဆေးပညာကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး ကိစ္စရပ်များ ဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၌ Video conferencing စနစ်ဖြင့် ပြုလုပ်သည်။

အစည်းအဝေး၌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး က မြန်မာနိုင်ငံသူ၊ နိုင်ငံသားများ ရှေးအစဉ်အဆက်မှ ယခုအထိ အားကိုးအားထားပြုသော မြန်မာနိုင်ငံတိုင်းရင်းဆေးပညာကဏ္ဍတစ်ခုလုံး ခေတ်နှင့်အညီ၊ သိပ္ပံနည်းကျစွာ သုတေသန တွေ့ရှိချက်များကို အခြေခံ၍ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး ကိစ္စရပ်သည် အထူးအရေးကြီးပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် တိုင်းရင်းဆေးပညာကဏ္ဍ ပိုမိုတိုးတက်မြင့်မားရေးအတွက် တိုင်းရင်းဆေး တက္ကသိုလ်တွင် ဝန်ကြီးဌာန၏ သမိုင်းတစ်လျှောက် ပထမဆုံးအကြိမ်အဖြစ် အငြိမ်းစား တိုင်းရင်းဆေး ပညာရှင်ကြီးများအား Professor Emeritus များ၊ ဂုဏ်ထူးဆောင် ပါမောက္ခများ၊ ဂုဏ်ထူးဆောင် ကထိကများအဖြစ် ခန့်အပ်တာဝန်ပေးကာ ၎င်းတို့၏ အတွေ့အကြုံများ၊ အသိပညာများကို တိုင်းရင်းဆေးပညာ ဘွဲ့ကြိုနှင့် ဘွဲ့လွန် သင်တန်းသူ/ သားများထံ ဟောပြောပို့ချခြင်း၊ တက္ကသိုလ်ဘက်စုံပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြံပြုချက်များ ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း။

တိုင်းရင်းဆေးပညာရှင်ကြီးများ ပါဝင်သော တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့ကိုလည်း ဖွဲ့စည်းခဲ့ကာ တိုင်းရင်းဆေးပညာကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြံပြုချက်များရယူခဲ့ပါကြောင်း၊ ယခုဆွေးနွေးပွဲတွင် တက်ရောက်လာသော တိုင်းရင်းဆေး ပညာရှင်ကြီးများ၊ ဦးစီးဌာနမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး/ ပြည်နယ် အဆင့် တာဝန်ရှိသူများ၊ တိုင်းရင်းဆေးတက္ကသိုလ်မှ ဆရာ၊ ဆရာမများ၊ တိုင်းရင်းဆေးရုံများမှ ဆေးရုံအုပ်များ အားလုံးတို့က ပွင့်လင်းစွာဖြင့် ဆွေးနွေး ပြောကြားကြစေလိုပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် တိုင်းရင်းဆေးပညာကဏ္ဍ ကိစ္စရပ်များတွင် ကောင်းမွန်သောစနစ်တစ်ခုဖြစ်ထွန်း အခြေကျစေရန် ဆက်လက်ပံ့ပိုး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ တိုင်းရင်းဆေးလောက ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းဆေးပညာ တက္ကသိုလ်၏ အခန်းကဏ္ဍသည် အရေးကြီးပြီး တက္ကသိုလ်၏ သင်ရိုးညွှန်းတမ်းနှင့် သင်ကြားမှုနည်းစနစ်များကို ခေတ်နှင့်အညီ ပြုပြင်ပြောင်းလဲစေလိုပါကြောင်း။

တိုင်းရင်းဆေး တက္ကသိုလ်မှ ဘွဲ့ကြိုနှင့် ဘွဲ့လွန် ကျောင်းသူ/ သားများအနေဖြင့် ပရဆေးဥယျာဉ်များနှင့် တိုင်းရင်းဆေးထုတ်လုပ်ရေး စက်ရုံများသို့ ကွင်းဆင်းလေ့လာပြီး သုံးသပ်မှုများကို စနစ်တကျပြုလုပ်ရန်မှာ အထူးအရေးကြီးပါကြောင်း၊ တိုင်းရင်းဆေးတက္ကသိုလ် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပါမောက္ခချုပ်နှင့် ဆရာ၊ ဆရာမများအနေဖြင့် သမားရိုးကျမှ ဖောက်ထွက်သော ဆန်းသစ်သည့် အတွေးအမြင်များဖြင့် အမြဲတမ်းပုံမှန် တိုင်ပင်ဆွေးနွေးမှုများ ပြုလုပ်ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ပံ့ပိုးဖြည့်ဆည်းရန် လိုအပ်သည့် ကိစ္စရပ်များကိုသာ ဦးစီးဌာနသို့ တင်ပြရန်နှင့် မူဝါဒရေးရာကိစ္စရပ်များကိုသာ ဝန်ကြီးဌာနတာဝန်ရှိသူများထံ တင်ပြရန်ဖြစ်ပါကြောင်း၊ တိုင်းရင်းဆေးဝါးများ၏ အစွမ်းအာနိသင် ထက်မြက်မှုကိုသာမက ဆေးအချိန် အဆပမာဏ၊ သောက်သုံးရမည့်ကာလနှင့် ဘေးအန္တရာယ်ကင်းရှင်းမှုဆိုင်ရာများကို တိုင်းရင်းဆေးရုံများ၌ သုတေသနပြုလုပ်ရမည်ဖြစ်ပါကြောင်း၊ တိုင်းရင်းဆေး သုတေသန ပြုလုပ်ခြင်းမရှိပါက တိုင်းရင်းဆေးလောက တိုးတက်နိုင်မည် မဟုတ်ပါကြောင်း။

တိုင်းရင်းဆေး ပညာရပ်များ တိမ်မြုပ်ပျောက်ကွယ်ခြင်းမရှိစေရေး လက်ဆင့်ကမ်းပညာ သင်ကြားပေးခြင်းများနှင့် အစွမ်းအာနိသင် ထက်မြက်သော တိုင်းရင်းဆေးဝါးများ ဖော်ထုတ်မှုများကိုလည်း တိုင်းရင်းဆေး ပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့၏ ပံ့ပိုးမှုဖြင့် ပြုလုပ်စေလိုပါကြောင်း၊ နိုင်ငံတကာတွင် သက်ဆိုင်ရာ နိုင်ငံအလိုက် တိုင်းရင်းဆေး ပညာကဏ္ဍဖွံ့ဖြိုးတိုးတက်မှု၊ သုတေသနတွေ့ရှိမှုများကို သိရှိနိုင်ရန်အတွက် တိုင်းရင်းဆေးတက္ကသိုလ်၌ အဖွဲ့တစ်ခုဖွဲ့စည်းကာ အင်တာနက်မှ အမြဲတမ်း ရှာဖွေသုံးသပ်ရမည် ဖြစ်ပါကြောင်း၊ တိုင်းရင်းဆေးပညာ တက္ကသိုလ်အနေဖြင့် နိုင်ငံတကာ တက္ကသိုလ်များ၊ အဖွဲ့အစည်းများနှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပြီး ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုပြုလုပ်စေလိုပါကြောင်း၊ အထူးသဖြင့် ပူးပေါင်းဆောင်ရွက်မှု သုတေသနများကို တက္ကသိုလ်များ၊ အဖွဲ့အစည်းများ၊ ဆေးဝါးထုတ်လုပ်သူများနှင့်ပူးပေါင်း၍ ပိုမိုပြုလုပ်စေလိုပါကြောင်း၊ သုတေသနလုပ်ငန်းများအတွက်လည်း ဝန်ကြီးဌာနမှ ဘဏ္ဍာငွေ ပံ့ပိုးနိုင်ပါကြောင်း၊ တိုင်းရင်းဆေးပညာဦးစီးဌာနနှင့် တိုင်းရင်းဆေးပညာတက္ကသိုလ်တို့မှ တာဝန်ရှိသူများအနေဖြင့် ဆေးသုတေသနဦးစီးဌာန (ရန်ကုန်) နှင့် ပြင်ဦးလွင်ရုံးခွဲတို့သို့ သွားရောက်လေ့လာသကဲ့သို့ ဆေးသုတေသနဦးစီးဌာနမှ သုတေသီပညာရှင်များကလည်း အပြန်အလှန် ပူးပေါင်း ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ တိုင်းရင်းဆေးပညာတက္ကသိုလ်၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ဆေးတက္ကသိုလ် (မန္တလေး) နှင့် ဆေးဝါးတက္ကသိုလ် (မန္တလေး) တို့မှ တာဝန်ရှိသူများ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့ဝင်များ၊ တိုင်းရင်းဆေးရုံများမှ ဆေးရုံအုပ်များပါဝင်သည့် နိုင်ငံတော်အဆင့် အလုပ်ရုံဆွေးနွေးပွဲတစ်ခုကို မကြာမီကာလအတွင်း ပြုလုပ်ကာ လမ်းပြမြေပုံ၊ မူဘောင်များနှင့် စီမံချက်များ ထွက်ပေါ်လာရေး ပြုလုပ်စေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းနှင့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်တင်လေးတို့က အမှာစကား ပြောကြားသည်။

ယင်းနောက် တိုင်းရင်းဆေးပညာဦးစီးဌာန၊ ခေတ္တညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာခင်ဇော်က တိုင်းရင်းဆေး တက္ကသိုလ်နှင့် တိုင်းရင်းဆေးစက်ရုံ (မန္တလေး) တို့သို့ ကွင်းဆင်း သွားရောက်ခဲ့ရာတွင် တွေ့ရှိခဲ့မှုများနှင့် အားဖြည့်ဆောင်ရွက်ရမည်များကို တင်ပြသည်။

ထို့နောက် တိုင်းရင်းဆေးပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် တာဝန်ရှိသူများ၊ တိုင်းရင်းဆေးတက္ကသိုလ်မှ ခေတ္တပါမောက္ခချုပ်နှင့် ဆရာ၊ ဆရာမများ၊ တိုင်းရင်းဆေးရုံများမှ ဆေးရုံအုပ်များ၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာန၊ ဆေးတက္ကသိုလ် (မန္တလေး) နှင့် ဆေးဝါးတက္ကသိုလ် (မန္တလေး) တို့မှ တာဝန်ရှိသူများက မြန်မာနိုင်ငံတိုင်းရင်းဆေးပညာ ကဏ္ဍပိုမိုဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို ကဏ္ဍအလိုက် ဆွေးနွေးအကြံပြုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး မြန်မာနိုင်ငံတိုင်းရင်းဆေးပညာကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး ကိစ္စရပ်များ ဆွေးနွေးပွဲ တက်ရောက်စဉ်။

### အတိုးနှုန်းသက်သာသည့်ချေးငွေ လျှောက်ထားနိုင်ကြောင်း အသေးစား ငွေရေးကြေးရေး အဖွဲ့အစည်းများသို့ အသိပေးကြေညာချက်

၁။ COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီ၏ ၂၇-၅-၂၀၂၀ ရက်နေ့ အစည်းအဝေး ဆုံးဖြတ်ချက်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး၏ ခွင့်ပြုချက်အရ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအတွင်း "အခြေတကျ ဆိုင်ဖွင့်လှစ်ရောင်းချလျက်ရှိသော လက်ဖက်ရည်ဆိုင်နှင့် စားသောက်ဆိုင်ငယ်များ" အား ကာလတို (၁) နှစ်သက်တမ်းရှိ ရင်းနှီးမတည်ငွေ (ချေးငွေ) ကို အတိုးနှုန်းသက်သာစွာ ထုတ်ချေးသွားမည် ဖြစ်ပါသည်။

၂။ ချေးငွေထုတ်ချေးမည့် အစီအစဉ်မှာ မြန်မာ့စီးပွားရေးဘဏ်မှတစ်ဆင့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများသို့ ချေးငွေသက်တမ်း (၁)နှစ်၊ တစ်နှစ်လျှင်အတိုးနှုန်း ၁% ဖြင့် ထုတ်ချေးပြီး အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများမှ COVID-19 ကြောင့် ထိခိုက်မှုရှိသည့် လက်ဖက်ရည်ဆိုင်နှင့် စားသောက်ဆိုင်ငယ်များသို့ ချေးငွေသက်တမ်း (၁)နှစ်၊ တစ်နှစ်လျှင် အတိုးနှုန်း ၂% ဖြင့် ထုတ်ချေးပေးရေး ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၃။ အထက်ပါ ချေးငွေအစီအစဉ်တွင် ပါဝင်ဆောင်ရွက်လိုသည့် လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ရရှိထားသော အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများသည် ချေးငွေလျှောက်လွှာပုံစံနှင့်အတူ ပူးတွဲတင်ပြရမည့် အထောက်အထား၊ စာရွက်စာတမ်းစာရင်းကို ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၏ Website: www.frd.gov.mm တွင် ရယူ၍ ပြည်စုံစွာဖြည့်စွက်ပြီး မြန်မာနိုင်ငံအသေးစား ငွေရေးကြေးရေးလုပ်ငန်းများကူညီမှုအသင်းမှတစ်ဆင့် ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသို့ (၇-၈-၂၀၂၀) ရက်နေ့ နောက်ဆုံးထား၍ ပေးပို့လျှောက်ထားနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန**

### စီးပွားရေးချေးငွေ လျှောက်ထားနိုင်ကြောင်း အသေးစား ငွေရေးကြေးရေးအဖွဲ့အစည်းများသို့ အသိပေးကြေညာခြင်း

၁။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်အရ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများသို့ ချေးငွေသက်တမ်း (၃) နှစ်ရှိ စီးပွားရေးချေးငွေကို အပေါင်ပစ္စည်းပေးအပ်နိုင်လျှင် တစ်နှစ်အတိုးနှုန်း ၉.၀% နှင့် အပေါင်ပစ္စည်းမပေးအပ်နိုင်လျှင် တစ်နှစ်အတိုးနှုန်း ၁၁.၅% ဖြင့် မြန်မာ့စီးပွားရေးဘဏ်မှ တစ်ဆင့် ထုတ်ချေးမည်ဖြစ်ပါသည်။

၂။ အထက်ပါ စီးပွားရေးချေးငွေ ရယူလိုသည့် လုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ရရှိထားသော အသေးစား ငွေရေးကြေးရေး အဖွဲ့အစည်းများသည် ချေးငွေလျှောက်လွှာပုံစံနှင့်အတူ ပူးတွဲတင်ပြရမည့် အထောက်အထား၊ စာရွက်စာတမ်းစာရင်းကို ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၏ Website: www.frd.gov.mm တွင် ရယူ၍ ပြည့်စုံစွာဖြည့်စွက်ပြီး မြန်မာနိုင်ငံအသေးစားငွေရေးကြေးရေး လုပ်ငန်းများကူညီမှုအသင်းမှတစ်ဆင့် ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသို့ (၇-၈-၂၀၂၀) ရက်နေ့ နောက်ဆုံးထား၍ ပေးပို့လျှောက်ထားနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန**

### အသိပေး ထုတ်ပြန်

**နေပြည်တော် ဇူလိုင် ၂၃**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အနေဖြင့် လက်ရှိအသုံးပြုနေသော အီးမေးလ်လိပ်စာ myanmaracc 2014@gmail.com အစား accm@accm.gov.mm အား ၂၂-၆-၂၀၂၀ ရက်နေ့မှ စတင်၍ ပြောင်းလဲအသုံးပြုလျက်ရှိကြောင်း အသိပေးထုတ်ပြန်ထားသည်။

**မြန်မာ့အလင်း**

❇ *ကျောဖုံးမှ*

ဆုံးရှုံးမှုတန်ဖိုးကို ပေးလျော်စေရန် ဥပဒေပုဒ်မ ၅၃(စ)နှင့် နည်းဥပဒေ ၂၁၀ နည်းဥပဒေခွဲ (စ)တို့တွင် ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရပါကြောင်း၊ ယင်းပြဋ္ဌာန်းချက်အရ နိုင်ငံ့ဘဏ္ဍာ အလွဲသုံးစားလုပ်သည့် ဝန်ထမ်းအပေါ် ဌာနဆိုင်ရာအရေးယူမှုတွင် ပြစ်ဒဏ်တစ်ရပ်ရပ်ချမှတ်ပြီး ဆုံးရှုံးမှုတန်ဖိုးကို ပေးလျော်စေခြင်းသည် နိုင်ငံ့ဘဏ္ဍာ မဆုံးရှုံးစေရေးအတွက် ပြန်လည်ရရှိအောင် ဆောင်ရွက်ခြင်းနှင့် နောင်အလားတူကိစ္စမျိုး မဖြစ်နိုင်စေရန် တားဆီးကာကွယ်ခြင်းလည်း ဖြစ်နိုင်ပါကြောင်း။

သို့ပါ၍ ပြည်သူ့ဝန်ထမ်းများသည် နိုင်ငံ့ဘဏ္ဍာကို အလွဲသုံးစားပြုလုပ်ကြောင်း စစ်ဆေးပေါ်ပေါက်လာပါက အလွဲသုံးစားပြုလုပ်သော ငွေကြေးပမာဏအား ပြန်လည်ပေးလျော်စေခြင်းသည် ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေနှင့် ကိုက်ညီမှုမရှိဟု မဆိုနိုင်သော်လည်း အဂတိလိုက်စားမှုကို လျှော့ချနိုင်သည်ဟု ကောက်ယူရန် လုံလောက်မှုရှိနိုင်မည် မဟုတ်ပါကြောင်းနှင့် အဂတိလိုက်စားမှုများကို လျှော့ချရာတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေအရ အရေးယူအပြစ်ပေးခြင်းအပြင် အဂတိလိုက်စားမှု မဖြစ်ပေါ်မီ ကြိုတင်တားဆီးကာကွယ်ခြင်း နည်းလမ်းများကို ကျင့်သုံးမှသာ အဂတိလိုက်စားမှု လျှော့ချနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

## မြေငှားဂရန်ရရှိထားသူများအား စနစ်တကျ မြေနေရာ သတ်မှတ်ပေးခြင်း၊ အကွက်ရိုက်ချထားပေးခဲ့ခြင်းမရှိသော မြေကွက်ကျန်များအား စနစ်တကျ စီမံခန့်ခွဲခြင်းတို့ ဆောင်ရွက်သွားမည်

ပုသိမ်ကြီးမဲဆန္ဒနယ်မှ ဦးသောင်းဌေးလင်း၏ မန္တလေးမြို့ စက်မှုဇုန်အနီးကျေးရွာနေ ပြည်သူများ၏ ဒေသဖွံ့ဖြိုးရေးနှင့် အသစ်ပေါ်ထွက်လာသော ရပ်ကွက်ကြီးများနှင့် ပတ်သက်ပြီး မည်သို့စီမံဆောင်ရွက်ပေးမည်ကို သိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးညီထွန်းက စက်မှုဇုန်အနီးရှိ ဇီးအုပ်ကျေးရွာ၊ ကံကြီးကုန်း ကျေးရွာ၊ ရွာသစ်ကလေးကျေးရွာနှင့် ညောင်ပင်ကုန်းကျေးရွာ မြေနေရာတို့သည် ယခင် ပုသိမ်ကြီးမြို့နယ်တွင်ပါဝင်ပြီး မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ၏ ၁၉၉၈ ခုနှစ် မတ် ၆ ရက်ရက်စွဲပါအမိန့်အရ ကွင်းအမှတ် (၅၃၅)၊ (၅၁၈/က)၊ (၅၁၈/ခ) တို့ဖြစ်သော ဇီးအုပ်ကွင်း၊ ရေလောင်ကွင်းမြေနေရာများကို မြို့ကွက်သစ်ဖော်ထုတ်ရေး လုပ်ငန်းအဖွဲ့သို့ မန္တလေးမြို့ တိုးချဲ့မြေနေရာအဖြစ် လ/န (၃၉) ဖြင့် ခွင့်ပြုခဲ့ပါကြောင်း။

မန္တလေးမြို့တော် စည်ပင်သာယာရေးဥပဒေပုဒ်မ ၃(ည)၊ ၄၊ ၅ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ မန္တလေးမြို့တော် စည်ပင်သာယာရေးနယ်နိမိတ်အဖြစ် သတ်မှတ်ကြေညာခြင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဖွဲ့စည်းတာဝန်ပေးအပ်သောအဖွဲ့ဖြင့် ခွင့်ပြုဘဏ္ဍာငွေ အခြေအနေပေါ်မူတည်၍ မြို့ကွက်သစ်လမ်းများအား တိုင်းတာဖော်ထုတ်လမ်းခင်းခြင်း၊ လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ပေးခြင်း၊ ရေရရှိရေးဆောင်ရွက်ပေးခြင်း၊ တရားမဝင် ကျူးကျော်နေထိုင်သူ (၅၀၀၀) ကျော်အား ဥပဒေနှင့်အညီ ဖယ်ရှားရှင်းလင်းခြင်း၊ မြေငှားဂရန်ရရှိထားသူများအား စနစ်တကျ မြေနေရာသတ်မှတ်ပေးခြင်း၊ အကွက်ရိုက်ချထား ပေးခဲ့ခြင်းမရှိသော မြေကွက်ကျန်များအား စနစ်တကျ စီမံခန့်ခွဲခြင်းတို့ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

အသစ်ဖော်ထုတ်ခဲ့သော ပြည်ကြီးတံခွန်မြို့နယ် (၄)ရပ်ကွက်အတွင်းရှိ မူလ ဇီးအုပ်ကျေးရွာ၊ ကံကြီးကုန်းကျေးရွာ၊ ရွာသစ်ကလေးကျေးရွာနှင့် ညောင်ပင်ကုန်းကျေးရွာများမှ မူလရွာမြေအတွင်း နေထိုင်သူများသည် ဂရန်သစ်လျှောက်ထားလာပါက မြို့ပြအင်္ဂါရပ်နှင့် ညီညွတ်စေရန် တာဝန်ပေးဖွဲ့စည်းထားသော မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝင် ခေါင်းဆောင်သော လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများပါဝင်သော ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ဖြင့် ကွင်းဆင်းစစ်ဆေး၍ လိုအပ်သောလမ်းများ၏ အကျယ်ကို သတ်မှတ်ပြီး မြေငှားဂရန် လျှောက်ထားခွင့်ပြုပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်း၏ ပွင့်ဖြူမြို့နယ် မဲဇလီအုပ်စု လယ်မကျေးရွာအနောက်ဘက် ကွင်းအမှတ် (၇၃၁) ရှိ ယာမြေများအား ရာသီမရွေးစိုက်ပျိုးရေ ရရှိရန်အတွက် မုန်းချောင်းမှ လျှပ်စစ်ရေတင်စီမံကိန်းဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က မုန်းချောင်းမှ လျှပ်စစ်ဖြင့် ရေတင်စိုက်ပျိုးနိုင်ရေးအတွက် စီမံကိန်းဖြစ်မြောက်နိုင်စွမ်းအခြေအနေကို ကွင်းဆင်းဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ရန် စီမံခဲ့သော်လည်း ရန်ပုံငွေလျာထားပါဝင်မှု မရှိသည့်အတွက် မဆောင်ရွက်နိုင်ခဲ့သည့် အခြေအနေဖြစ်ပါကြောင်း၊ သို့ပါ၍ လာမည့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရေးကို စီမံပေးသွားမည်ဖြစ်ပါကြောင်း၊ ရန်ပုံငွေရရှိမှုနှင့်အညီ လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဖြေကြားချက်နှင့်အတူ ရှင်းလင်းဖြေကြားသည်။



အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်အဖွဲ့ဝင် ဦးအောင်သန်းမြင့်



မန်တုံမဲဆန္ဒနယ်မှ ဒေါ်နန်းမိုး



နေပြည်တော်ကောင်စီဝင် ဦးညီထွန်း



ပုသိမ်ကြီးမဲဆန္ဒနယ်မှ ဦးသောင်းဌေးလင်း

ဆက်လက်၍ ချီဖွေမဲဆန္ဒနယ်မှ ဦးဖုံးတိန့်၏ ချီဖွေမြို့ မြို့ပေါ်ရပ်ကွက် (၄)ခုနှင့် မြို့အနီးရှိရွာများတွင် နေထိုင်သော ပြည်သူများအတွက် ကျန်းမာရေးနှင့် ညီညွတ်သော သောက်သုံးရေသန့် လုံလောက်စွာရရှိရန် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးညီထွန်း ကလည်းကောင်း၊ ဝက်လက်မဲဆန္ဒနယ်မှ ဦးမြင့်သိန်း၏ ဝက်လက်မြို့နယ်ရှိ ကျေးရွာ (၆)ရွာ၏ ရေသောက်ကေ (၅၀၀၀) အတွက် တပ်ရွာမြေရေတင်စီမံကိန်းမှ ဝက်လက်မြို့နယ်သို့ ရေပေးဝေမည့် လက်တံ (၇) ရေပေးမြောင်းစနစ်အား ပြုပြင်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော် က လည်းကောင်း ရှင်းလင်းဖြေကြားကြသည်။

အလားတူ မင်းတုန်းမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းနု၏ မင်းတုန်းမြို့နယ် ကြို့ဝကျေးရွာအုပ်စု ငှက်ပျင်းကျေးရွာရှိ ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းအား အခြေခံပညာမူလတန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း၊ မက်မန်းမဲဆန္ဒနယ်မှ ဦးတင်အေး၏ မက်မန်းမြို့နယ်၊ အေးကျန့်ကျေးရွာအုပ်စု အခြေခံပညာမူလတန်းကျောင်း (နယ်ခြားစောင့်တပ်)တွင် (၆၀ ပေ x ၃၀ ပေ) တစ်ထပ် စာသင်ကျောင်းဆောင် တစ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း၊ သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး၏ သနပ်ပင်မြို့နယ် အခြေခံပညာကျောင်းများတွင် လစ်လပ်လျက်ရှိသော ဆရာ၊ ဆရာမများအား ဖြည့်ဆည်းခန့်ထားပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် နိုင်ငံအဝန်း ဆရာ၊ ဆရာမ လိုအပ်ချက်များအား မည်သို့ဖြည့်ဆည်းခန့်ထားပေးမည်ကို သိလိုခြင်း မေးခွန်းနှင့် ဘုတ်ပြင်းမဲဆန္ဒနယ်မှ ဦးနေလင်းထွန်း၏ ဘုတ်ပြင်းမြို့၊ အောင်မင်္ဂလာရပ်ကွက်ရှိ အခြေခံပညာမူလတန်းလွန်ကျောင်းအား အခြေခံပညာ အလယ်တန်းကျောင်းခွဲအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးနိုင်ခြင်း ရှိ၊ မရှိ သိလိုခြင်း မေးခွန်းတို့နှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ရှင်းလင်းဖြေကြားသည်။

## ရေနံစူးစမ်းရှာဖွေခြင်း၊ ရေနံတူးဖော်စမ်းသပ်ခြင်းနှင့် ရေနံထုတ်လုပ်ခြင်းဆိုင်ရာ ဥပဒေကြမ်း တင်သွင်း

ယင်းနောက် ပြည်သူ့လွှတ်တော်၊ လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ အတွင်းရေးမှူး ဦးစိုးမြင့်(ခေါ်) ဦးအောင်ဇော်မြင့်က ရေနံစူးစမ်းရှာဖွေခြင်း၊ ရေနံတူးဖော်စမ်းသပ်ခြင်းနှင့် ရေနံထုတ်လုပ်ခြင်းဆိုင်ရာ ဥပဒေကြမ်းကို တင်သွင်းပြီး ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ဦးကျော်စိုးလင်းက အစီရင်ခံစာဖတ်ကြား ရှင်းလင်းသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်း တင်သွင်းသည့် မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သဖြင့် အာဆီယံစီးပွားရေးအသိုက်အဝန်း (ASEAN Economic Community –AEC) အကောင်အထည်ဖော်ရာတွင် အဓိက လုပ်ငန်းစဉ်ဖြစ်သည့် (ASEAN Free Trade Agreements–AFTA) အား ထူထောင်ရမည်ဖြစ်သည်။ သို့မှသာ ကုန်စည်များ လွတ်လပ်စွာစီးဆင်းခြင်း (Free Flow of Goods) ကို ဆောင်ရွက်ရပါမည်။ ယင်းသို့ ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံမှ ထုတ်လုပ်သော ကုန်ပစ္စည်းများသည် မြန်မာ့စံချိန်စံညွှန်း (Myanmar Standard & Specification) ပါရှိရမည်ဖြစ်ပြီး အာဆီယံနိုင်ငံအသီးသီးတွင် ထုတ်ကုန်ပစ္စည်းပေါင်း (၃၀၀၀)မှ (၁၀၀၀၀) ခန့် ရေးသားပြုစုပြီးဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် အရေးကြီးသည့် ထုတ်ကုန်ပစ္စည်းပေါင်း (၁၀၀၀)ခန့် ကို ASEAN Free Trade Agreement ကာလတွင် ရေးသားပြီးစီးနိုင်ရန် ပါဝင်ပတ်သက်သော ဝန်ကြီးဌာနများမှ ညှိနှိုင်းဆောင်ရွက်ကြရန် ပြည်ထောင်စုအစိုးရကို တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဦးခမ်းက စံချိန်စံညွှန်းသည် တိုင်းပြည်တစ်ခု၊ ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရန် မရှိမဖြစ်ထားရှိရမည့် စံသတ်မှတ်ချက်တစ်ခုဖြစ်ပါကြောင်း၊ စံသတ်မှတ်ချက်သည် မိမိတိုင်းပြည်သာမက အခြားသော တိုင်းပြည်နိုင်ငံများက အပြည်ပြည်ဆိုင်ရာ နိုင်ငံတကာစံနှုန်း၊ သတ်မှတ်ချက်များနှင့် ဆက်စပ်နေသည်ကို တွေ့ရပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံက ထုတ်လုပ်သည့် ထုတ်ကုန်ပစ္စည်းများသည် မြန်မာ့စံချိန်စံညွှန်းဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် အရေးကြီးသည့် ထုတ်ကုန်များကို ASEAN Free Trade Agreement တွင် ပါဝင်နိုင်ရေးအတွက် ဆက်စပ်နေသည့် ဝန်ကြီးဌာနများအနေဖြင့် ညှိနှိုင်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း အဆိုအား ထောက်ခံဆွေးနွေးသည်။

အလားတူ ကျိုက်လတ်မဲဆန္ဒနယ်မှ ဦးရန်လင်း၊ ဖာပွန် မဲဆန္ဒနယ်မှ ဦးထွန်းမြအောင်(ခ) ဦးစောထွန်းမြအောင်၊ ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီးနှင့် အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချိုတို့က ဆွေးနွေးကြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ပညာရေးဝန်ကြီးဌာန သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန အနေဖြင့် လက်ရှိအချိန်အထိ ထုတ်ကုန်ထုတ်လုပ်မှု နည်းစဉ်ဝန်ဆောင်မှု လုပ်ငန်းများနှင့် သက်ဆိုင်သည့် မြန်မာစံချိန်စံညွှန်းများကို အာဆီယံစီးပွားရေး အသိုက်အဝန်း အကောင်အထည်ဖော်ရာတွင် အာဆီယံဒေသအတွင်း တစ်ပြေးညီအဖြစ် ချမှတ်ဆောင်ရွက်နိုင်ရန် စံချိန်စံညွှန်းများကို ဆက်စပ်ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ လက်ရှိတွင် အများပြည်သူသဘောထား ရယူဆောင်ရွက်လျက်ရှိပြီး အတည်ပြုရန် အဆင်သင့်ရှိသည့် မြန်မာစံချိန်စံညွှန်းမူကြမ်း ၂၀ နှင့် ဆောင်ရွက်ပြီး မြန်မာစံချိန်စံညွှန်း ၄၃၀ ကို ချမှတ်ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါကြောင်း။

ကျန်ရှိသည့် အဆိုပြုစံချိန်စံညွှန်းများကိုလည်း စံချိန်စံညွှန်း ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်အဆင့်ဆင့်အတိုင်း လုပ်ထုံးလုပ်နည်းနှင့်အညီ အမျိုးသား စံချိန်စံညွှန်းကောင်စီသို့ တင်ပြ၍ အတည်ပြုချက်ရယူနိုင်ရေး ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနမှ လက်တွေ့ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် ယခုတင်သွင်းသည့် အဆိုတွင် ပါဝင်သော တိုက်တွန်းချက်များသည် သဘောသဘာဝအားဖြင့် ကိုက်ညီတူညီမှုရှိသည့်အတွက် အဆိုအား အတည်ပြုသင့်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ က အဆိုရှင်၏ သဘောထား မေးမြန်းရာ အဆိုရှင်က အတည်ပြုပေးပါရန် ပြောကြားသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုအား အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ သဘောမတူသူ မရှိသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ဇူလိုင် ၂၈ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

# မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့် အမျိုးသားလွှတ်တော် နိုင်ငံသားမူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီတို့ တွေ့ဆုံဆွေးနွေး

**ရန်ကုန် ဇူလိုင် ၂၃**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်နှင့် အမျိုးသားလွှတ်တော် နိုင်ငံသားမူလအခွင့်အရေး၊ ဒီမိုကရေစီ အရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီတို့သည် ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော် ရေးရာအဆောင် I-17 ၌ လူ့အခွင့် အရေးဆိုင်ရာ လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စများကို တွေ့ဆုံဆွေးနွေးပြီး မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်က ထုတ်ဝေထားသည့် လူ့အခွင့်အရေးဆိုင်ရာ စာအုပ်စာတမ်းများကို ကော်မတီသို့ ပေးအပ်သည်။

တွေ့ဆုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင် ဥက္ကဋ္ဌ ဦးလှမြင့်၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာနန္ဒာသွန်း၊ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသော ဦးပေါ်လွင်စိန်၊ ဒေါက်တာသန်းမြင့်၊ ဒေါ်နုနုယဉ်၊ ဦးကျော်မြင့်နှင့် ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးဘုန်းကြွယ်တို့ တက်ရောက်ကြပြီး အမျိုးသား လွှတ်တော် နိုင်ငံသားမူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေး ဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးဝင်းအောင်၊ အတွင်းရေးမှူး ဦးမျိုးထပ်(ခေါ်) ဆလိုင်းမျိုးထိုက်နှင့် ကော်မတီ အဖွဲ့ဝင်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၂၃**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားနည်းနေမည်။

**မိုး/ဇလ**

✽ *ကျောဖုံးမှ*

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ ၏ ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ်ရှိ စကုကျွန်းသည် လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် သီးခြားတည်ရှိသော ကျွန်းတစ်ကျွန်းဖြစ်သောကြောင့် တောင်ကုတ် - မာန်အောင် ခရီးစဉ်ပြေးဆွဲနေသော အမြန်ရေယာဉ်များ စကုကျွန်းတွင် ဆိုက်ကပ်ပေးနိုင်ရေးအတွက် ဆိပ်ခံတံတားတစ်ခု တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စကုကျွန်းပတ်လမ်း ၈ မိုင် ၂ ဖာလုံအား ကျောက်ချောလမ်းအဖြစ် လာမည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းတို့နှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက စကုကျွန်းတွင် ဆိပ်ခံတံတား တည်ဆောက်ပေးရန် အစီအစဉ် မရှိသေးပါကြောင်းနှင့် စကုကျွန်းပတ်လည်းအား ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေးနိုင်ရေးအတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် စုစုပေါင်းရန်ပုံငွေကျပ် ၇၇၃ ဒသမ ၂၅ သန်းလျာထားပြီး ဦးစားပေးအလိုက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

### ခန္တီးလေဆိပ်အဆောက်အအုံကို အသေးစားမွမ်းမံပြုပြင်မှုများ ဆောင်ရွက်ပေးသွားမည်

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမင်းနိုင် ၏ ခန္တီးလေဆိပ်အဆောက်အအုံအား ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် အသစ်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်မျိုးက လက်ရှိ ခန္တီးလေဆိပ်အဆောက်အအုံသည် ဝင်/ထွက် အသုံးပြုလျက်ရှိသည့် ခရီးသည် ဦးရေအတွက် လုံလောက်မှုရှိနေသေးသည့်အတွက် လေဆိပ်အဆောက်အအုံအသစ် တည်ဆောက်ရေးအတွက် ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေလျာထားမှုမရှိပါကြောင်းနှင့် လက်ရှိတွင် လေဆိပ်အဆောက်အအုံအသေးစားမွမ်းမံမှုများ ဆောင်ရွက်နေဆဲကာလဖြစ်သဖြင့် လိုအပ်ပါက ပျက်စီးမှုဖြစ်ပေါ်နေသော နေရာများကို ထပ်မံစစ်ဆေး၍ အသေးစားမွမ်းမံပြုပြင်မှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

### လွှတ်တော်ကိုယ်စားလှယ်များ၏ မေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြား

အလားတူ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၅) မှ ဦးမြင့်နိုင် ၏ ကျောက်တော်မြို့နယ်အတွင်း ဂုပ္ပိထောင့်ကျေးရွာမှ လက်ခုတ်ပင်ရင်းကျေးရွာအထိ ကျေးရွာချင်းဆက်လမ်းပေါ်ရှိ တံတားများဖြစ်သော ဂေါ်ရောမဏီကျေးရွာနှင့် ဇင်းခါးချေကျေးရွာကြားရှိ သရီနံချောင်းကူးတံတားနှင့် ဇင်းခါးချေကျေးရွာနှင့် အုတ်ကြွပ်ကျေးရွာကြားရှိ ပေါက်လေချောင်းကူးတံတား နှစ်စင်းတို့ကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ကွန်ကရစ်တံတားများအဖြစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က လည်းကောင်း၊ ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမောင်မောင်အုန်း ၏ မြန်မာနိုင်ငံပိုင်မဟုတ်သော နိုင်ငံခြားမှတ်ပုံတင်ထားသည့် သင်္ဘောများ မြန်မာနိုင်ငံအတွင်းပိုင်း ရေလမ်းကြောင်းအတွင်းသို့ တရားမဝင် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဝင်ရောက်လုပ်ကိုင်နေခြင်းကို နိုင်ငံတကာဆိုင်ရာ ဥပဒေများအရ လည်းကောင်း၊ မြန်မာနိုင်ငံ၏ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းအရ လည်းကောင်း အမြန်ဆုံး အရေးယူဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ နှင့် ဆောင်ရွက်မည်ဆိုပါက မည်သည့်အချိန်တွင် မည်ကဲ့သို့ ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း မေးခွန်းနှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုး ကလည်းကောင်း ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။


ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်


ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)မှ ဦးဇော့တင်း


ဒုတိယဝန်ကြီး ဦးကျော်မျိုး


ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)မှ ဒေါ်ထုမေ

ထို့နောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဗိုလ်မှူးချုပ်တင့်လွင် က အစိုးရ၏ဝယ်ယူခြင်းနှင့် ပုံသေပိုင်ပစ္စည်းများ ထုခွဲခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြားရှင်းလင်းသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း က အဆိုပါ ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

ဆက်လက်၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း က အဆိုပါဥပဒေကြမ်းကို ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် အဆိုတင်သွင်းရာ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇) မှ ဦးဇော်ဟိန်းက ထောက်ခံသည်။

### အစိုးရ၏ ဝယ်ယူခြင်းနှင့် ပုံသေပိုင်ပစ္စည်းများ ထုခွဲခြင်းဆိုင်ရာ ဥပဒေကြမ်းသည် ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယင်းအဆိုကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောမတူသူမရှိသည့်အတွက် အစိုးရ၏ ဝယ်ယူခြင်းနှင့် ပုံသေပိုင်ပစ္စည်းများ ထုခွဲခြင်းဆိုင်ရာ ဥပဒေကြမ်းသည် ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်ကြောင်း ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ညာဏစိုး က ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါ ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ဇူလိုင် ၂၈ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်**

# ပြည်ထောင်စုရှေ့နေချုပ်ရုံး မိုးရာသီ သစ်ပင်စိုက်ပျိုးပြီး ငါးမျိုးစိုက်ထည့်

**နေပြည်တော် ဇူလိုင် ၂၃**

ပြည်ထောင်စုရှေ့နေချုပ်ရုံး မိုးရာသီသစ်ပင်စိုက်ပျိုးခြင်းနှင့် ငါးမျိုးစိုက်ထည့်ခြင်းကို ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုရှေ့နေချုပ်၊ ဒုတိယရှေ့နေချုပ်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်း၊ အမှုထမ်းများက ကျွန်း၊ ပျဉ်းမ၊ မြန်မာကုက္ကိုလ်၊ ငုဝါ၊ မယ်ဇလီ၊ စိန်ပန်း၊ ပဲချယ်ရီ၊ ကံ့ကော်၊ ခရေ စသည့် အရိပ်ရပင်များနှင့် သရက်၊ ပိန္နဲ၊ ဖန်ခါး၊ သံပရာ၊ ကြောင်လျှာ စသည့် သီးပင်စားပင် ၂၅၀ ခန့်ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

ဆက်လက်၍ ပြည်ထောင်စုရှေ့နေချုပ်နှင့် အဖွဲ့သည် ရုံးရှေ့လှိုပိတ်ဆည်အတွင်းသို့ ငါးကြင်းသားပေါက် ကောင်ရေ ၅၀၀၀ ကို ငါးမျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် အဖွဲ့ဝင် ဦးကျော်စိုးနှင့်အဖွဲ့ သရက်အကျဉ်းထောင်၊ တရားရုံးနှင့် ရဲစခန်းအချုပ်ခန်းများ ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဇူလိုင် ၂၃**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင် ဦးကျော်စိုး ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ယနေ့တွင် သရက်အကျဉ်းထောင်နှင့် သရက်မြို့ပေါ်ရှိ ရဲစခန်း၊ တရားရုံးအချုပ်ခန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ကြည့်ရှုစစ်ဆေးရာတွင် ကော်မရှင်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အကျဉ်းထောင်အတွင်းရှိ အကျဉ်းသား/ အကျဉ်းသူ အိပ်ဆောင်များ၊ ရိက္ခာဂိုဒေါင်တွင် ပစ္စည်းများထားရှိမှု၊ တိုက်ခန်းများ၊ ဆေးရုံဆောင်များနှင့် စားဖိုကြီး၊ သောက်ရေနှင့် သုံးရေကန်များ၊ မိလ္လာများ၊ ထောင်ဝင်စာအခန်းများနှင့် လတ်တလောဖြစ်ပွားလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် လုပ်ဆောင်ထားရှိမှုတို့ကို လှည့်လည်၍ ကြည့်ရှုစစ်ဆေးခဲ့ကြပြီး တစ်ဦးချင်းတွေ့ဆုံလိုသူ အကျဉ်းသား၊ အကျဉ်းသူများ၊ အချုပ်သားများ၊ အချုပ်သူများ မရှိသော်လည်း အိပ်ဆောင်များသို့ ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား၊ အချုပ်သားများကို လူ့အခွင့်အရေး ဖောက်ဖျက်မှုခံရခြင်း ရှိ မရှိ၊ ထောင်ဝင်စာတွေ့ဆုံရာတွင် အခက်အခဲများ ရှိ မရှိ၊ ရသင့်ရထိုက်သော အသုံးအဆောင်ပစ္စည်းများ ရရှိခြင်း ရှိ မရှိ၊ နေထိုင်စားသောက်ရေး အခြေအနေများကို မေးမြန်းမှတ်တမ်းတင်ကြသည်။

ရဲစခန်း၊ တရားရုံးအချုပ်ခန်းများကို ကြည့်ရှုစစ်ဆေးစဉ် အချုပ်သားများကို တွေ့ဆုံ၍ အခက်အခဲများ မေးမြန်းခြင်းများ ဆောင်ရွက်သည်။

ဦးကျော်စိုးနှင့်အဖွဲ့သည် ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်များကို လိုအပ်သလို အရေးယူဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများသို့ အကြံပြုတိုက်တွန်းချက်များ ပေးပို့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဆောင်ရွက်နေသည့် နိုင်ငံခြားငွေဈေးပြိုင်လေလံနှင့်စပ်လျဉ်းသည့် အသိပေးကြေညာချက်

၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၄ ရက်

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ၎င်း၏ နိုင်ငံခြားသုံးငွေလုပ်ငန်း (Foreign Exchange Operation) ရည်ရွယ်ချက်များဖြစ်သော ကာလတိုအတွင်း နိုင်ငံခြားငွေလဲလှယ်နှုန်း အတက်၊ အကျ ကြီးမားခြင်းကို လျော့နည်းစေရန်နှင့် နိုင်ငံတော်၏ နိုင်ငံခြားသုံးသီးသန့်အရန်ငွေကို ဖြည့်တင်းရန် အချက် (၂) ချက်အား အကောင်အထည်ဖော်ရန်အတွက် စည်းမျဉ်းအခြေခံသည့် နိုင်ငံခြားငွေ ဈေးပြိုင်လေလံအား ဆောင်ရွက်လျက်ရှိပါသည်။

၂။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဈေးပြိုင်လေလံအတွက် စည်းမျဉ်း၊ ညွှန်ကြားချက်များ ချမှတ်ထားပြီး အဆိုပါ စည်းမျဉ်းညွှန်ကြားချက်များနှင့်အညီ နိုင်ငံခြားငွေဈေးပြိုင်လေလံတွင် ပါဝင်သည့် နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင် (Authorized Dealer – AD) ရ ဘဏ်များဖြစ်သော နိုင်ငံပိုင်ဘဏ် (၃) ဘဏ်၊ ပြည်တွင်းပုဂ္ဂလိကဘဏ် (၁၉) ဘဏ်နှင့် နိုင်ငံခြားဘဏ်၊ ဘဏ်ခွဲ (၁၃) ဘဏ်တို့ဖြင့် နိုင်ငံခြားငွေဝယ်ခြင်း၊ ရောင်းခြင်းတို့ကို ဆောင်ရွက်ပါသည်။

၃။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ နိုင်ငံခြားသုံးငွေလုပ်ငန်းဆောင်ရွက်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

(က) ကာလတိုအတွင်း နိုင်ငံခြားငွေလဲလှယ်နှုန်း အတက်၊ အကျ ကြီးမားခြင်းကို လျော့နည်းစေရန်– အလုပ်လုပ်ရက်တစ်ရက်ရှိ မြန်မာကျပ်ငွေနှင့် အမေရိကန်တစ်ဒေါ်လာ၏ ငွေလဲလှယ်နှုန်းနှင့် ယခင်ရက် ရည်ညွှန်းငွေလဲလှယ်နှုန်းတို့ကို နှိုင်းယှဉ်ခြင်း။ ယင်းသို့ နှိုင်းယှဉ်ချက်အရ –

- မြန်မာကျပ်ငွေတန်ဖိုး ကျဆင်းသည့် ရာခိုင်နှုန်းသည် ချမှတ်ထားသည့် စည်းမျဉ်းများအရ သတ်မှတ်ချက်ထက်ကျော်လွန်လျှင် နိုင်ငံခြားငွေ (အမေရိကန်ဒေါ်လာ) ရောင်းချရန် ဈေးပြိုင်လေလံကို ဖွင့်လှစ်ဆောင်ရွက်ခြင်း၊
- မြန်မာကျပ်ငွေတန်ဖိုး မြင့်တက်သည့်ရာခိုင်နှုန်းသည် ချမှတ်ထားသည့် စည်းမျဉ်းများအရ သတ်မှတ်ချက်ထက်ကျော်လွန်လျှင် နိုင်ငံခြားငွေ (အမေရိကန်ဒေါ်လာ) ဝယ်ယူရန် ဈေးပြိုင်လေလံကို ဖွင့်လှစ်ဆောင်ရွက်ခြင်း။

( ခ ) နိုင်ငံတော်၏ နိုင်ငံခြားသုံးသီးသန့်အရန်ငွေကို ဖြည့်တင်းရန် – အလုပ်လုပ်ရက်တစ်ရက်၏ ငွေလဲလှယ်နှုန်းအား ပြီးခဲ့သည့် ရက်ပေါင်း (၂၀) အတွင်း၌ ဖြစ်ပေါ်သည့် ပျမ်းမျှ မြန်မာကျပ်ငွေနှင့် အမေရိကန်တစ်ဒေါ်လာလဲလှယ်နှုန်းနှင့် နှိုင်းယှဉ်ခြင်း။ ယင်းသို့ နှိုင်းယှဉ်ချက်အရ –

- မြန်မာကျပ်ငွေတန်ဖိုး မြင့်တက်သည့် ရာခိုင်နှုန်းသည် ချမှတ်ထားသည့် စည်းမျဉ်းများအရ သတ်မှတ်ချက်ထက်ကျော်လွန်လျှင် နိုင်ငံခြားငွေ (အမေရိကန်ဒေါ်လာ) ဝယ်ယူရန် ဈေးပြိုင်လေလံကို ဖွင့်လှစ်ဆောင်ရွက်ခြင်း။

( ဂ ) ဈေးပြိုင်လေလံတွင် ဗဟိုဘဏ်က ကြေညာထားသည့် အမြင့်ဆုံးလဲလှယ်နှုန်းနှင့် အနိမ့်ဆုံး လဲလှယ်နှုန်းအကြား AD ဘဏ်များကတင်ပြသည့် နိုင်ငံခြားငွေဝယ်ယူရန်၊ ရောင်းချရန် တင်ပြချက်များကို Refinitiv (ယခင် Thomson Reuters) ၏ လေလံအရောင်းအဝယ်စနစ် (Real Time Dealing Platform) ကို အသုံးပြု၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဝယ်ယူ၊ ရောင်းချပါသည်။

၄။ အထက်အပိုဒ်များတွင် ဖော်ပြခဲ့သည့်အတိုင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်က နိုင်ငံခြားငွေ ဈေးပြိုင်လေလံ ဖွင့်လှစ်ဆောင်ရွက်နေခြင်းမှာ ကာလတိုအတွင်း နိုင်ငံခြားငွေလဲလှယ်နှုန်း အတက်၊ အကျကြီးမားခြင်းကို လျော့နည်းစေရန်နှင့် နိုင်ငံခြားသုံးသီးသန့်အရန်ငွေ ဖြည့်တင်းရန်အတွက် ဆောင်ရွက်ခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဖွင့်လှစ်ဆောင်ရွက်နေသည့် နိုင်ငံခြားငွေ ဈေးပြိုင်လေလံသည် ငွေလဲလှယ်နှုန်းကို နှုန်းထားတစ်ရပ်တွင် ရှိနေစေရန်ဖြစ်စေ၊ မြန်မာကျပ်ငွေ တန်ဖိုးမြင့်တက်စေရန်ဖြစ်စေ သို့မဟုတ် ကျဆင်းစေရန်ဖြစ်စေ ရည်ရွယ်ဆောင်ရွက်ခြင်း မဟုတ်ကြောင်း အသိပေးအပ်ပါသည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

# ဗုဒ္ဓဂယာမှ မင်းတုန်းမင်းတရားကြီးလှူဒါန်းခဲ့သော သာသနိကအဆောက်အအုံများနှင့် ပတ်သက်၍ သာဓုအနုမောဒနာပြုစရာ

*ရွှေဘိုဆရာတော် ဒေါက်တာအရှင်ဝိသုတ*

ဤအရှင်သည် ၁၉၉၉ ခုနှစ်တွင် အိန္ဒိယနိုင်ငံ နာလန္ဒာတက္ကသိုလ်သို့ BA ဘွဲ့သင်ကြားရန် စတင်ရောက်ရှိခဲ့ပါသည်။ BA ဘွဲ့ရရှိပြီးနောက် MA ဘွဲ့နှင့် Ph.D ကျမ်းပြုအောင်မြင်သည်အထိ ပညာသင်ကြားခဲ့ပါသည်။ နာလန္ဒာတက္ကသိုလ်သို့ ရောက်ရှိပြီး သုံးနှစ်ခန့်အကြာတွင် မြန်မာနိုင်ငံမှ ဘုရားဖူးများအား သံဝေဇနိယလေးဌာနများသို့ ဘုရားဖူးဦးဆောင်လမ်းပြ ပို့ဆောင်ခဲ့ပါသည်။ ယင်းသို့ ဆောင်ရွက်ရာတွင် ဗုဒ္ဓဂယာရှိ မင်းတုန်းမင်းတရားကြီးလှူဒါန်းခဲ့သည့် သာသနိက အဆောက်အအုံများသို့လည်း ရောက်ရှိပြသပေးခဲ့ပါသည်။ ထိုသို့ပြသခဲ့ရာတွင် ပျက်စီးယိုယွင်းနေသော မြန်မာတို့၏ ဘာသာရေးအမွေအနှစ်ဖြစ်သည့် ထိုသာသနိက အဆောက်အအုံများကို ပြုပြင်ထိန်းသိမ်းလိုသည့်ဆန္ဒများ ဖြစ်ပေါ်ခဲ့ပါသည်။ သို့ရာတွင် ဤအရှင်တစ်ဦးတည်းအနေဖြင့် မည်သို့မျှ စွမ်းဆောင်နိုင်ခြင်းမရှိသဖြင့် ရောက်ရှိလာသည့် ဘုရားဖူးများကို ဤသာသနိက အဆောက်အအုံများ၏ သမိုင်းကြောင်းနှင့် ပျက်စီးယိုယွင်းနေသည့် အခြေအနေများအား ပြုပြင်ထိန်းသိမ်းနိုင်မည့်နည်းလမ်းများ မိမိတို့တတ်နိုင်သမျှ ရှာဖွေကြရန် ရှင်းပြခဲ့ပါသည်။



ဗုဒ္ဓဂယာမှ မင်းတုန်းမင်းတရားကြီး လှူဒါန်းခဲ့သော ပြုပြင်ပြီးတွေ့ရသည့် သာသနိကအဆောက်အအုံများ။

ဗုဒ္ဓဘာသာဝင် မြန်မာနိုင်ငံသူနိုင်ငံသားများ သိရှိပြီးဖြစ်ကြသည့်အတိုင်း လွန်ခဲ့သော နှစ်ပေါင်း ၁၆၀ ခန့်က မင်းတုန်းမင်းကြီးသည် ဗုဒ္ဓဂယာတွင် မဟာဗောဓိစေတီနှင့် မဟာဗောဓိညောင်ပင်ကို စောင့်ရှောက်နိုင်ရန်ရည်ရွယ်၍ ရဟန်းတော်များ သီတင်းသုံးနေထိုင်ရန် ကျောင်းတော်တစ်ဆောင်၊ ကျောက်စာများထားရှိရန် ကျောင်းဆောင်နှစ်ဆောင်၊ ကျောက်စာချပ်နှစ်ခုနှင့် ခေါင်းလောင်းတော်များကို လှူဒါန်းခဲ့ပါသည်။ မင်းတုန်းမင်းကြီး၏ ရည်ရွယ်ချက်မှာ ယင်းကျောင်းဆောင်တွင် သံဃာတော်နှစ်ပါးထားရှိရန် ရည်ရွယ်ခဲ့သော်လည်း ဤသာသနိက အဆောက်အအုံများကို ထိုအချိန်အခါက ပြည်နယ်အုပ်ချုပ်ရေးမှူးဖြစ်သည့် ဟိန္ဒူသူတော်စင် မဟန့်အား အပ်နှံခဲ့ရသည့်အတွက် မြန်မာရဟန်းတော်များ ထားရှိခွင့် မရရှိခဲ့ပါ။

နှစ်အတန်ငယ်ကြာပြီးနောက် သီဟိုဠ်နိုင်ငံမှ ဗုဒ္ဓဘာသာဝင်သူတော်စင် အနာဂါရိယဓမ္မပါလအမည်ရှိ ပုဂ္ဂိုလ်သည် ဗုဒ္ဓဂယာသို့ ရောက်ရှိခဲ့ပါသည်။ ထိုပုဂ္ဂိုလ်ကြီးသည် ဗုဒ္ဓမြတ်စွာဘုရား၏ အထွတ်အမြတ်နေရာများကို ဗုဒ္ဓဘာသာဝင်သူတော်စင်များ၏ လက်ထဲသို့ ရောက်ရှိရမည်ဟူသော သန္နိဋ္ဌာန်ချမှတ်ပြီး ကြိုးစားဆောင်ရွက်ခဲ့ပါသည်။ အနာဂါရိယဓမ္မပါလ၏ စွမ်းဆောင်မှုများကြောင့် ကမ္ဘာပေါ်ရှိ ဗုဒ္ဓဘာသာဝင်များအကြား ဗုဒ္ဓဂယာနှင့်ပတ်သက်၍ နိုးကြားမှုများ ရှိလာခဲ့ပါသည်။



ဗုဒ္ဓဂယာမှ မင်းတုန်းမင်း တရားကြီး လှူဒါန်းခဲ့သော မပြုပြင်မီ တွေ့ရသည့် သာသနိက အဆောက် အအုံများ။

သီရိလင်္ကာနိုင်ငံသား အနာဂါရိယဓမ္မပါလ စွမ်းနိုင်သမျှရရှိနိုင်ရန် ကြိုးစားဆောင်ရွက်ပြီးသည့်နောက် ရခိုင်ဆရာတော်ကြီး အရှင်စန္ဒာမုနိသည် ဗုဒ္ဓဂယာသို့ ရောက်ရှိလာပြီး ဗုဒ္ဓဂယာအား ဗုဒ္ဓဘာသာဝင်များ၏ လက်ထဲသို့ ပြန်လည်ရောက်ရှိစေရန်နှင့် မင်းတုန်းမင်းကြီး၏ သာသနိက အဆောက်အအုံများ ပြန်လည်ရရှိရေးကြိုးစားဆောင်ရွက်ခဲ့ပါသည်။ အရှင်စန္ဒာမုနိသည် အသက်အန္တရာယ်နှင့် ကြုံတွေ့ခဲ့ရသည်ကိုပင် အခက်အခဲများကို ရင်ဆိုင်၍ မကြောက်မရွံ့၊ မဆုတ်မနစ်သည့် ကြိုးစားအားထုတ်မှုဖြင့် ဆောင်ရွက်ချက်ကြောင့် ဤသာသနိက အဆောက်အအုံများအား အပြည့်အဝ ပြန်လည်မရရှိခဲ့သော်လည်း အိန္ဒိယဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ဦးဆောင်ရေးဆွဲခဲ့သူ ရခိုင်ဆရာတော်ကြီး ဦးစန္ဒာမုနိ၏ တပည့် တရားသူကြီးချုပ် ဥပဒေပညာရှင် ဒေါက်တာ အမ်ဘေကာ ဦးဆောင်မှုဖြင့် ဟိန္ဒူဇာတ်နိမ့်လူမျိုး ငါးသောင်းကျော်မှာ ၁၉၅၃ ခုနှစ်က နာဂပူမြို့တွင် ဗုဒ္ဓဘာသာဝင်များ ဖြစ်လာပါသည်။ ယင်းနောက် ဒေါက်တာ အမ်ဘေကာ၏ ကူညီပံ့ပိုးမှုကြောင့် အိန္ဒိယနိုင်ငံတွင် ဗုဒ္ဓဘာသာ ပြန်လည်နိုးကြားလာပြီး ဗုဒ္ဓဂယာအား ပြန်လည် ထိန်းသိမ်းခွင့်များ ပြန်လည် ရရှိခဲ့ပါသည်။ သို့ရာတွင် ဗုဒ္ဓဘာသာဝင်များ၏ လက်ထဲသို့ အပြည့်အဝ မရောက်ရှိခဲ့သေးပါ။

ဤအရှင်သည် အိန္ဒိယနိုင်ငံ နာလန္ဒာတက္ကသိုလ်မှ Ph.D ဘွဲ့ရရှိပြီးနောက် ဘီဟာပြည်နယ် ဗုဒ္ဓဂယာတွင် ဝင်းဝင်းနို့ဆီမိသားစုက လှူဒါန်းသော ကျောင်းမြေနှင့် ကျောင်းတွင် ကျောင်းထိုင်ဆရာတော်အဖြစ် ၂၀၁၂ ခုနှစ်မှ စတင်၍ သီတင်းသုံးနေထိုင်ခဲ့ပါသည်။ အိန္ဒိယနိုင်ငံတွင် ၁၈ နှစ်ကြာနေထိုင်လာခဲ့သည့်တိုင် မြန်မာတို့၏ ဘာသာရေးအမွေအနှစ်ဖြစ်သော မင်းတုန်းမင်းကြီး၏ သာသနိက အဆောက် အအုံများအား ပြန်လည်မွမ်းမံလိုသည့်ဆန္ဒ မပြည့်ဝခဲ့ပါ။ ဤသို့နှင့် မြန်မာနိုင်ငံမှ ဘုရားဖူးများ လာရောက်သည့်အချိန်တိုင်း ပြုပြင်ထိန်းသိမ်းမှုမရှိဘဲ ယိုယွင်းပျက်စီးနေသော ဤသာသနိကအဆောက်အအုံများနှင့် သမိုင်းကြောင်းတို့အား ရှင်းလင်းပြောပြဖြစ်ခဲ့ပါသည်။ ဤအမွေအနှစ်များနှင့်ပတ်သက်၍ ပြုပြင်ထိန်းသိမ်းစောင့်ရှောက်နိုင်ရေး နည်းလမ်းများ ကြိုးစားရှာဖွေကြရန် တိုက်တွန်းနှိုးဆော်ခဲ့သော်လည်း ဘုရားဖူးလာရောက်သူအများစုမှ ၎င်းတို့အနေဖြင့်ငွေကြေးအရ လှူဒါန်းမှုများ ပြုလုပ်ပေးနိုင်သော်လည်း ပြုပြင်မွမ်းမံရန်အတွက် နှစ်နိုင်ငံအစိုးရချင်း ဆက်သွယ်ဆောင်ရွက်မှသာ အဆင်ပြေနိုင်မည်ဖြစ်ကြောင်း ပြန်လည်အကြံပြုဆွေးနွေးမှုများရှိခဲ့သည်။

*စာမျက်နှာ ၉ သို့*

**“နှစ်ပေါင်း ၁၆၀ ခန့်က မင်းတုန်းမင်းကြီးသည် ဗုဒ္ဓဂယာတွင် မဟာဗောဓိစေတီနှင့် မဟာဗောဓိ ညောင်ပင်ကို စောင့်ရှောက်နိုင်ရန်ရည်ရွယ်၍ ရဟန်း တော်များ သီတင်းသုံးနေထိုင်ရန် ကျောင်းတော် တစ်ဆောင်၊ ကျောက်စာများထားရှိရန် ကျောင်းဆောင် နှစ်ဆောင်၊ ကျောက်စာချပ်နှစ်ခုနှင့် ခေါင်းလောင်း တော်များကို လှူဒါန်းခဲ့”**



ဗုဒ္ဓဂယာမှ မင်းတုန်းမင်းတရားကြီး လှူဒါန်းခဲ့သော မပြုပြင်မီတွေ့ရသည့် သာသနိကအဆောက်အအုံများ။



ဗုဒ္ဓဂယာမှ မင်းတုန်းမင်းတရားကြီးလှူဒါန်းခဲ့သော ပြုပြင်ပြီးတွေ့ရသည့်သာသနိက အဆောက်အအုံများ။



*စာမျက်နှာ ၈ မှ*

၂၀၁၅ ခုနှစ်တွင် သီတဂူဆရာတော်ကြီး၊ ဗုဒ္ဓဂယာ မြန်မာကျောင်းဆရာတော်ကြီးနှင့် အိန္ဒိယမြန်မာ ကျောင်းသား ရဟန်းတော်များ အဖွဲ့ဥက္ကဋ္ဌဆရာတော် ဒေါက်တာ အရှင်ဇဝန၊ ကာလကတ္တား မြန်မာကျောင်း ဆရာတော် ဒေါက်တာ နန္ဒောဘာသနှင့် ဤအရှင်ရွှေဘို ဆရာတော်တို့က ဤနေရာကိစ္စနှင့်ပတ်သက်၍ ပြုပြင်မွမ်းမံရန် မြန်မာသံရုံးမှတစ်ဆင့် အိန္ဒိယအစိုးရသို့ တင်ပြခဲ့ပါသည်။ အိန္ဒိယအစိုးရက ဤနေရာသည် အိန္ဒိယအစိုးရ၏ သက်ဆိုင်ရာဝန်ကြီး ဌာနလက်အောက်တွင် မရှိဘဲပုဂ္ဂလိက အဖွဲ့အစည်းတစ်ခု၏အုပ်ချုပ်မှုအောက်တွင် ရှိနေသည့်အတွက် အစိုးရမှ ပြုပြင်မွမ်းမံရန် ဆောင်ရွက်၍ မရနိုင်ကြောင်း အကြောင်းပြန်ကြားခဲ့ပါသည်။ ဤအရှင်အနေဖြင့် ဤကဲ့သို့ အခက်အခဲများ ရှိနေသော်လည်း သီတဂူဆရာတော်ကြီး အားပေးလမ်းညွှန်မိန့်ကြားခဲ့သည့်အတိုင်း ဤကိစ္စကိုမည်သည့်နည်းဖြင့်မဆို ဆက်လက်ဆောင်ရွက်မည်ဟု ဆုံးဖြတ်ခဲ့ပါသည်။ သို့ဖြစ်၍ လူမှုကွန်ရက်များတွင် ဖြန့်ဝေခဲ့ရာ မင်းတုန်းမင်းကြီး၏ သာသနိက အဆောက်အအုံများ မွမ်းမံရေးနှင့် ပတ်သက်၍ ဗုဒ္ဓဘာသာဝင်များအကြား ပို၍နိုးကြားလာခဲ့သည်ကို တွေ့ရပါသည်။

၂၀၁၇ ခုနှစ် မတ်လဆန်းပိုင်းတွင် မြိတ်မြို့နယ်မှ မြိတ်သူမြိတ်သား မိသားစု ဘုရားဖူးအဖွဲ့တစ်ဖွဲ့ ဤအရှင်နေထိုင်ရာ ကျောင်းသို့ ရောက်ရှိလာရာ သံဝေဇနိယ လေးဌာနသို့ ကိုယ်တိုင်လိုက်လံပို့ဆောင်ပေးခဲ့ရင်း မင်းတုန်းမင်း၏ သာသနိကအဆောက်အအုံများ ပျက်စီးယိုယွင်းနေမှုနှင့် ပြုပြင်ရန် ကြိုးစားမှုများ မအောင်မြင်ခဲ့ကြောင်း ရှင်းပြခဲ့ပါသည်။ သို့ရာတွင် အစိုးရအချင်းချင်း ဆက်သွယ်ဆောင်ရွက်ရမည့် ကိစ္စဖြစ်နေကြောင်း၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် အိန္ဒိယ ဝန်ကြီးချုပ်နှင့် ဆက်ဆံရေးကောင်းမွန်သည့်အတွက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကသာ အိန္ဒိယဝန်ကြီးချုပ်ထံ မေတ္တာရပ်ခံမည်ဆိုပါက အဆင်ပြေနိုင်ကြောင်း၊ ဤကိစ္စအား နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ထံသို့ တိုက်ရိုက်တင်ပြပေးနိုင်သူရှိပါက အဆင်ပြေသွားနိုင်ကြောင်း ပြောကြားဖြစ်ခဲ့ပါသည်။ ဘုရားဖူးအဖွဲ့ထဲတွင် ပါရှိသော ဒါယကာဦးနေစိုးက ဤကိစ္စနှင့် ပတ်သက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ထံ စာရေးသားတင်ပြပေးမည်ဖြစ်ကြောင်း ပြန်လည်လျှောက်ထားခဲ့ပါ သည်။

ဘုရားဖူးအဖွဲ့ပြန်သွားပြီးနောက် ၂၀၁၇ ခုနှစ် မေလတွင် ဒါယကာကြီး ဦးနေစိုးက ဤအရှင်ပြောပြခဲ့သည့် အကြောင်းအရာကို ဓာတ်ပုံမှတ်တမ်းများနှင့်အတူ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ထံသို့ ဆက်သွယ်ပေးပို့ခဲ့ရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဤကိစ္စအားစိတ်ဝင်စားမှုရှိကြောင်း၊ အဆင်ပြေအောင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အကြောင်းပြန်ကြားခဲ့သည့်အတွက် ဤအရှင်နှင့်တကွ ဗုဒ္ဓဂယာရှိ ရဟန်းတော်များနှင့် ဗုဒ္ဓဘာသာသူတော်စင်များက ဝမ်းမြောက်ဝမ်းသာဖြင့် မျှော်လင့်နေခဲ့မိကြပါသည်။

ကံအားလျော်စွာ ၂၀၁၇ ခုနှစ် စက်တင်ဘာလတွင်အိန္ဒိယဝန်ကြီးချုပ် မိုဒီသည် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ် သွားရောက်ခဲ့ပြီး အိန္ဒိယ- မြန်မာနှစ်နိုင်ငံပူးတွဲ ကြေညာချက် ထုတ်ပြန်ခဲ့ရာ ယင်းကြေညာချက်အပိုဒ် (၃၀) တွင် Archaeological Survey of India (ASI) မှ မင်းတုန်းမင်းကြီး၏ ကောင်းမှုတော် များကို အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ်မိုဒီ၏ အစိုးရအဖွဲ့နှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ခေါင်းဆောင်သော အစိုးရအဖွဲ့တို့ ပူးပေါင်း ဆောင်ရွက်ပြုပြင်နေကြောင်း ပါရှိလာခဲ့ပါသည်။ ထို့ကြောင့် ဗုဒ္ဓဂယာရှိ ဤအရှင်နှင့်အတူ သံဃာတော်များအားလုံး ဝမ်းမြောက်ဝမ်းသာ ဖြစ်ခဲ့ကြရပါသည်။

ယင်းနောက် တစ်လခန့်အကြာတွင် ပြုပြင်ထိန်းသိမ်းမှုများ စတင်ဆောင်ရွက်ခဲ့ သည်ကို ပူးတွဲပါပုံများတွင် ပါရှိသည့်အတိုင်း တွေ့မြင်ရသည့်အတွက် မြန်မာနိုင်ငံမှ ရောက်ရှိလာသည့်ဘုရားဖူးများနှင့် ဗုဒ္ဓဂယာရှိ သံဃာတော်များအားလုံးတို့က ဝမ်းမြောက်ဝမ်းသာ ဖြစ်ခဲ့ကြပါသည်။ ဤကဲ့သို့ အခြေအနေရောက်ရှိရန် အိန္ဒိယအစိုးရနှင့် ညှိနှိုင်းပူးပေါင်း ဆောင်ရွက်ပေးခဲ့သော နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ဤအရှင်နှင့် ဗုဒ္ဓဘာသာဝင်ရဟန်းရှင်လူများက အလေးအနက်အသိအမှတ်ပြု၍ ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာပြုခဲ့ကြပါသည်။

ဤကဲ့သို့နှစ်ပေါင်းများစွာ ခက်ခက်ခဲခဲ ကြိုးစား ဆောင်ရွက်ခဲ့ကြသည့်အတွက် ယခုအခါ ဗုဒ္ဓဂယာဂေါပကအဖွဲ့တွင် ဟိန္ဒူဘာသာဝင်လေးဦးနှင့် ဗုဒ္ဓဘာသာဝင် လေးဦး ပါဝင်သည့်အဖွဲ့အစည်းနှင့် ထိန်းသိမ်းစောင့်ရှောက် စီမံခန့်ခွဲလျက်ရှိနေ ပါသည်။ ဤကဲ့သို့ အခြေအနေရောက်ရှိရန်အတွက် ရှေးယခင်ခေတ်ကာလများက ဆောင်ရွက်ပေးကြသည့် သီဟိုဠ်မှ အနာဂါရိယဓမ္မပါလနှင့် ရခိုင်ဆရာတော်ကြီး ဦးစန္ဒာမုနိတို့၏ ကျေးဇူးတရားအား အထူးအလေး မြတ်ပြုမိပါကြောင်းနှင့် ဗုဒ္ဓဘာသာဝင်သူတော်စင်များအနေဖြင့် ဗုဒ္ဓဘာသာ၏အထွတ်အမြတ်ထားရာအဆောက်အအုံများ ရေရှည်တည်တံ့နိုင်ရေးအတွက် ဆောင်ရွက်ကြရန် ဤအရှင်အနေဖြင့် နှိုးဆော်တိုက်တွန်းအပ်ပါသည်။

စာရေးသူ ဤအရှင်ဝိသုတသည် ယခုအခါ ကိုဗစ်-၁၉ ကာလဖြစ်၍ အိန္ဒိယနိုင်ငံမှ မြန်မာနိုင်ငံသို့ ခေတ္တခဏပြန်ရောက်နေပါသည်။ ၂၀၁၇ ခုနှစ် စက်တင်ဘာလတွင် အိန္ဒိယဝန်ကြီးချုပ် မြန်မာနိုင်ငံသို့ လာရောက်ခဲ့စဉ် ဒါယိကာမကြီး ဒေါ်အောင်ဆန်းစုကြည်၏ မေတ္တာရပ်ခံပြောကြားပေးမှုအပေါ် နှစ်နိုင်ငံကြေညာချက် အပိုဒ်(၃၀) တွင် အိန္ဒိယရှေးဟောင်းသုတေသနအဖွဲ့က တာဝန်ယူဆောင်ရွက်သွားမည်ဟု ပါရှိခဲ့သည့်အပေါ် ယခုပြင်ဆင်မှုမှာ ၆၅ ရာခိုင်နှုန်းခန့် ပြီးမြောက်နေပြီဖြစ်ပါသည်။

ယခင်က ဝင်ခွင့်မရသော မင်းတုန်းမင်းကြီး ကျောက်စာနှင့် သိမ်ဇရပ်များနေရာသို့ ယခုအခါ တရားဝင် ဝင်ရောက်လေ့လာခွင့် ရရှိနေပြီ ဖြစ်ပါသည်။ စာရေးသူအနေဖြင့် ထပ်မံတင်ပြလိုသည်မှာ မင်းတုန်းမင်း ကျောက်စာသည် မူရင်းနှစ်ချပ်ဖြစ်ပြီး ယခုအခါ တစ်ချပ်သာ ကျန်ရှိခဲ့၍ ပျောက်ဆုံးနေသောတစ်ချပ်ကို အိန္ဒိယအစိုးရက မေတ္တာစေတနာရှေ့ထား ရှာဖွေပေးလျှင် ပြန်ရနိုင်မည်ဖြစ်၍ အိန္ဒိယနိုင်ငံအစိုးရအား တိုက်တွန်းပေးစေ လိုပါသည်။ နောက်တစ်ချက်မှာ မင်းတုန်းမင်းကြီး၏ ဇရပ်သည်လည်း ပြုပြင်မွမ်းမံရန် ကျန်ရှိနေသေးပြီး ယင်းဇရပ်မှာ နှစ်ပေါင်း ၁၅၀ ကျော်နေပြီဖြစ်၍ မပျက်စီးခင် အချိန်မီ ပြုပြင်နိုင်ပါက ပို၍သင့်တော်မည်ဟု ယူဆပါကြောင်း ကုသိုလ်ပြုရေးသားတင်ပြ လိုက်ရပါသည်။

**အန္တရာယ်ကင်း ရန်ဘေးရှင်း၍ ကောင်းခြင်းမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံကြပါစေ။** ။

## ဖားကန့်မြို့နယ်ရှိ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်

**ဖားကန့် ဇူလိုင် ၂၂**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် မြစ်ကြီးနား-တနိုင်း လီဒိုကားလမ်းမပေါ်ရှိ ရေကြီးနစ်မြုပ်နေသည့် ရှုဒူးဇွတ်ကျေးရွာမှ ရေဘေးသင့်ပြည်သူ ၁၅၀၀ ကျော်အား ထောက်ပံ့ရေးပစ္စည်းနှင့် အလှူငွေပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းက ရှုဒူးဇွတ်ကျေးရွာ အလိုတော်ပြည့် ဘုန်းတော်ကြီးကျောင်း၌ ကချင်ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နေလင်းထွန်း ဦးဆောင်သည့် ပြည်နယ်/ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သွားရောက် လှူဒါန်းကြကြောင်း သိရသည်။



ရေကြီးနစ်မြုပ်နေသည့် ရှုဒူးဇွတ်ကျေးရွာမှ ယာယီကယ်ဆယ်ရေးစခန်းများတွင် လတ်တလောရွှေ့ပြောင်းနေထိုင်ကြသည့် ရေဘေးသင့်ပြည်သူ အိမ်ထောင်စု ၂၇၀ မှ လူဦးရေ ၁၄၅၅ ဦးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ကချင်ပြည်နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ပေးအပ်လှူဒါန်းသည့် ဖောကွင်း ၁၀ ကွင်း၊ အသက်ကယ် အင်္ကျီ ၂၅ ထည်၊ အသက်ကယ်ကြိုး ငါးချောင်း၊ တစ်ပတ်စာဆန်ရိက္ခာအတွက် ငွေကျပ် ၃၀၅၅၅၀၀၊ ရေမျောပါအိမ် ငါးလုံးအတွက် ငွေကျပ် ၅၀၀၀၀၀ နှင့် အဝတ်အစား၊ နှာခေါင်းစည်း၊ ဆပ်ပြာ စုစုပေါင်း ငွေကျပ် ၄၁၈၅၅၉၀ တန်ဖိုးရှိ ထောက်ပံ့ရေးပစ္စည်းများကို လည်းကောင်း၊ ဖားကန့်မြို့နယ် အုပ်ချုပ်ရေးမှူးနှင့် ကျောက်မျက် လုပ်ငန်းရှင်များ အသင်းမှ ငွေကျပ် ၁၀၅ သိန်းနှင့် ဆန်အိတ် ၁၅၀ ကို လည်းကောင်း၊ ပြည်နယ် ကြက်ခြေနီတပ်ဖွဲ့မှ တစ်ကိုယ်ရေသုံးပစ္စည်းများ၊ WFP အဖွဲ့မှ အာဟာရမုန့်နှင့် ဘီစကစ်များကို တာဝန်ရှိသူများက ပေးအပ် လှူဒါန်းခဲ့ကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

## ကသာနှင့် ထီးချိုင့်မြို့နယ်များတွင် ရေဘေးဒဏ်ခံရသည့် ရွှေ့ပြောင်းအိမ် ၄၈၇ အိမ်အား ထောက်ပံ့ပစ္စည်းပေးအပ်

**မုံရွာ ဇူလိုင် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကသာနှင့် ထီးချိုင့် မြို့နယ်များတွင် ဇူလိုင်လအတွင်း ရေဘေးဒဏ်ခံရသည့် ရွှေ့ပြောင်းအိမ် ၄၈၇ အိမ်အား ထောက်ပံ့ပစ္စည်းများ ပေးအပ်လျက်ရှိကြောင်း တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစဝ်လီဖရန့် က ပြောကြားသည်။

ဇူလိုင်လအတွင်း ရေဘေးဒဏ်ခံရသည့် ရွှေ့ပြောင်းအိမ် ၄၈၇ အိမ်အတွက် ဆန်ရိက္ခာဖိုး ငွေကျပ် ၄,၇၈၁,၇၀၀၊ အိမ်ဆောက်ပစ္စည်းအတွက် ငွေကျပ် ၄၀၀,၀၀၀၊ နှာခေါင်းစည်း ၂၂၇၇ ခုအတွက် ငွေကျပ် ၅၃၅,၀၉၅ ကျပ်၊ ဆပ်ပြာ ၄၈၇ တောင့်အတွက် ငွေကျပ် ၁၅၅,၈၄၀ နှင့် ဖျက်သိမ်းအိမ် လေးအိမ်အတွက် ကယ်ဆယ်ရေးပစ္စည်း ၁၀ မျိုး တန်ဖိုး ငွေကျပ် ၇၄,၀၄၀ ထောက်ပံ့ပေးလျက်ရှိကြောင်း ဆက်လက်ပြောကြားသည်။

ရေဘေးဖြစ်ပွားသည့် ရပ်ကွက်နှင့် ကျေးရွာများမှာ ပိန္နဲကုန်း၊ အောက်သဖန်းဒေါင့်၊ အထက်သဖန်းဒေါင့်၊ ဝွေ့ကြီး၊ မြေနု၊ အလယ်ရပ်၊ လက်ပံဇင်၊ လက်ပန်၊ ကျောက်ထုံးကြီး၊ ဝဆွယ်၊ နွယ်နီ၊ ကပ္ပလိပ်၊ ရေလယ်ကျွန်း၊ သဒ္ဒေးကုန်း၊ စစ်ကုန်း၊ ဒုံးအော့၊ မြိုင်သာယာ၊ ဘန့်ဘွေးကုန်း၊ စစ်တန်း၊ ဖေယျာချောင်၊ တောင်ပိုင်း၊ ဘုရင့်နောင်၊ ကမ်းနီနှင့် ဝဲကြီး စသည့် ရပ်ကွက်၊ ကျေးရွာများမှ အိမ်ထောင်စု ၄၉၁ စု၊ လူဦးရေ ၂၂၇၇ ဦးအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်လျက်ရှိကြောင်း ညွှန်ကြားရေးမှူး ဦးစဝ်လီဖရန့်ထံမှ သိရသည်။

**မွေးကြူဇင်**

## တနိုင်းမြို့နယ်တွင် ရေကြီးရေလျှံမှုကြောင့် စပါးစိုက်ကွက် ဧက ၁၅၀၀ ကျော် နစ်မြုပ်

**တနိုင်း ဇူလိုင် ၂၃**

ကချင်ပြည်နယ် တနိုင်းမြို့နယ်တွင် ဇူလိုင်လမှစ၍ မိုးများ အဆက်မပြတ်ရွာသွန်းမှုကြောင့် တနိုင်းချောင်း၊ နန်ဇျူချောင်း၊ မဝေ့တောင်ချောင်း၊ နန့်ခမ်းယန်ချောင်း၊ ကိုင်ထောင်ချောင်းနှင့် အီးတီချောင်းများမှ ရေလျှံတက်မှုကြောင့် တနိုင်းမြို့နယ်၌ စပါးစိုက်ပျိုးသီးနှံများ ရေကြီးနစ်မြုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ရေကြီးနစ်မြုပ်နေရာများဖြစ်သည့် ဒူးကောင်းရပ်ကွက်တွင် တောင်သူ ၇၉ ဦး၏ စပါးစိုက်ကွက် ဧက ၂၉၂ ဧက၊ ကင်ဆားရာရပ်ကွက်တွင် တောင်သူ ၁၁ ဦး၏ စပါးစိုက်ကွက် ၄၈ ဧက၊ ပုန်ခုန်းရပ်ကွက်တွင် တောင်သူ ၁၀ ဦး၏ စပါးစိုက်ကွက် ၂၂ ဧက၊ ဆင်မ်ဆာ့ရပ်ကွက်ရှိ တောင်သူသုံးဦး၏ စပါးစိုက်ကွက် ၁၁ ဧက၊ မုန်ဒိန်ရပ်ကွက်မှ တောင်သူကိုးဦး၏ စပါးစိုက်ကွက် ၁၀ ဧက၊ ကောင်ရာကျေးရွာအုပ်စုမှ တောင်သူ ၁၂၃ ဦး၏ စပါးစိုက်ကွက် ၁၀၁၇ ဧက၊ မိုင်းခွန်ကျေးရွာအုပ်စုမှ တောင်သူ ၂၇ ဦး၏ စပါးစိုက်ကွက် ၁၃၂ ဧက စုစုပေါင်း တောင်သူ ၂၆၂ ဦး၏ စပါးသီးနှံ ၁၅၃၂ ဧက ရေကြီးနစ်မြုပ်သွားကြောင်း တနိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွေးလှိုင်ထံမှ သိရသည်။

**ဝါဝါ (မြန်/ဆက်)**

# တိုင်းရင်းဆေးဝါးဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

*ယမန်နေ့မှအဆက်*

၃၁။ လိုင်စင်ရရှိသူသည်-

(က) မှတ်ပုံတင်ရရှိသော ဆေးဝါးကိုသာ ထုတ်လုပ်ရမည်၊

( ခ ) မှတ်ပုံတင်ရရှိသော ဆေးဝါးကိုထုတ်လုပ်ရာတွင် ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီ၏ သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ရမည်။

**အခန်း (၈)**

**ပြည်ပတိုင်းရင်းဆေးဝါး၊ ကျန်းမာရေးဖြည့်စွက်ခတ်စာများ မှတ်ပုံတင်ခြင်းနှင့် လိုင်စင်လျှောက်ထားခြင်း**

၃၂။ ပြည်ပတိုင်းရင်းဆေးဝါး သို့မဟုတ် ကျန်းမာရေးဖြည့်စွက်ခတ်စာအတွက် မှတ်ပုံတင်လက်မှတ် လျှောက်ထားလိုသူသည် သတ်မှတ်ချက်နှင့်အညီ ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေး ကော်မတီသို့လျှောက်ထားရမည်။

၃၃။ ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီသည် မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားသော ပြည်ပတိုင်းရင်းဆေးဝါး သို့မဟုတ် ကျန်းမာရေးဖြည့်စွက်ခတ်စာကို လိုအပ်သလို စိစစ်စေခြင်း၊ စမ်းသပ်စေခြင်း၊ စစ်ဆေးစေခြင်းပြုလုပ်ပြီး ယင်းပြည်ပတိုင်းရင်းဆေးဝါး သို့မဟုတ် ကျန်းမာရေးဖြည့်စွက်ခတ်စာကို မှတ်ပုံတင်ခွင့်ပြုခြင်း သို့မဟုတ် မှတ်ပုံတင်ရန်ငြင်းပယ်ခြင်း ပြုနိုင်သည်။

၃၄။ မှတ်ပုံတင်ခွင့်ရရှိသူသည် မှတ်ပုံတင်ထားသည့် ပြည်ပတိုင်းရင်းဆေးဝါး သို့မဟုတ် ကျန်းမာရေးဖြည့်စွက်ခတ်စာကို သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ပြုပြင်ထုပ်ပိုးခြင်းလုပ်ငန်းများအတွက် သတ်မှတ်ချက်နှင့်အညီ လိုင်စင်လျှောက်ထားရမည်။

၃၅။ ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီသည် လျှောက်ထားချက်အပေါ် စိစစ်၍ လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၃၆။ မှတ်ပုံတင်လက်မှတ်သက်တမ်း၊ မှတ်ပုံတင်ကြေး၊ မှတ်ပုံတင်လက်မှတ်သက်တမ်းတိုးမြှင့်ကြေးတို့နှင့် လိုင်စင်သက်တမ်း၊ လိုင်စင်ကြေး၊ လိုင်စင်သက်တမ်းတိုးကြေးတို့သည် အာဏာပိုင်အဖွဲ့က သတ်မှတ်သည့်အတိုင်း ဖြစ်သည်။

၃၇။ မှတ်ပုံတင်လက်မှတ်ရရှိသူသည် -

(က) ကျသင့်သောမှတ်ပုံတင်ကြေးကို ပေးဆောင်ရမည်၊

( ခ ) မှတ်ပုံတင်ခြင်းဆိုင်ရာ စည်းကမ်းချက်များကို လိုက်နာရမည့်အပြင် ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီက အခါအားလျော်စွာ ထုတ်ပြန်သောအမိန့် ညွှန်ကြားချက်များကို လိုက်နာရမည်၊

(ဂ) မှတ်ပုံတင်လက်မှတ် သက်တမ်းကုန်ဆုံးသည့်အခါ သတ်မှတ်ချက်များနှင့်အညီ စိစစ်မှုခံယူပြီး၊ သက်တမ်းတိုးမြှင့်ရန် မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်ကြေးပေးဆောင်၍ လျှောက်ထားရမည်။

၃၈။ ပြည်ပတိုင်းရင်းဆေးဝါး သို့မဟုတ် ကျန်းမာရေးဖြည့်စွက်ခတ်စာ မှတ်ပုံတင်ခွင့်ရရှိသူက မှတ်ပုံတင်ခြင်းဆိုင်ရာ စည်းကမ်းချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီက အခါအားလျော်စွာ ထုတ်ပြန်သောအမိန့်၊ ညွှန်ကြားချက်တစ်ရပ်ရပ်ကို ဖြစ်စေ၊ ဖောက်ဖျက်ကြောင်း စစ်ဆေးတွေ့ရှိပါက ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီက မှတ်ပုံတင်ကို ကာလအကန့်အသတ်ဖြင့် ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

၃၉။ မှတ်ပုံတင်ခွင့်ရရှိသူသည် ကာလအကန့်အသတ်ဖြင့် ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်းကာလ ကုန်ဆုံးသည့်အခါ မှတ်ပုံတင်ခွင့်ကို ပြန်လည်လျှောက်ထားနိုင်သည်။

၄၀။ မှတ်ပုံတင်လက်မှတ် ပယ်ဖျက်ခြင်းခံရသည့် ပြည်ပတိုင်းရင်းဆေးဝါး သို့မဟုတ် ကျန်းမာရေးဖြည့်စွက်ခတ်စာများနှင့်စပ်လျဉ်း၍ ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီ၏ ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ရမည်။

၄၁။ လိုင်စင်ရရှိသူသည် ကျသင့်သော လိုင်စင်ကြေးပေးဆောင်၍ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ပြုပြင်ထုပ်ပိုးခြင်းများကို နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၄၂။ လိုင်စင်ရရှိသူသည် လိုင်စင်သက်တမ်းကုန်ဆုံးသည့်အခါ သတ်မှတ်ချက်များနှင့်အညီ သက်တမ်းတိုးမြှင့်ရန် လိုင်စင်သက်တမ်းတိုးမြှင့်ကြေး ပေးဆောင်၍ လျှောက်ထားရမည်။

၄၃။ ပြည်ပတိုင်းရင်းဆေးဝါး သို့မဟုတ် ကျန်းမာရေးဖြည့်စွက်ခတ်စာ လိုင်စင်ရရှိသူက လိုင်စင်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီက အခါအားလျော်စွာ ထုတ်ပြန်သောအမိန့်၊ ညွှန်ကြားချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ ဖောက်ဖျက်ကြောင်း စစ်ဆေးတွေ့ရှိပါက ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီက လိုင်စင်ကိုကာလအကန့်အသတ်ဖြင့် ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၄၄။ ကာလအကန့်အသတ်ဖြင့် ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း ကာလကုန်ဆုံးသည့်အခါ လိုင်စင်ကို ပြန်လည်လျှောက်ထားနိုင်သည်။

၄၅။ လိုင်စင်ပယ်ဖျက်ခြင်းခံရသူသည် လိုင်စင်ကို ထပ်မံလျှောက်ထားခြင်း မရှိစေရ။

၄၆။ လိုင်စင်ပယ်ဖျက်ခြင်းခံရသူ၏ လက်ဝယ်တွင်ရှိသော ပြည်ပတိုင်းရင်းဆေးဝါး သို့မဟုတ် ကျန်းမာရေးဖြည့်စွက်ခတ်စာများကို ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီက ညွှန်ကြားသည့်အတိုင်း လိုက်နာဆောင်ရွက်ရမည်။

**အခန်း (၉)**

**အယူခံခြင်း**

၄၇။ ဗဟိုတိုင်းရင်းဆေးဝါး ကြီးကြပ်ရေးကော်မတီက ဆေးဝါးနှင့်စပ်လျဉ်း၍ ချမှတ်သည့် အောက်ပါဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း အာဏာပိုင်အဖွဲ့သို့ အယူခံဝင်နိုင်သည်–

(က) မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန်သို့မဟုတ် မှတ်ပုံတင်သက်တမ်းတိုးမြှင့်ပေးရန် ငြင်းပယ်ခြင်း၊

( ခ ) မှတ်ပုံတင်လက်မှတ်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊

( ဂ ) လိုင်စင်ထုတ်ပေးရန် သို့မဟုတ် လိုင်စင်သက်တမ်းတိုးပေးရန် ငြင်းပယ်ခြင်း၊

(ဃ) လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း။

၄၈။ အာဏာပိုင်အဖွဲ့သည် ပုဒ်မ ၄၈ အရ အယူခံမှုတွင် ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီက ချမှတ်သော အမိန့်တစ်ရပ်ရပ်ကို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် အတည်ပြုခြင်းပြုနိုင်သည်။

၄၉။ အာဏာပိုင်အဖွဲ့၏ ဆုံးဖြတ်ချက်သည် စီမံခန့်ခွဲရေးနည်းလမ်းအရ အပြီးအပြတ်ဖြစ်သည်။

**အခန်း (၁၀)**

**တားမြစ်ချက်များ**

၅၀။ မည်သူမျှ အောက်ဖော်ပြပါ တိုင်းရင်းဆေးဝါးကို ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်းမပြုရ –

(က) မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါး၊

( ခ ) မှတ်ပုံတင်လက်မှတ် ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုလုပ်ထားသော တိုင်းရင်းဆေးဝါး၊

( ဂ ) စံမညီဆေးဝါး၊

(ဃ) ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီမှ ရောနှောဆေးဝါးဖြစ်သည်ဟု ကြေညာထားသောဆေးဝါး၊

( င ) သုံးစွဲရန်မသင့်ဟု ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ထားသော တိုင်းရင်းဆေးဝါး၊

၅၁။ မည်သူမျှ အောက်ဖော်ပြပါ တိုင်းရင်းဆေးဝါးကို ရောင်းချခြင်းမပြုရ –

(က) မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါး၊

( ခ ) မှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်ခြင်း သို့မဟုတ် ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်းပြုထားသော တိုင်းရင်းဆေးဝါး၊

( ဂ ) ပျက်စီးတိုင်းရင်းဆေးဝါး၊

(ဃ) ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီမှ ရောနှောဆေးဝါးဖြစ်သည်ဟု ကြေညာထားသောဆေးဝါး၊

( င ) သုံးစွဲရန်မသင့်ဟု ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ထားသော မှတ်ပုံတင်တိုင်းရင်းဆေးဝါး။

၅၂။ မည်သူမျှ ဆေးဝါးထုတ်လုပ်ခွင့်လိုင်စင်မရှိဘဲ ဆေးဝါးကိုထုတ်လုပ်ခြင်း မပြုရ။

၅၃။ မည်သူမျှ မှတ်ပုံတင်ထားခြင်းမရှိသော ပြည်ပတိုင်းရင်းဆေးဝါး သို့မဟုတ် ကျန်းမာရေးဖြည့်စွက်ခတ်စာကို ပြည်ပမှတင်သွင်းခြင်းမပြုရ။

၅၄။ မည်သူမျှ လိုင်စင်မရှိဘဲ ပြည်ပတိုင်းရင်းဆေးဝါး သို့မဟုတ် ကျန်းမာရေးဖြည့်စွက်ခတ်စာကို သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ပြုပြင်ထုပ်ပိုးခြင်း မပြုရ။

၅၅။ မှတ်ပုံတင်လက်မှတ်ကို ကာလအကန့်အသတ်ဖြင့် ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်းပြုထားသည့် ပြည်ပတိုင်းရင်းဆေးဝါး သို့မဟုတ် ကျန်းမာရေးဖြည့်စွက်ခတ်စာများကို ကန့်သတ်ထားသည့် ကာလအတွင်း ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်းမပြုရ။

၅၆။ မည်သူမျှ မှတ်ပုံတင်ထားခြင်းမရှိသော ပြည်ပတိုင်းရင်းဆေးဝါး သို့မဟုတ် ကျန်းမာရေးဖြည့်စွက်ခတ်စာကို ရောင်းချခြင်းမပြုရ။

၅၇။ မည်သူမျှ မှတ်ပုံတင်ရရှိပြီးဖြစ်သော ဆေးဝါးတစ်မျိုးမျိုးကို အတုအပ ပြုလုပ်ခြင်းမပြုရ။

**အခန်း (၁၁)**

**ပြစ်မှုနှင့် ပြစ်ဒဏ်များ**

၅၈။ မည်သူမဆို ပုဒ်မ ၅၀ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ် ချမှတ်ရမည့်အပြင် ကျပ်ငါးသိန်းထက်မပိုသော ငွေဒဏ် ချမှတ်ရမည်။

၅၉။ မည်သူမဆို ပုဒ်မ ၅၁ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ကျပ်သုံးသိန်းထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။

၆၀။ မည်သူမဆို ပုဒ်မ ၅၂ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင်–

(က) မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးနှင့်သက်ဆိုင်သည့် ပြစ်မှုဖြစ်ပါက ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ် ချမှတ်ရမည့်အပြင် ကျပ်ငါးသိန်းထက်မပိုသော ငွေဒဏ်ကျခံစေရမည်၊

( ခ ) မှတ်ပုံတင်ထားသော ဆေးဝါးနှင့်သက်ဆိုင်သည့် ပြစ်မှုဖြစ်ပါက ထိုသူကို နှစ်နှစ်ထက် မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ကျပ်သုံးသိန်းထက်မပိုသော ငွေဒဏ်ကျခံစေရမည်၊

( ဂ ) ပြစ်မှုနှင့်သက်ဆိုင်သော သက်သေခံပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်းခံရမည်။

၆၁။ မည်သူမဆို ပုဒ်မ ၅၃၊ ၅၄ သို့မဟုတ် ၅၇ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ကျပ်ငါးသိန်းထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။

၆၂။ မည်သူမဆို ပုဒ်မ ၅၆ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ကျပ်သုံးသိန်းထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။

၆၃။ မည်သူမဆို ပုဒ်မ ၅၅ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင် ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ကျပ်ငါးသိန်းထက် မပိုသော ငွေဒဏ်ချမှတ်ရမည်။

၆၄။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငါးနှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ကျပ်ဆယ်သိန်းထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။

**အခန်း(၁၂)**

**အထွေထွေ**

၆၅။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပြဋ္ဌာန်းပါရှိစေကာမူ တိုင်းရင်းဆေးဝါးကိစ္စရပ်နှင့် စပ်လျဉ်း၍ ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၆၆။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော အာဏာပိုင်အဖွဲ့ဝင်၏ ချီးမြှင့်ငွေနှင့်စရိတ်များအတွက် ဝန်ကြီးဌာန၏ ဘဏ္ဍာရန်ပုံငွေမှ ကျခံရမည်။

၆၇။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုအဖြစ် သတ်မှတ်သည်။

၆၈။ ဝန်ကြီးဌာနသည်အစိုးရဌာန သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုအား တိုင်းရင်းဆေးဝါး၏ အရည်အသွေးနှင့် အာနိသင်အား ထိခိုက်မှုမရှိပါက ဤဥပဒေပါပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို လိုက်နာ ဆောင်ရွက်ခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည်။

၆၉။ တစ်ပိုင်တစ်နိုင် တိုင်းရင်းဆေးဝါးလုပ်ငန်းသည် ထုတ်လုပ်ခွင့်လိုင်စင်ကင်းလွတ်ခွင့်အတွက် သတ်မှတ်ထားသည့် နည်းလမ်းနှင့်အညီ အာဏာပိုင်အဖွဲ့သို့ လျှောက်ထားရမည်။

၇၀။ တိုင်းရင်းဆေးဝါးကို ပြည်ပသို့ တင်ပို့ရောင်းချလိုသူသည် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ သက်ဆိုင်ရာအစိုးရဌာန အဖွဲ့အစည်း၏ ခွင့်ပြုချက်ရယူရမည်။

၇၁။ ပြည်ပသို့တင်ပို့ရန် ခွင့်ပြုချက်ထုတ်ပေးခွင့်ရှိသော အစိုးရဌာန သို့မဟုတ် အဖွဲ့အစည်းသည် ဤဥပဒေအရ မှတ်ပုံတင်ထားသော တိုင်းရင်းဆေးဝါးကိုသာ တင်ပို့ခွင့်ပြုနိုင်သည်။

၇၂။ ဤဥပဒေအာဏာသက်ရောက်သည့်နေ့မှစ၍ တိုင်းရင်းဆေးဝါးထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်လိုသူသည် ဤဥပဒေနှင့်အညီ မှတ်ပုံတင်ခြင်း၊ လိုင်စင်ရယူခြင်းတို့ကို ဆောင်ရွက်ရမည်။

၇၃။ ဤဥပဒေအာဏာသက်ရောက်သည့်နေ့တွင် တိုင်းရင်းဆေးဝါးဥပဒေ (နိုင်ငံတော်ငြိမ်ဝပ် ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၇/၉၆)အရ တိုင်းရင်းဆေးဝါးမှတ်ပုံတင်နှင့် တိုင်းရင်းဆေးဝါးထုတ်လုပ်ခွင့်လိုင်စင် ရရှိထားပြီးသူများသည် ဤဥပဒေနှင့် မဆန့်ကျင်ပါက သက်တမ်းကုန်သည်အထိ ဆက်လက်အတည်ဖြစ်၍ သက်တမ်းတိုးဆောင်ရွက်သောအခါ ပုဒ်မ ၁၄ ပုဒ်မခွဲ(ဂ)နှင့် ပုဒ်မ ၂၂ ပုဒ်မခွဲ(ဂ) တို့အရ ဆောင်ရွက်ရမည်။

၇၄။ ဤဥပဒေပါ ပြစ်မှုများကို အာမခံပေးနိုင်သော ပြစ်မှုအဖြစ် သတ်မှတ်သည်။

၇၅။ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ခွင့်ပြုချက် တစ်စုံတစ်ရာမရှိဘဲ ပြည်ပသို့တင်ပို့သည့် တိုင်းရင်းဆေးဝါးများကို သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုက ဖမ်းဆီးရမိလျှင် သက်သေခံပစ္စည်းအား အာဏာပိုင်အဖွဲ့ သို့မဟုတ် အာဏာပိုင်အဖွဲ့က လွှဲအပ်ခြင်းခံရသော အဖွဲ့ အစည်းသည် သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ လွှဲပြောင်းနိုင်ရန် စီမံဆောင်ရွက်ရမည်။

၇၆။ အာဏာပိုင်အဖွဲ့နှင့် အာဏာပိုင်အဖွဲ့က တာဝန်လွှဲအပ်ခြင်းခံရသော အဖွဲ့အစည်း၏ ရုံးလုပ်ငန်းများကို တိုင်းရင်းဆေးပညာဦးစီးဌာနက ဆောင်ရွက်ရမည်။

၇၇။ ဝန်ကြီးဌာနသည် တိုင်းရင်းဆေးဝါးစိစစ်ရေးလုပ်ငန်းများကို ဆောင်ရွက်ရန် မိမိလက်အောက်ရှိ ဝန်ထမ်းများကို တိုင်းရင်းဆေးဝါးစစ်ဆေးရေးမှူးများအဖြစ် တာဝန်ပေးအပ်နိုင်သည်။

၇၈။ ဤဥပဒေပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်–

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်၊

( ခ ) ဝန်ကြီးဌာနနှင့် ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်၊

( ဂ ) ဦးစီးဌာနသည် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

၇၉။ တိုင်းရင်းဆေးဝါးဥပဒေ (နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၇/၉၆) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

# မြို့နယ်များ၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုနှင့် မြေသားပြိုကျမှုများဖြစ်ပေါ်

### ပူတာအို

ကချင်ပြည်နယ် ပူတာအိုမြို့နယ်တွင် ယခုရက်ပိုင်း မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မြေသားနံရံပြိုကျခြင်းနှင့် ကြိုးတံတားတစ်စင်း မျောပါဆုံးရှုံးမှု ဇူလိုင် ၂၃ ရက်က ဖြစ်ခဲ့ကြောင်း သိရသည်။

ယနေ့ နံနက် ၁ နာရီက ပူတာအိုမြို့နယ် ပမ္မတီးကျေးရွာအုပ်စု ဂျေဂျီဒီကျေးရွာ ပြည်သူများက အလှူရှင် အကူအညီဖြင့် တည်ဆောက်ထားသော ဂျေဂျီဒီ-မုဒုံ (၂) သွားလမ်း နမ့်ပလန့်ချောင်းကူးကြိုးတံတား အရှည်ပေ ၂၇၀ သည် နမ့်ပလန့်ချောင်းရေမြင့်တက်မှုကြောင့် မျောပါပျက်စီးသွားကြောင်းနှင့် ဆုံးရှုံးမှုတန်ဖိုးမှာ ငွေကျပ် သိန်း ၅၀ ဖြစ်ကြောင်း သိရသည်။

နံနက် ၃ နာရီခန့်တွင် မြို့မရပ်ကွက် (၁) ရဲစခန်းကုန်းအောက်အဆင်းလမ်းတွင် မိုးရွာသွန်းမှုကြောင့် ရေနုတ်မြောင်းနှင့် လမ်းမပေါ်သို့ မြေသားနံရံပြိုကျမှုဖြစ်ရာ အဆိုပါ မြေသားနံရံပြိုကျရာနေရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်စင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်ကိုလွင်နှင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်ပြည်သူများနှင့်အတူ ပူတာအိုနန်းတော် ဆောက်လုပ်ရေးကုမ္ပဏီက Loader ယာဉ်တစ်စီးဖြင့် လမ်းသွားလမ်းလာ အဆင်ပြေစေရန်အတွက် ပူးပေါင်းရှင်းလင်းဆောင်ရွက်ခဲ့ခြင်းကြောင့် ပုံမှန်အတိုင်း ပြန်လည်သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

### ထီးချိုင့်

ထီးချိုင့်မြို့၌ ဧရာဝတီမြစ်ရေသည် ယနေ့ နံနက် ၆ နာရီတိုင်းထွာချက်အရ ၇၄၀ စင်တီမီတာသို့ ရောက်ရှိနေပြီး ထီးချိုင့်မြို့ စိုးရိမ်ရေမှတ်သည် ၇၄၀ စင်တီမီတာဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

ထီးချိုင့်မြို့နယ်အတွင်းရှိ ရပ်ကွက် ကျေးရွာအုပ်စုများမှ တင်ပြလာသည့် စာရင်းများအရ ရေဘေးရှောင်



ရွှေကူမြို့နယ်ရှိ ရေဘေးသင့်နေအိမ်များမှ ပစ္စည်းများအား ကယ်ဆယ်ရေးအဖွဲ့များက ဘေးလွတ်ရာသို့ ကူညီရွှေ့ပြောင်းပေးစဉ်။

အိမ်ထောင်စုပေါင်း ၁၂၈ စု၊ အမျိုးသား ၂၇၃ ဦး၊ အမျိုးသမီး ၂၈၆ ဦး စုစုပေါင်း ၅၅၉ ဦးတို့သည် ရွှေစည်းခုံဘုန်းတော်ကြီးကျောင်းနှင့် နီးစပ်ရာဆွေမျိုးများနေအိမ်သို့ ပြောင်းရွှေ့နေထိုင်ကြကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

### ရေနံချောင်း

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်တွင် ဧရာဝတီမြစ်ရေမြင့်တက်လာပြီး ကျေးရွာအတွင်း ရေဝင်မှုကြောင့် မိန်းမလှကျေးရွာမှ အိမ်ထောင်စု ၂၇ စု၊ မိသားစုဝင် ၁၃၂ ဦးနှင့် ၎င်းတို့မွေးမြူထားသော ကျွဲ၊ နွား၊ ဝက်များကို ဇူလိုင် ၂၂ ရက်က ရေဘေးလွတ်ရာ ပင်းစက္ကလံပ ဘုရားဝင်းအတွင်းရှိ ဇရပ်ဆောင်များတွင် ယာယီပြောင်းရွှေ့ နေရာချထားပေးခဲ့ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် ဇူလိုင် ၁၉ ရက်က မိန်းမလှကျေးရွာမှ အိမ်ထောင်စု ခြောက်စု မိသားစုဝင် ၂၉ ဦး၊ ဇူလိုင် ၂၀ ရက်က အိမ်ထောင်စု ခြောက်စု မိသားစုဝင် ၂၇ ဦးတို့နှင့် ၎င်းတို့မွေးမြူထားသည့် တိရစ္ဆာန်များကို အဆိုပါဘုရားဝင်းအတွင်းရှိ ဇရပ်ဆောင်များတွင် ပြောင်းရွှေ့နေရာချထားပေးခဲ့သည်။

ထို့အပြင် ဝက်လွတ်ကျေးရွာအုပ်စု လမ်းကူးကျေးရွာတွင်လည်း ဧရာဝတီမြစ်ရေတိုက်စားပြီး မြစ်ကမ်းပါးပြိုကျမှုကြောင့် ဘေးအန္တရာယ်ကျရောက်နိုင်သဖြင့် အိမ်ထောင်စု ခုနစ်စုမှ မိသားစုဝင် ၃၆ ဦးတို့ကို ဘေးလွတ်ရာ သမ္ဘာန်တင်ကျေးရွာရှိ မြေလွတ်များသို့ ဇူလိုင် ၂၀ ရက်က ကြိုတင်ပြောင်းရွှေ့ခဲ့ကြောင်း သိရသည်။ **ကိုစိုးကြီး**

### ရွှေကူ

ကချင်ပြည်နယ် ရွှေကူမြို့၌ ဧရာဝတီမြစ်ရေ ဆက်လက်မြင့်တက်လာမှုကြောင့် အမှတ် (၄) ရပ်ကွက်ရှိ လူနေအိမ်များတွင် ဧရာဝတီမြစ်ရေဝင်သဖြင့် ယနေ့ နံနက် ၈ နာရီခွဲခန့်က ရွှေကူမြို့နယ် မီးသတ်ဦးစီးဌာနနှင့် တာဝန်ရှိသူများက ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်သည်။

ယင်းသို့ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရွှေကူမြို့နယ် မီးသတ်ဦးစီးဌာနနှင့် တာဝန်ရှိသူများက မီးသတ်ယာဉ်တစ်စီးဖြင့် ဧရာဝတီမြစ်ရေဝင်သော အမှတ် (၄) ရပ်ကွက်ရှိ အိမ်ထောင်စု ရှစ်စုအား ရေဘေးလွတ်ရာသို့ ပစ္စည်းများ ထုပ်ပိုးသယ်ယူပို့ဆောင်ခြင်းများ ဆောင်ရွက်သည်။

ရွှေကူမြို့နယ်တွင် ဧရာဝတီမြစ်ရေ ဆက်လက်မြင့်တက်လာမှုကြောင့် ဇူလိုင် ၁၁ ရက်မှ ၂၃ ရက်အထိ ပြောင်းရွှေ့ပေးခဲ့ရသော အိမ်ထောင်စုပေါင်း ၅၁ စုရှိပြီး သူငွေးတောရဘုန်းတော်ကြီးကျောင်း၊ အောင်တော်မူဘုရား၊ ပုဗ္ဗာရုံဘုန်းတော်ကြီးကျောင်းနှင့် မြဝတီဘုန်းတော်ကြီးကျောင်းတိုက်တို့တွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတိုးတိုးဝင်းနှင့် တာဝန်ရှိသူများက ရေဘေးကျရောက်ခဲ့သော အိမ်ထောင်စုများအား ယာယီပြောင်းရွှေ့နေရာချထားပေးလျက်ရှိကြောင်း သိရသည်။ **ကျော်မျိုးအောင် (ပြန်/ဆက်)**

### တနိုင်း

ကချင်ပြည်နယ် တနိုင်းမြို့နယ်တွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် နမ္မတီး – တနိုင်း – ပန်ဆောင်လမ်း လီဒိုလမ်းမကြီးတွင် လမ်းရေကျော်နေသဖြင့် လမ်းကြောင်းယာယီပြတ်တောက်လျက်ရှိပြီး ရေဝင်ရောက်လျက်ရှိသော တနိုင်းမြို့ ဒူးကောင်းရပ်ကွက် အောင်စိုးမိုးကျေးရွာအပိုင်းရှိ အိမ်ထောင်စု ၅၀ ခန့်အား သောက်သုံးရေပြတ်လပ်မှု မရှိစေရေးအတွက် ယနေ့ နံနက် ၁၀ နာရီက သူရိယပန်းတိုင်နာရေးကူညီမှုအသင်း မှ သောက်သုံးရေ ၂၀ လီတာ ဘူးကြီး ၅၀ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ တနိုင်းမြို့နယ် တနိုင်း–မိုးခွန်သွားလမ်း ဂျိဆာဒီကျေးရွာအပိုင်းတွင်လည်း လမ်းရေကျော်နေသဖြင့် လမ်းကြောင်းခေတ္တပြတ်တောက်လျက်ရှိပြီး ရေဝင်ရောက်လျက်ရှိသည့် အိမ်ထောင်စု ၁၉၁ စုခန့်အား မြို့နယ်စီမံခန့်ခွဲမှုကော်မတီမှ သောက်သုံးရေ ၂၀ လီတာ ဘူးကြီး ၂၀ နှင့် ခေါက်ဆွဲခြောက်များ၊ ဒကစ(တနိုင်း)မှ သောက်သုံးရေ ၂၀ လီတာ ဘူးကြီး ၅၀ တို့ကို ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

**စိုင်းထင်ကျော် (ပြန်/ဆက်)**

## ဦးဒေးဗစ်လားနှင့် ဦးဝေထွန်းတို့အား (၁၄) ကြိမ်မြောက်ရုံးထုတ် ဩဂုတ် ၆ ရက်တွင် အပြီးသတ်စီရင်ချက်အမိန့် ချမှတ်မည်

**ရန်ကုန် ဇူလိုင် ၂၃**

မရမ်းကုန်းမြို့နယ် တရားရုံးတွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၂၅ အရ တရားစွဲဆိုခံထားရသည့် ဦးဒေးဗစ်(ခ)စောဒေးဗစ် (ခ) ဒေးဗစ်လားနှင့် ဦးဝေထွန်းတို့အား ဇူလိုင် ၂၃ ရက် နံနက် ၁၀ နာရီက မရမ်းကုန်းမြို့နယ်တရားရုံးသို့ (၁၄) ကြိမ်မြောက် ရုံးထုတ်ခဲ့ပြီး မရမ်းကုန်းမြို့နယ် တရားသူကြီး ဦးမိုးဆွေ၏ တရားခွင်၌ နှစ်ဖက်ရှေ့နေများ၏ အပြီးသတ်လျှောက်လဲချက် စစ်ဆေးကြားနာမှု ပြုလုပ်ခဲ့ကြောင်း သိရသည်။

မရမ်းကုန်းမြို့နယ် တရားရုံး သတင်းပြန်ကြားရေးအရာရှိ မြို့နယ်တရားသူကြီး ဦးမိုးဆွေက "ဒီကနေ့ ကျွန်တော်တို့ မြို့နယ်တရားရုံးရဲ့ ရာဇဝတ်ကြီးမှုအမှတ်- ၆၈၅/ ၂၀၂၀ ဦးဝေထွန်းပါ နှစ်ဦးကို သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၂၅ အရ တရားလို ဦးရဲဝင်းအောင် စွဲဆိုထားမှုကို ချိန်းဆိုစစ်ဆေးတာဖြစ်ပါတယ်။ တရားခံ-တရားလို နှစ်ဖက်ရှေ့နေများရဲ့ အပြီးသတ်လျှောက်လဲချက်ကို ကြားနာစစ်ဆေးခဲ့ပါတယ်။ ဩဂုတ် ၆ ရက်မှာ အပြီးသတ်အမိန့်ချမှတ်ဖို့ ချိန်းဆိုထားပါတယ်" ဟု ပြောကြားသည်။

အဆိုပါ အမှုနှင့် ပတ်သက်၍ စစ်ဆေးမှုပြုလုပ်ခဲ့ရာ၌ တရားစွဲသည့်နေ့မှစ၍ တရားလိုနှင့် တရားလိုပြသက်သေ ၁၄ ဦး စစ်ဆေးပြီးနောက် အပြစ်ရှိကြောင်း ကြားဖြတ်အမိန့် ချမှတ်ခဲ့သည်။ တရားစွဲဆိုခံထားရသူများက အပြစ်မရှိကြောင်း ငြင်းဆိုသည့်အတွက် တရားခံပြသက်သေခြောက်ဦးကို ဇူလိုင် ၁၆ ရက်တွင် အပြီးသတ်စစ်ဆေးမှု ပြုလုပ်ခဲ့ကာ ယနေ့တွင် နှစ်ဖက်ရှေ့နေများ၏ လျှောက်လဲချက်ကို အပြီးသတ်ကြားနာပြီး ဩဂုတ် ၆ ရက် (ကြာသပတေးနေ့)တွင် အပြီးသတ်စီရင်ချက်အမိန့် ချမှတ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဤအမှုသည် အပြစ်ရှိကြောင်း မှန်ကန်ပါက သုံးနှစ်ထက်မပိုသော ထောင်ဒဏ် (သို့မဟုတ်) ငွေဒဏ် အမိန့်ချမှတ်နိုင်ကြောင်း သိရသည်။

**မျိုးမင်းသိန်း (မရမ်းကုန်း)**




## ကံမမြို့၌ သစ်ကိုင်းကျိုးကျမှုကြောင့် ဝန်ထမ်းနေအိမ်တစ်လုံး ပျက်စီး

**ကံမ ဇူလိုင် ၂၃**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့ အမှတ် (၁) ရပ်ကွက် မြို့အထွက်၌ ယနေ့ ညနေ ၃ နာရီ ၃၅ မိနစ်ခန့်က စစ်မှုထမ်းဟောင်း ဝန်ထမ်းအိမ်ရာ တစ်ထပ်အိမ်တစ်လုံးပေါ်သို့ ယူကလစ်နှင့် စိန်ပန်းပင် ကိုင်းကျိုးကျမှု ဖြစ်ခဲ့သည်။

အဆိုပါနေရာသို့ မြို့နယ်မီးသတ်စခန်းရှိ ဒုတိယမီးသတ်ဦးစီးမှူး ဦးကျော်သူလတ် ဦးဆောင်၍ သန္ဓေတပ်ဖွဲ့ဝင် ခုနစ်ဦးတို့က မီးသတ်ယာဉ်တစ်စီးဖြင့် သွားရောက်ရှင်းလင်း ဖယ်ရှားပေးသည်။

အဆိုပါ သစ်ကိုင်းကျိုးကျမှုကြောင့် စစ်မှုထမ်းဟောင်း ဝန်ထမ်းအိမ်ရာ တစ်ထပ်အိမ်တစ်လုံး ထိခိုက်ပျက်စီးခဲ့ပြီး လူနှင့်တိရစ္ဆာန် ထိခိုက်သေဆုံးမှုမရှိကြောင်း မြို့နယ်မီးသတ်စခန်းမှ သိရသည်။ **ဝေသူနွယ် (မြန်မာ့အလင်း)**

● *ကျောဖုံးမှ*

လုပ်ဆောင်သွားရန် အဆင်သင့်ရှိနေကြောင်း သိရသည်။ အာဆင်နယ်အသင်းသည် အူဘာမီယန် တောင်းဆိုထားသော တစ်ပတ် ပေါင် ၂၅၀၀၀၀ အပြင် အပိုဆုကြေးပါ ပေးချေသွားရန် ပြင်ဆင်နေကြောင်းလည်း သိရသည်။

အူဘာမီယန်သည် ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ကစားရန် ချိတ်ဆက်ခံထားရသူဖြစ်ကြောင်း သိရသည်။ ထို့အပြင် အင်တာမီလန်နှင့် မန်ယူအသင်းအပါအဝင် ဥရောပအသင်းအများအပြားကလည်း အဆိုပါ ကစားသမားကို ခေါ်ယူရန် ချိတ်ဆက်နေကြောင်း သိရသည်။ သို့သော်လည်း အူဘာမီယန်သည် အာဆင်နယ်အသင်းကို တာဝန်ယူကိုင်တွယ်လျက်ရှိသော နည်းပြ အာတီတာနှင့် ဆက်ဆံရေးကောင်းမွန်လျက်ရှိကြောင်း ထုတ်ဖော်ပြောကြားထားခြင်းကြောင့် ၎င်းအနေဖြင့် အမ်းမရိတ်တွင် စာချုပ်သစ် ချုပ်ဆိုသွားဖွယ်ရှိနေသည်။

အူဘာမီယန်သည် အာဆင်နယ်အသင်း၌ တစ်ပတ် ပေါင် ၁၉၈၀၀၀ ရရှိနေသူဖြစ်သည်။ အာဆင်နယ်အသင်းသည် အူဘာမီယန်ကို စာချုပ်သစ် မချုပ်ဆိုနိုင်ခဲ့ပါက အဆိုပါ ကစားသမားကို ခေါ်ယူမည့်အသင်းများအနေဖြင့် အူဘာမီယန်ကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူနိုင်မည်လည်းဖြစ်သည်။ ထို့အပြင် အူဘာမီယန်အနေဖြင့် အာဆင်နယ်အသင်း ကမ်းလှမ်းချက်ကို လက်ခံခဲ့လျှင် မီဆွပ်အိုဇေးလ်တစ်ပတ်ရရှိနေသည့် လုပ်အားခနှင့် ကွာခြားနေဦးမည်ဖြစ်သည်။ အိုဇေးလ်သည် အာဆင်နယ်အသင်းတွင် တစ်ပတ် ပေါင် ၃၅၀၀၀၀ ဖြင့် လုပ်ခလစာအများဆုံးရရှိနေသူဖြစ်သည်။ အူဘာမီယန်သည် ၂၀၁၈ ခုနှစ်တွင် ဒေါ့မွန်အသင်းမှ အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာသူဖြစ်ပြီး အာဆင်နယ်အသင်းအတွက် ယခုနှစ်ရာသီ ပရီမီယာလိဂ်သွင်းဂိုး ၂၀ အပါအဝင် ပြိုင်ပွဲအရပ်ရပ် ၁၀၇ ပွဲ ပါဝင်ကစားထားပြီး ၆၆ ဂိုး သွင်းယူပေးထားနိုင်ကြောင်း သိရသည်။

အခြားဆက်စပ်သတင်းတစ်ရပ်အနေဖြင့် အာဆင်နယ်အသင်းသည် အသက် ၂၂ နှစ်အရွယ်ရှိ အက်စ်တွန်ဗီလာအသင်းမှ ကွင်းလယ်ကစားသမား ဒေါက်ကလပ်စ် လူးဝစ်ကို ခေါ်ယူရန် ရည်ရွယ်နေကြောင်း သိရသည်။

အာဆင်နယ်အသင်းသည် ၁၉၉၅ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် အမှတ်ပေးဇယား ထိပ်ဆုံးခြောက်သင်းအဆင့်နှင့် လွဲချော်ဖွယ်ရှိနေသည်။ ထို့အပြင် လာမည့်နှစ် ချန်ပီယံလိဂ်ဝင်ခွင့်နှင့်လည်း ဆက်လက်လွဲချော်နေဦးမည်ဖြစ်သည်။ သို့သော်လည်း အာဆင်နယ်အသင်းအနေဖြင့် အက်ဖ်အေဖလားဗိုလ်လုပွဲတွင် ပြိုင်ဘက်ချယ်လ်ဆီးအသင်းကို အနိုင်ရရှိခဲ့ပါက လာမည့်နှစ်တွင် ယူရိုပါလိဂ်ဝင်ခွင့်ရရှိရန် အခွင့်အရေးရှိနေသည်။

အာဆင်နယ်အသင်းသည် လာမည့်ပွဲစဉ်အဖြစ် ဇူလိုင် ၂၆ ရက်တွင် ဝက်ဖို့ဒ်အသင်းနှင့် ယှဉ်ပြိုင်ကစားရန် ကျန်ရှိနေသေးသည်။ ထို့အပြင် လာမည့် ဩဂုတ် ၁ ရက်တွင် အက်ဖ်အေဖလားဗိုလ်လုပွဲအဖြစ် ဝင်ဘာလေအားကစားကွင်းကြီးတွင် ချယ်လ်ဆီးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**အောင်ဇော်**

# အင်္ဂါဂြိုဟ်အာကာသ စူးစမ်းလေ့လာရေးယာဉ် တရုတ်နိုင်ငံအောင်မြင်စွာ လွှတ်တင်

**ဝမ်ချမ်း၊ ဟိုင်နန် ဇူလိုင် ၂၃**

တရုတ်နိုင်ငံသည် အင်္ဂါဂြိုဟ်အာကာသစူးစမ်းလေ့လာရေး ယာဉ်ကို ဇူလိုင် ၂၃ ရက်က လွှတ်တင်လိုက်ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြလိုက်သည်။

တရုတ်နိုင်ငံ၏ အကြီးဆုံးဂြိုဟ်တုသယ်ဆောင်ရေး ယာဉ်ဖြစ်သည့် လောင်းမာ့ချ်-၅ ဒုံးပျံသည် အလေးချိန် ၅ တန်ခန့်ရှိသော အာကာသယာဉ်ကို သယ်ဆောင်ကာ ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီ ၄၁ မိနစ်တွင် တရုတ်နိုင်ငံတောင်ပိုင်း ဟိုင်နန်ပြည်နယ်ရှိ ဝမ်ချမ်းအာကာသ လွှတ်တင်ရေးစင်တာမှ လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

ယခုခရီးစဉ်တွင် ဂြိုဟ်ပတ်လမ်းကြောင်းဆက်ခြင်း၊ ဆင်းသက်ခြင်းနှင့် လှည့်လည်သွားလာခြင်းတို့ကို လုပ်ဆောင်ရန် ရည်ရွယ်ထားသည်။ ယခုခရီးစဉ်သည် အင်္ဂါဂြိုဟ်ဆိုလာစနစ် စူးစမ်းလေ့လာရေးတွင် ပထမခြေလှမ်းဖြစ်ကြောင်း သိရသည်။

ဒုံးပျံလွှတ်တင်ပြီး ၃၆ မိနစ်ခန့် ကြာပြီးနောက် ဂြိုဟ်ပတ်လမ်းကြောင်းသွားယာဉ်တစ်စင်းနှင့် ဂြိုဟ်ပေါ်ဆင်းသက်ယာဉ်တစ်စင်းအပါအဝင် အဆိုပါအာကာသယာဉ်ကို အင်္ဂါဂြိုဟ်ပတ်လမ်းအတွင်းသို့ ပို့လွှတ်ခဲ့သည်။ အင်္ဂါဂြိုဟ်သို့ရောက်ရှိရန် ခုနစ်လနီးပါး ကြာမြင့်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံ အမျိုးသားအာကာသစီမံခန့်ခွဲမှုဦးစီးဌာနက ပြောကြားလိုက်သည်။

တရုတ်နိုင်ငံ၏ ပထမဆုံး အင်္ဂါဂြိုဟ်ခရီးစဉ်ကို ထျန်းဝန်-၁ ဟု အမည်ပေးထားကြောင်း သိရသည်။

အဆိုပါအမည်သည် အမှန်တရားနှင့် သိပ္ပံနည်းလမ်းကို လိုက်လျောညီထွေမှုရှိစေခြင်းဖြင့် သဘာဝတရားနှင့် စကြဝဠာကို စူးစမ်းခြင်းတွင် တရုတ်နိုင်ငံ၏ ဖွဲလုံ့လကို ဖော်ပြခြင်းဖြစ်ကြောင်း တရုတ်နိုင်ငံ အမျိုးသားအာကာသစီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားလိုက်သည်။

**ဆင်ဟွာ**



တရုတ်နိုင်ငံတောင်ပိုင်း ဟိုင်နန်ပြည်နယ်ရှိ ဝမ်ချမ်းအာကာသယာဉ်လွှတ်တင်ရေးနေရာမှ အင်္ဂါဂြိုဟ်စူးစမ်းလေ့လာရေး ယာဉ်တင်ဆောင်ထားသော လောင်းမာ့ချ်-၅ ဒုံးပျံကို လွှတ်တင်နေစဉ်။

# ဝါရှင်တန်မြို့တော်ဝန်က ပါးစပ်နှာခေါင်းစည်းဝတ်ဆင်ရန် အမိန့်ထုတ်

**ဝါရှင်တန် ဇူလိုင် ၂၃**

ဝါရှင်တန်မြို့တော်ဝန်က တနင်္လာနေ့တွင် ပါးစပ်နှာခေါင်းစည်းတပ်ဆင်ရန် စည်းကမ်းတင်းကျပ်လိုက်ကြောင်း၊ အိမ်မှထွက်ခွာသည်နှင့် တစ်ပြိုင်နက် ပါးစပ် နှာခေါင်းစည်း တပ်ဆင်ရမည်ဖြစ်ကြောင်း အမိန့်ထုတ်ပြန်လိုက်သည်။

အခြားလူတစ်ဦးနှင့် ထိတွေ့ပြောဆိုတော့မည်ဆိုပါက အိမ်မှထွက်သည်နှင့်တစ်ပြိုင်နက် ပါးစပ်နှာခေါင်းစည်း ဝတ်ဆင်ရမည်ဖြစ်ကြောင်း မြို့တော်ဝန် မူရီရယ်ဘိုဆာ၏ ရုံးမှ ထုတ်ပြန်ကြေညာလိုက်သည်။

ဒီမိုကရက်တစ်တစ်ဦးဖြစ်သည့် ဘိုဆာသည် ဝါရှင်တန်မြို့နေပြည်သူများကို ပါးစပ်နှာခေါင်းစည်း ဝတ်ဆင်ရန် တိုက်တွန်းထားသလို နေ့စဉ်လူမှုဘဝတွင် ခပ်ခွာခွာ နေရန်လည်း တိုက်တွန်းထားသည်။

ဝါရှင်တန်သည် အမေရိကန်ပြည်ထောင်စု၏ အဓိကအရေးပါသော မြို့ကြီးတစ်မြို့ဖြစ်သည်။ ကိုဗစ်-၁၉ ဖြစ်စဉ်များ လျော့နည်းကျဆင်းလာသော်လည်း ဝါရှင်တန်သည် ကိုဗစ်-၁၉ ကို အတော်လေးသတိထား၍ တင်းကျပ်မှုများ လုပ်ဆောင်လျက်ရှိသည်။

**အေအက်ဖ်ပီ**



ဝါရှင်တန်မြို့တော်ဝန် မူရီရယ်ဘိုဆာ

# ကိုလံဘီယာနိုင်ငံတွင် အဓမ္မမှုနှင့်ကလေးသူငယ်သတ်ဖြတ်မှုများကို တစ်သက်တစ်ကျွန်းပြစ်ဒဏ်ပေး



ကိုလံဘီယာ သမ္မတ အီဗန်ဒု

**ဘိုကိုတာ ဇူလိုင် ၂၃**

ကိုလံဘီယာသမ္မတ အီဗန်ဒုသည် အဓမ္မမှုကျူးလွန်သူများနှင့် ကလေးသူငယ်သတ်ဖြတ်မှုများအား ကျူးလွန်သူများကို တစ်သက်တစ်ကျွန်းထောင်ဒဏ်ချမှတ်နိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပြုပြင်ရေးကို ဇူလိုင် ၂၂ ရက်က ပြုလုပ်လိုက်သည်။

ယနေ့ ကိုလံဘီယာအနေဖြင့် အပြစ်ကင်းစင်သည့် ကလေးများကို မတရားကျူးလွန်သည့် လူမိုက်လူရမ်းကားများအတွက် မည်သည့်စကားမှ ပြောနေတော့မည်မဟုတ်ကြောင်း အီဗန်ဒုက ပြောကြားလိုက်သည်။

ပုံမှန်အားဖြင့် ကိုလံဘီယာတွင် တစ်နေ့လျှင် အသက် ၁၈ နှစ်အောက် ကလေးနှစ်ယောက် သတ်ဖြတ်ခံနေရကြောင်း သိရသည်။

မှုခင်းဆေးပညာအရာရှိများ၏ ပြောကြားချက်များအရ ၂၀၁၉ ခုနှစ်တွင် အသက် ၁၈ နှစ်အောက် ကလေးပေါင်း ၂၂၀၀၀ ခန့်မှာ လိင်ပိုင်းဆိုင်ရာပြစ်မှုများ၏ သားကောင်များဖြစ်ခဲ့ကြောင်းနှင့် ၎င်းတို့အနက် ၇၀၈ ဦးသေဆုံးခဲ့ကြောင်း သိရသည်။

ဗင်နီဇွဲလနှင့် မေလကြားတွင် လိင်ပိုင်းဆိုင်ရာ စော်ကားခံရသူပေါင်း ၆၅၀၀ နီးပါးရှိကြောင်း မက်ဒီဆီနာဥပဒေအဖွဲ့က ပြောကြားလိုက်သည်။ အခုအချိန်အထိ ကိုလံဘီယာနိုင်ငံတွင် အများဆုံးပေးနိုင်သောထောင်ဒဏ်မှာ နှစ် ၆၀ ဖြစ်သည်။

ပြစ်မှုထင်ရှားသည့်တိုင် ဖွဲ့စည်းပုံအခြေခံဥပဒေက ပြည်နှင်ဒဏ်ပေးခြင်း၊ တစ်သက်တစ်ကျွန်းပြစ်ဒဏ်ပေးခြင်းတို့ကို တားမြစ်ထားကြောင်း သိရသည်။ ယခု အဆိုပါဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်လိုက်ပြီဖြစ်သည်။

အဆိုပါဥပဒေကို အတိုက်အခံနိုင်ငံရေးသမားများ၊ ပညာရှင်များနှင့် ကျွမ်းကျင်သူများက ဝေဖန်ထားသည်။ ထောင်ဒဏ်တိုးမြှင့်သတ်မှတ်လိုက်ခြင်းသည် ပြစ်မှုများကို လျော့နည်းစေမည့် ရလဒ်ထွက်ပေါ်လာမည်မဟုတ်ကြောင်း ၎င်းတို့က ပြောကြားလိုက်သည်။

**အေအက်ဖ်ပီ**

# ဘရာဇီးနိုင်ငံတွင် နေ့စဉ်ကိုဗစ်-၁၉ ကူးစက်ခံရမှု စံချိန်တင်

**ဘရာဆီးလီးယား ဇူလိုင် ၂၃**

ဘရာဇီးနိုင်ငံတွင် ဇူလိုင် ၂၂ ရက်က ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၆၈၀၀၀ နီးပါး စံချိန်တင်မြင့်တက်လာခဲ့ကြောင်းနှင့် ကိုဗစ်-၁၉ အဆိုးဆုံးနိုင်ငံများတွင် ကိုဗစ်-၁၉ ကို ထိန်းချုပ်ရန် အားသွန်ခွန်စိုက် ကြိုးစားနေကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြလိုက်သည်။

ကျန်းမာရေးဝန်ကြီးဌာနက လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ ၆၇၈၆၀ အထိရှိကြောင်းနှင့် သေဆုံးသူ ၁၂၈၄ ဦးရှိကြောင်း ဖော်ပြခဲ့သည်။ ဘရာဇီးနိုင်ငံသည် အမေရိကန်ပြည်ထောင်စုပြီးလျှင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုအများဆုံး နိုင်ငံတစ်နိုင်ငံ ဖြစ်သည်။

ဘရာဇီးနိုင်ငံတွင် လူဦးရေ ၂၁၂ သန်းရှိသည့်အနက် လူပေါင်း ၂ ဒသမ ၂ သန်းမှာ ကိုဗစ်-၁၉ ကူးစက်ခံထားရကြောင်း မှတ်တမ်းတင်နိုင်ခဲ့သည်။ လွန်ခဲ့သော ငါးလက ပထမဆုံး ကိုဗစ်-၁၉ စတင်တွေ့ရှိခဲ့ချိန်မှစ၍ ယခုအချိန်အထိ ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၈၂၇၇၁ ဦး ရှိခဲ့သည်။

စစ်ဆေးမှုများလုပ်ဆောင်နေဆဲဖြစ်ပြီး တကယ့် ကိုဗစ်-၁၉ ဖြစ်ပွားသူဦးရေသည် ဖော်ပြထားသည့် ပမာဏထက် ပိုမိုမြင့်တက်နေနိုင်ကြောင်း ကျွမ်းကျင်သူများက သုံးသပ်ထားသည်။ ဘရာဇီးနိုင်ငံသည် ကိုဗစ်-၁၉ ကပ်ရောဂါကို အကောင်းဆုံးတုံ့ပြန်နိုင်ရန် မဟာဗျူဟာများ ချမှတ်ဆောင်ရွက်လျက်ရှိသည်။

ဘရာဇီးသမ္မတ ဂျာဘော်ဆွန်နာရို သည် ကိုဗစ်-၁၉ ကို လျှော့တွက်ပြီး ပြည်နယ်နှင့် ဒေသဆိုင်ရာ အာဏာပိုင်များ၏ ခပ်ခွာခွာနေရေး ဆောင်ရွက်ချက်များအပေါ် တိုက်ခိုက်ခဲ့မှုနှင့်ပတ်သက်ပြီး အများ၏ ဝေဖန်မှုများနှင့် ရင်ဆိုင်နေရသည်။

လတ်တလောတွင် ဘရာဇီးသမ္မတသည် ကိုဗစ်-၁၉ ကူးစက်ခံထားရသောကြောင့် သမ္မတအိမ်တော်တွင် ဇူလိုင် ၇ ရက်မှစကာ သီးသန့်ခွဲခြား၍ အသွားအလာကန့်သတ်မှုခံယူနေရကြောင်း သိရသည်။

**အေအက်ဖ်ပီ**



ဘရာဇီးပြည်သူတစ်ဦးကို ကိုယ်အပူချိန်တိုင်းတာနေစဉ်။

# ထိုင်းနိုင်ငံက နိုင်ငံတော်အရေးပေါ်အခြေအနေကြေညာထားမှု အချိန်ထပ်တိုး



ဘန်ကောက်မြို့ပေါ်တွင် နှာခေါင်းစည်းတပ်ဆင်သွားလာနေကြသည့် ပြည်သူများ။

**ဘန်ကောက် ဇူလိုင် ၂၃**
ထိုင်းနိုင်ငံ၌ တစ်နိုင်ငံလုံးအရေးပေါ်အခြေအနေကြေညာထားမှုကို အစိုးရက ဩဂုတ်လကုန်အထိ ဆက်လက်ထားရှိမည်ဖြစ်ကြောင်း အစိုးရက ပြောကြားခဲ့သည်။

**လေးကြိမ်မြောက် အချိန်ထပ်တိုး**

ထိုင်းနိုင်ငံအတွင်း နှစ်လနီးပါးကြာအောင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု ထပ်မံတွေ့ရှိခြင်းမရှိတော့သော်လည်း အစိုးရက နိုင်ငံတော် အရေးပေါ်အခြေအနေကို အချိန်ထပ်တိုးလိုက်ခြင်းဖြစ်ပြီး လေးကြိမ်မြောက် အချိန်ထပ်တိုးခြင်းဖြစ်သည်။

**ဆက်လက်ထားရှိရန် မဖြစ်မနေလိုအပ်**

ထိုင်းနိုင်ငံအနေဖြင့် နိုင်ငံတစ်ဝန်းပိတ်ဆို့ထားမှုများကို ပြန်လည်ဖွင့်လှစ်နေသည့်အချိန်ဖြစ်ရာ ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ရန်အတွက် နိုင်ငံတော် အရေးပေါ်အခြေအနေကို ဆက်လက်ထားရှိရန် မဖြစ်မနေလိုအပ်ကြောင်း အမျိုးသားလုံခြုံရေးကောင်စီ အထွေထွေအတွင်းရေးမှူး ဗိုလ်ချုပ် ဆွမ်ဆက် ရွန်ဆီတာက ပြောကြားခဲ့သည်။

**ဝေဖန်မှုများ မြင့်တက်**

အစိုးရ၏ နိုင်ငံတော်အရေးပေါ်အခြေအနေကြေညာချက် အချိန်ထပ်တိုးလိုက်မှုအပေါ် ဝေဖန်မှုများလည်း မြင့်တက်လျက်ရှိသည်။

**ပြည်သူ ထောင်ချီဆန္ဒပြ**

ပြီးခဲ့သည့် ရက်သတ္တပတ်က ဘန်ကောက်မြို့လယ်ကောင်၌ ပြည်သူထောင်ချီဆန္ဒပြခဲ့ကြပြီး အစိုးရသည် နိုင်ငံရေးဆိုင်ရာ စုဝေးမှုများကို ပိတ်ပင်ရန် နိုင်ငံတော် အရေးပေါ် ကြေညာချက်ကို အသုံးချနေသည်ဟု ဆိုကာ ကန့်ကွက်ခဲ့ကြသည်။

သို့ရာတွင် အစိုးရက အရေးပေါ်လုပ်ပိုင်ခွင့်ကို ကပ်ရောဂါထိန်းချုပ်ရေးအတွက်သာ အသုံးပြုနေခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# နီပေါနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်မှုလျော့ကျလာသည့်အတွက် အဝင်အထွက်ကန့်သတ်ပိတ်ဆို့မှုရုပ်သိမ်း

**ခတ္တမန္ဒူ ဇူလိုင် ၂၃**
နီပေါနိုင်ငံ၌ မကြာသေးမီရက်များအတွင်း ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူအရေအတွက် ကျဆင်းလာသည့်အတွက် လေးလကြာအောင် တစ်နိုင်ငံလုံးအဝင်အထွက်ကန့်သတ်ပိတ်ဆို့ထားမှုကို ရုပ်သိမ်းကာ နိုင်ငံအတွင်း စီးပွားရေးဆိုင်ရာ လှုပ်ရှားမှုများ အားလုံး ပြန်လည်ပတ်ဆောင်ရွက်ခွင့်ပြုမည်ဖြစ်ကြောင်း အစိုးရအဖွဲ့ဝန်ကြီးတစ်ဦးက ပြောကြားခဲ့သည်။


နီပေါနိုင်ငံ၌ ကန့်သတ်ပိတ်ဆို့မှု ရုပ်သိမ်းလိုက်ပြီးနောက် ဈေးဆိုင်အချို့ ပြန်လည်ဖွင့်လှစ်နေစဉ်။

နီပေါတစ်နိုင်ငံလုံးအဝင်အထွက်ကန့်သတ်ပိတ်ဆို့မှုကို ပြီးခဲ့သည့် မတ် ၂၄ ရက်က စတင်ချမှတ်ခဲ့သည်။ သို့သော် အစိုးရက အဝင်အထွက် ကန့်သတ်ပိတ်ဆို့မှုများကို ဇွန်လတွင် ဖြည်းဖြည်းချင်း စတင်ဖြေလျှော့ပေးခဲ့သည်။ နိုင်ငံအတွင်း ဇူလိုင် ၃ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ တစ်ရက်လျှင် ၇၄၀ အထိ ရှိခဲ့ရာမှ ဇူလိုင် ၂၁ ရက်တွင် အရေအတွက်လျော့ကျခဲ့ပြီး တစ်ရက်အတွင်း ကူးစက်ခံရသူ ၁၅၀ ရှိခဲ့ကြောင်းသိရသည်။

သို့ဖြစ်ရာ အစိုးရက ကန့်သတ်ပိတ်ဆို့ထားမှုများကို ရုပ်သိမ်းရန် ဆုံးဖြတ်လိုက်ခြင်း ဖြစ်ကြောင်း ကျန်းမာရေးနှင့် လူဦးရေဝန်ကြီးဌာနမှ ဖော်ပြချက်အရ သိရသည်။

အစိုးရအဖွဲ့၏ဆုံးဖြတ်ချက်အရ ခရီးသွားလုပ်ငန်းအများစုကို ကျန်းမာရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အတူ ပြန်လည်ဖွင့်လှစ် ဆောင်ရွက်ခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# ဘရာဇီးသမ္မတ ကိုဗစ်-၁၉ ကူးစက်မှု သုံးကြိမ်မြောက် စစ်ဆေးတွေ့ရှိ

**ဘရာဆီးလီးယား ဇူလိုင် ၂၃**
ဘရာဇီးသမ္မတ ဂျာလ်ဘော်ဆွန်နာရိုကို သုံးကြိမ်မြောက် ကိုဗစ်-၁၉ ဗိုင်းရပ်စ်စစ်ဆေးမှုပြုလုပ်ခဲ့ရာ ၎င်းထံ၌ ပိုးဆက်လက်ရှိနေသေးကြောင်း တွေ့ရှိခဲ့ရသည့်အတွက် သီးခြားကန့်သတ်စောင့်ကြည့်မှု ခံယူရမည်ဖြစ်ကြောင်း သမ္မတရုံးက ဇူလိုင် ၂၂ ရက်တွင် ပြောကြားခဲ့သည်။

ဇူလိုင် ၂၂ ရက်က သမ္မတ ဂျာလ်ဘော်ဆွန်နာရိုသည် သုံးကြိမ်မြောက် စစ်ဆေးမှုခံယူခဲ့ပြီးနောက် ဘရာဆီးလီးယားရှိ သမ္မတရုံးက ဗိုင်းရပ်စ်ရှိနေသော်လည်း သမ္မတကြီး၏ ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိကြောင်း ဖော်ပြချက်တစ်စောင်ထုတ်ပြန်ခဲ့သည်။

ပြီးခဲ့သည့် ဇူလိုင် ၇ ရက်က သမ္မတဂျာလ်ဘော်ဆွန်နာရိုသည် ကိုယ်လက်မအီမသာဖြစ်ပြီး အဖျားရှိသည့်လက္ခဏာများ ခံစားခဲ့ရပြီးနောက် ၎င်းထံ၌ ကိုဗစ်-၁၉ ကူးစက်ခံထားရသည်ကို စစ်ဆေးတွေ့ရှိရကြောင်း ကြေညာခဲ့သည်။

ယင်းအချိန်မှစတင်ကာ သမ္မတသည် လူထုအခမ်းအနားပွဲများ တက်ရောက်ခြင်းမပြုတော့ဘဲ ၎င်း၏နေအိမ်မှနေ၍ အလုပ်လုပ်ခဲ့သည်။ ထို့နောက် ပြီးခဲ့သည့်ရက်သတ္တပတ်က ကျန်းမာရေးစစ်ဆေးမှုခံယူခဲ့ရာ ကိုဗစ်-၁၉ ဗိုင်းရပ်စ် ဒုတိယအကြိမ်ထပ်မံတွေ့ရှိခဲ့သည်။ယခုအခါ သမ္မတ ဂျာလ်ဘော်ဆွန်နာရိုကို ကျန်းမာရေးစစ်ဆေးမှုသုံးကြိမ်တိုင်တိုင် လုပ်ဆောင်ပြီးပြီဖြစ်ပြီး ၎င်းထံ၌ ကိုဗစ်-၁၉ ဗိုင်းရပ်စ်ဆက်လက်ရှိသေးကြောင်း သိရသည်။ **ဆင်ဟွာ**

# လအတန်ကြာအောင် ပိတ်ထားခဲ့ရသည့် အီရတ်နိုင်ငံ လေကြောင်းခရီးစဉ်ပျံသန်းမှု စတင်

**ဘဂ္ဂဒက် ဇူလိုင် ၂၃**
အီရတ်နိုင်ငံတွင် ကိုဗစ်-၁၉ ဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ရန် လေးလကြာအောင် ကန့်သတ်ပိတ်ဆို့မှုပြုလုပ်ထားခဲ့ပြီးနောက် နိုင်ငံ၏လေကြောင်းခရီးစဉ်ပျံသန်းမှုများကို ဇူလိုင် ၂၃ ရက်တွင် ပြန်လည်စတင်ခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ဗိုင်းရပ်စ်ကြောင့် တစ်နိုင်ငံလုံးကို အဝင်အထွက်ကန့်သတ်ပိတ်ဆို့ခဲ့ရမှုသည် အီရတ်နိုင်ငံ၏ စီးပွားရေးကို အကြီးအကျယ်ထိခိုက်စေခဲ့သည်။

ဇူလိုင် ၂၃ ရက် နံနက်ပိုင်းတွင် ဘဂ္ဂဒက် နိုင်ငံတကာလေဆိပ်မှ တူရကီနှင့် လက်ဘနွန်နိုင်ငံသို့ လေယာဉ်များ စတင်ထွက်ခွာခဲ့ကြောင်း အေအက်ဖ်ပီသတင်းထောက်တစ်ဦးက ပြောသည်။

လေယာဉ်ပေါ် မလိုက်ပါမီ ခရီးသွားပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ကင်းစင်ကြောင်း ဆေးစစ်ချက်ရလဒ်တင်ပြရမည်ဖြစ်ပြီး နှာခေါင်းစည်းများနှင့် လက်အိတ်များ ဝတ်ဆင်ရကြောင်း သိရသည်။

နာဂတက်ဖ်နှင့် ဘာဆရာမြို့လေဆိပ်များကိုလည်း ဇူလိုင် ၂၃ ရက်တွင် ပြန်လည်ဖွင့်လှစ်လိုက်ပြီး နိုင်ငံမြောက်ပိုင်းရှိ ကာ့ဒ်များနေထိုင်ရာ အာရ်ဘီနှင့် ဆူလာမန်ယာတို့တွင် လေဆိပ်များကို ဩဂုတ် ၁ ရက်တွင် ပြန်လည်ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။ အီရတ်အာဏာပိုင်များသည် ကိုဗစ်-၁၉ ဆိုင်ရာ ကန့်သတ်ချက်အချို့ကို ယခုလအစောပိုင်းက ဖယ်ရှားပေးခဲ့သည်။

**အေအက်ဖ်ပီ**

# တရုတ်နိုင်ငံက ယွမ်ငွေသန်း ၈၃၀ ကို သဘာဝဘေး ကယ်ဆယ်ရေးရန်ပုံငွေအဖြစ် ခွဲဝေသတ်မှတ်

**ပေကျင်း ဇူလိုင် ၂၃**
တရုတ်နိုင်ငံရှိ ရေဘေးသင့်ဧရိယာများတွင် လယ်ယာထွက်ကုန်လုပ်ငန်းများနှင့် ရေသယံဇာတ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဆောင်ရွက်ရန် ဗဟိုအသုံးစရိတ်ထဲမှ ယွမ်သန်း ၈၃၀ (အမေရိကန်ဒေါ်လာ ၁၁၉ ဒသမ ၀၅ သန်း) ကို ရန်ပုံငွေ ခွဲဝေသတ်မှတ်လိုက်ကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာနက ဇူလိုင် ၂၂ ရက်တွင် ဖော်ပြခဲ့သည်။


တရုတ်နိုင်ငံ ဟူဘေးပြည်နယ်၌ ရေလွှမ်းမှု ဖြစ်ပေါ်ခဲ့သည့်နေရာများကို တွေ့ရစဉ်။

သဘာဝဘေးအန္တရာယ် ကျရောက်ပြီးနောက်ပိုင်း ပြန်လည်ထူထောင်ရေးဆောင်ရွက်ရန်နှင့် ထုတ်လုပ်ရေးလုပ်ငန်းများ ပြန်လည်ပတ်နိုင်ရန်အတွက် ကျန်ကျီနှင့် ဟူဘေးပြည်နယ်အပါအဝင် ပြည်နယ်ပေါင်း ၁၂ ခုတို့အတွက် ရန်ပုံငွေခွဲဝေသတ်မှတ်ခြင်းဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာနက ပြောကြားသည်။

တရုတ်နိုင်ငံရှိ ရေဘေးသင့်ဧရိယာများတွင် ရေအရင်းအမြစ်ထိန်းသိမ်းရေးနှင့် စိုက်ပျိုးထုတ်လုပ်ရေးလုပ်ငန်းများအတွက် ယခုနှစ်ဗဟိုအသုံးစရိတ်ထဲမှ ယွမ်ငွေ ၁ ဒသမ ၂၉ ဘီလီယံအထိ ခွဲဝေသတ်မှတ်ထားကြောင်း တရားဝင်ကိန်းဂဏန်းအချက်အလက်များတွင် ဖော်ပြသည်။

ပြီးခဲ့သည့် ဇွန်လမှ စတင်ကာ တရုတ်နိုင်ငံတောင်ပိုင်းရှိနေရာအများအပြားတို့တွင် အဆက်မပြတ်မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေနစ်မြုပ်မှုများဖြစ်ပေါ်ခဲ့ပြီး အဆိုပါဒေသများရှိ မြစ်၊ ချောင်းများတွင် စိုးရိမ်ရေမှတ်ကျော်လွန်ခဲ့သည်။ **ဆင်ဟွာ**

# ကမ္ဘာတစ်ဝန်း ကိုဗစ် -၁၉ ကူးစက်ခံရသူ ၁၅ သန်းကျော်လွန်လာမှုနဲ့အတူ သမ္မတထရမ့်ရဲ့ သတိပေးမှု ထွက်ပေါ်လာ

*ထွန်းသစ်စ*

ကမ္ဘာတစ်ဝန်း ကိုဗစ် – ၁၉ ကူးစက်ခံရသူအရေအတွက်ဟာ အခုဆိုရင် ၁၅ သန်း ကျော်လွန်လာပြီဖြစ်ပါတယ်။ အဲဒီထဲကမှ လေးပုံတစ်ပုံကျော်လောက်ဟာ အမေရိကန်ပြည်ထောင်စုမှာ ဖြစ်ပွားလျက်ရှိပါတယ်။ ဒီအခြေအနေနဲ့ ပတ်သက်ပြီး အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ကိုဗစ် – ၁၉ ကပ်ရောဂါဟာ ပြန်လည်မကောင်းမွန်လာခင် အခြေအနေ ပိုမိုဆိုးရွားလာနိုင်တယ်လို့ သတိပေးထားပါတယ်။

### တစ်နည်းနည်းနဲ့ ကွယ်ပျောက်သွားမယ်

အမေရိကန်ရဲ့ ကိုဗစ် – ၁၉ ကြောင့် သေဆုံးမှုအရေ အတွက် ၁၄၀၀၀၀ ကျော်လွန်လာတယ်ဆိုတဲ့ ကိန်းဂဏန်း ဖော်ပြမှုဟာ နှစ်မြို့စရာ မကောင်းလှပါဘူး။ ထို့အတူ နေ့စဉ် သေဆုံးသူ အရေအတွက်ဟာလည်း ၁၀၀၀ ကျော်လွန်လျက်ရှိပါတယ်။ သို့သော်လည်းပဲ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ကတော့ ဒီဗိုင်းရပ်စ်ဟာ ဘယ်နည်းနဲ့မဆို တစ်နည်းနည်းနဲ့တော့ ကွယ်ပျောက်သွားမှာပဲလို့ ပြောကြားလိုက်ပါတယ်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ဟာ ကန့်သတ်ပိတ်ဆို့မှု လုပ်ဆောင်ချက်တွေအပေါ် ဝေဖန်သူတစ်ယောက်လည်း ဖြစ်သလို ကိုဗစ် – ၁၉ ကြောင့် သေဆုံးသူအရေအတွက် မြင့်တက်နေသည့်တိုင် စီးပွားရေးပြန်လည်ဖွင့်လှစ်ရေးကို ဦးစားပေးလုပ်ဆောင်မှုနဲ့ ပတ်သက်ပြီး အငြင်းပွားမှုများနဲ့လည်း ရင်ဆိုင်နေရသူလည်း ဖြစ်ပါတယ်။

### တစ်ကျော့ပြန်ဖြစ်ပွားလာ

ကမ္ဘာ့ တချို့အစိတ်အပိုင်းတွေမှာ ကိုဗစ်– ၁၉ ကို ကန့်သတ်ထိန်းချုပ်ဖို့ ချမှတ်ထားတဲ့ အသွားအလာကန့်သတ်ပိတ်ဆို့မှုတွေကို ဖယ်ရှားလိုက်တယ်ဆိုရင်ပဲ ကိုဗစ် – ၁၉ ဟာ လျှင်လျှင်မြန်မြန်နဲ့ တစ်ကျော့ပြန်လည်ဖြစ်ပွားလာတယ်ဆိုတဲ့ လက္ခဏာတွေကို တွေ့မြင်ခဲ့ရပါတယ်။

ဩစတြေးလျ၊ ဘယ်လ်ဂျီယံ၊ ဟောင်ကောင်နဲ့ ဂျပန်နိုင်ငံ မြို့တော် တိုကျိုတို့မှာ ကိုဗစ် – ၁၉ စတင်ဖြစ်ပွားလာကတည်းက ဗိုင်းရပ်စ်ကို အောင်မြင်စွာ တားဆီးထိန်းချုပ်နိုင်ဖို့ ဖြစ်နိုင်သမျှသော တင်းကျပ်တဲ့ နည်းလမ်းတွေကို အသုံးပြုခဲ့ကြပါတယ်။ သို့သော်လည်း သူတို့ဟာ ကိုဗစ် – ၁၉ တစ်ကျော့ပြန် ဖြစ်ပွားလာခြင်းကို မလွန်ဆန်နိုင်ခဲ့ပါဘူး။

ဩစတြေးလျနဲ့ ဟောင်ကောင်တို့ဟာ ဇူလိုင် ၂၂ ရက်က နေ့စဉ် ကိုဗစ် – ၁၉ ကူးစက်ဖြစ်ပွားမှု စံချိန်တင်ခဲ့ပါတယ်။ တိုကျိုအုပ်ချုပ်ရေးမှူးဟာ ကိုဗစ် – ၁၉ ကူးစက်မှုတွေ မြင့်တက်လာတဲ့အတွက် သူ့ရဲ့ဒေသခံတွေကို အိမ်မှာပဲ နေထိုင်ကြဖို့ တိုက်တွန်းပြောကြားထားပါတယ်။

ဘယ်လ်ဂျီယံအရာရှိတွေက ကိုဗစ် – ၁၉ ရောဂါကို တားဆီးဖို့ လူတွေဟာ တစ်ဦးနဲ့တစ်ဦး ခပ်ခွာခွာနေထိုင်ရမယ့် စည်းကမ်းတွေကို လိုက်နာရမယ်လို့ ပြောကြားလိုက်ပါတယ်။ သူဟာ ကိုဗစ် – ၁၉ ရောဂါကို တောင်တွေကိုတောင် ပြိုကျစေနိုင်တဲ့ နှင်းဘောလုံးဖြစ်စဉ်အဖြစ် တင်စားလိုက်ပါတယ်။

သို့သော်လည်း ကိုဗစ် – ၁၉ ကူးစက်ပြန့်ပွားမှုကို တားဆီးရာမှာ အငြင်းပွားစရာကောင်းတဲ့ ဆောင်ရွက်ချက်တစ်ခုကတော့ တောင်အာဖရိကရဲ့ အရက်ရောင်းချခြင်းတွေကို တားမြစ်လိုက်တဲ့ ဆုံးဖြတ်ချက်နဲ့ ညမထွက်ရအမိန့်တွေ ထုတ်ပြန်လိုက်တာပဲ ဖြစ်ပါတယ်။ သို့သော်လည်း ကိုဗစ် – ၁၉ ကူးစက်ပျံ့နှံ့မှုဟာ ရပ်တန့်သွားတယ်လို့မရှိဘဲ ပိုလို့တောင်ဆိုးလာပါတယ်။

### အလုပ်လက်မဲ့သန်းချီမြင့်တက်

ကိုဗစ် – ၁၉ ရောဂါကြောင့် ကမ္ဘာတစ်ဝန်း အလုပ်လက်မဲ့ ဖြစ်ပွားမှုဟာ သန်းချီမြင့်တက်လာခဲ့ပါတယ်။ ကိုဗစ် – ၁၉ ဟာ ကမ္ဘာ့ကုန်သွယ်ရေးကိုလည်း ချည့်နဲ့စေခဲ့ပါတယ်။ ဒါကြောင့်ပဲ ယခုသီတင်းပတ်အစောပိုင်းမှာ ဥရောပသမဂ္ဂက ကိုဗစ် – ၁၉ အဆိုးရွားဆုံးခံစားခဲ့ရသောနိုင်ငံများအတွက် ယူရိုဘီလီယံ ၇၅၀ (အမေရိကန်ဒေါ်လာ ၈၅၈ ဘီလီယံ)တန်ဖိုးရှိတဲ့ အကူအညီပေးရေးအစီအစဉ်တစ်ခုကို သဘောတူခဲ့ကြပါတယ်။

ထို့အပြင် လေကြောင်းလိုင်း ဝန်ဆောင်မှုကုမ္ပဏီများလည်း နိုင်ငံတကာ ခရီးသွားကန့်သတ်ပိတ်ဆို့မှုတွေကြောင့် အခက်တွေ့နေကြပါတယ်။ လေယာဉ်မှူးများက လုပ်ခလစာဖြတ်တောက်မယ့်အစီအစဉ်ကို ငြင်းဆန်လိုက်ပြီးနောက် အိုင်းရစ်လေကြောင်းလိုင်းရာနာက ဇူလိုင် ၂၂ ရက်တွင် ဖရန့်ဖတ်အနီးမှာရှိတဲ့ ၎င်းရဲ့ဌာနချုပ်ကို ပိတ်လိုက်ပါတယ်။

### ကာကွယ်ဆေးတွေ အပြိုင်ဖော်ထုတ်

စီးပွားရေးတွေ ပုံမှန်အတိုင်း ပြန်လည် လည်ပတ်နိုင်ဖို့နဲ့ ပုံမှန်လူမှုဘဝကို ပြန်ရဖို့ ကိုဗစ် – ၁၉ ကာကွယ်ဆေးထုတ်ဖို့ဆိုတာ အခုဆိုရင် ပိုလို့တောင် အရေးကြီးလာပါပြီ။ ကနဦး ကာကွယ်ဆေးအမျိုးအစားပေါင်း ၂၀၀ လောက်ကို တိုးတက်အောင် ကြံဆတီထွင်နေကြပါတယ်။ အောက်စ်ဖို့ဒ်ကာကွယ်ဆေး ထုတ်လုပ်နေတဲ့အဖွဲ့ကတော့ နီးစပ်လာပြီလို့ ပြောပါတယ်။



အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်

> ❖ ကမ္ဘာ့ တချို့အစိတ်အပိုင်းတွေမှာ ကိုဗစ်- ၁၉ ကို ကန့်သတ်ထိန်းချုပ်ဖို့ ချမှတ်ထားတဲ့ အသွားအလာကန့်သတ်ပိတ်ဆို့မှုတွေကို ဖယ်ရှားလိုက်တယ်ဆိုရင်ပဲ ကိုဗစ် - ၁၉ ဟာ လျှင်လျှင်မြန်မြန်နဲ့ တစ်ကျော့ပြန်လည် ဖြစ်ပွားလာတယ်ဆိုတဲ့လက္ခဏာတွေကို တွေ့မြင်ခဲ့ရပါတယ်။
>
> ❖ ဩစတြေးလျ၊ ဘယ်လ်ဂျီယံ၊ ဟောင်ကောင်နဲ့ ဂျပန်နိုင်ငံ မြို့တော် တိုကျိုတို့မှာ ကိုဗစ် - ၁၉ စတင်ဖြစ်ပွားလာကတည်းက ဗိုင်းရပ်စ်ကို အောင်မြင်စွာ တားဆီးထိန်းချုပ်နိုင်ဖို့ ဖြစ်နိုင်သမျှသော တင်းကျပ်တဲ့နည်းလမ်းတွေကို အသုံးပြုခဲ့ကြပါတယ်။

အမေရိကန်အစိုးရက ဂျာမနီကုမ္ပဏီဖြစ်တဲ့ ဘိုင်အိုအင်န်တက်ခ်နဲ့ အမေရိကန်ဆေးထုတ်လုပ်ရေးကုမ္ပဏီဖြစ်တဲ့ ပီဖစ်ဇာတို့က ထုတ်လုပ်နေတဲ့၊ အလားအလာရှိတဲ့ ကာကွယ်ဆေးအတွက် အမေရိကန်ဒေါ်လာ နှစ်ဘီလီယံပေးဖို့ သဘောတူထားပါတယ်။ နောက်ထပ် ကာကွယ်ဆေးထုတ်လုပ်နေတဲ့ ဆေးဝါးထုတ်လုပ်ကုမ္ပဏီဖြစ်တဲ့ အက်စ်ထရာဇနီကာက စမ်းသပ်မှုတွေပြုလုပ်ပြီးနောက်မှာ အလားအလာကောင်းတွေ ရရှိထားကြောင်း ပြောပါတယ်။ သို့သော်လည်း ကုမ္ပဏီရဲ့ အကြီးအကဲဖြစ်သူ ပက်စ်ကယ်ဆိုရီရော့က ကမ္ဘာလုံးအနှံ့ဖြန့်ချိဖို့ကတော့ အခုမဖြစ်နိုင်သေးပါဘူးလို့ ပြောပါတယ်။ မိမိတို့အနေဖြင့် အခုနှစ်ကုန်မှာ ထုတ်လုပ်နိုင်ဖို့ မျှော်လင့်ထားတယ်လို့ ပြောပါတယ်။ အခြေအနေတွေအားလုံး ကောင်းမယ်ဆိုရင် ခန့်မှန်းထားတာထက် စောနိုင်တယ်လို့လည်း ပြောလိုက်ပါတယ်။

### ကြိုးစားရုန်းကန်

ကမ္ဘာ့အားကစားကဏ္ဍမှာလည်း ပြန်လည်စတင်ဖို့ ကြိုးစားရုန်းကန်နေရပါတယ်။ အိုလံပစ်အရာရှိတွေက လာမယ့်နှစ်မှာ ၂၀၂၀ တိုကျိုအိုလံပစ်အားကစားကို ကျင်းပဖို့ မျှော်လင့်ချက်ဟာ ကာကွယ်ဆေးအပေါ် များစွာမူတည်နေတယ်လို့ ပြောလိုက်ပါတယ်။ အခုဖြစ်နေတဲ့ အခြေအနေတိုင်း ဆက်ဖြစ်နေမယ်ဆိုလို့ရှိရင် မိမိတို့တွေအနေနဲ့ ဂိမ်းကို မကျင်းပနိုင်သေးဘူးလို့ ဒေသတွင်း စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ယိုရှိရိုမိုရီက ပြောကြားလိုက်ပါတယ်။

ကိုဗစ် – ၁၉ ကို ကာကွယ်တားဆီးနိုင်ဖို့ ကမ္ဘာလုံးဆိုင်ရာ ကြိုးစားအားထုတ်မှုဆိုတာ ဥပဒေချမှတ်သူတွေအနေဖြင့် အရေးကြီးဆုံးသောကိစ္စ ဖြစ်ပါတယ်။ ကျန်းမာရေးကို ဝန်ပိစေတဲ့ ကူးစက်မြန်ပြင်းထန်တဲ့ ကိုဗစ် – ၁၉ကို မကြာမီအချိန်အတွင်းမှာ အကောင်းဆုံး ရှင်းလင်းပစ်နိုင်ဖို့ မျှော်လင့်လျက်ရှိကြပါတယ်။

### အိန္ဒိယမှာလည်း တစ်သန်းကျော်

အိန္ဒိယနိုင်ငံမှာလည်း လွန်ခဲ့တဲ့ သီတင်းပတ်က ကိုဗစ် – ၁၉ ကူးစက်မှုဟာ တစ်သန်းကျော်လွန်လာခဲ့တဲ့အတွက် ဝမ်းနည်းမှုမှတ်တိုင်သစ် စိုက်ထူခဲ့ပြီး ကိုဗစ် – ၁၉ ဖြစ်ပွားမှုမှာ အမေရိကန်နဲ့ ဘရာဇီးနိုင်ငံတို့ရဲ့နောက်ကို ရောက်လာခဲ့ပါတယ်။ သို့သော်လည်း ဇူလိုင် ၂၂ ရက်စာရင်းတွေအရ အဆိုပါကိန်းဂဏန်းဟာ လျှော့နည်းတွက်ချက်မှုဖြစ်တယ်လို့ ပြောခဲ့ပါတယ်။

နယူးဒေလီမြို့ရဲ့ လူဦးရေလေးပုံတစ်ပုံလောက်ဟာ ကိုဗစ်– ၁၉ ရောဂါကူးစက်ခံစားနေရပါတယ်။ အရာရှိတွေကတော့ လူပေါင်း ၁၂၅၀၀၀ ခန့် ရောဂါကူးစက်ခံနေရကြောင်း မှတ်တမ်းတင်ခဲ့ပါတယ်။ ကိုဗစ် – ၁၉ ကူးစက်မှုရောဂါမှ ပြန်လည်ကောင်းမွန်လာတဲ့ သူတွေဟာလည်း အရင်အတိုင်း အပြည့်အဝပြန်လည်ကောင်းမွန်လာဖို့ဆိုတာ မလွယ်လောက်ဘူးလို့ လေ့လာမှုစစ်တမ်းတစ်ခုက ပြောကြားလိုက်ပါတယ်။

ဘရာဇီးနိုင်ငံမှာလည်း ကိုဗစ် – ၁၉ ကူးစက်မှုဟာ ပိုမိုဆိုးရွားလှပါတယ်။ ဆေးရုံတွေရဲ့ အထူးကြပ်မတ် ကုသဆောင်တွေမှာလည်း လူတွေအပြည့်ပါ။ ပြန်လည် ကောင်းမွန်လာသူတွေလည်း ပျော်ရွှင်မှုတွေအပြည့်နဲ့ပေါ့။ သို့သော်လည်း စိတ်ချရတဲ့ အနေအထားမှာ မရှိသေးပါဘူး။ ။

**ကိုးကား – အေအက်ဖ်ပီ**

## နိုင်ငံတကာ သတင်းတိုထွာ

### စတီရွိုက်ဆေးကို ကိုဗစ်- ၁၉ ကုသရေးတွင် ဂျပန်ထည့်သွင်း

**တိုကျို ဇူလိုင် ၂၃**

ဒက်ဆာမီတဆုန်းခေါ် စတီရွိုက်ဆေးကို ကိုဗစ် – ၁၉ ကူးစက်မှုမှာ ကုသမှုနည်းလမ်းတစ်ခုအဖြစ် ဂျပန်ကျန်းမာရေးဝန်ကြီးဌာနက ထည့်သွင်းလိုက်ကြောင်း သိရသည်။

အဆိုပါ ဆေးသည် ရောဂါပြင်းထန်နေသည့် ကိုဗစ် – ၁၉ ကူးစက်မှုမှာ လူနာများ၏ သေဆုံးမှုနှုန်းကို လျှော့ချပေးနိုင်ကြောင်း ဗြိတိန်နိုင်ငံတွင် လူနာများအပေါ် ပြုလုပ်သည့် လက်တွေ့စမ်းသပ်မှုတစ်ခုမှ တွေ့ရှိခဲ့ပြီးနောက် ယခုလို ထည့်သွင်း လိုက်ခြင်းဖြစ်ကြောင်း သိရသည်။

ရောဂါပြင်းထန်နေသည့် လူနာများအား အဆိုပါဆေးဝါးကို အသုံးပြုရန် ကျန်းမာရေးဝန်ကြီးဌာန၏ ရောဂါကုသမှု လမ်းညွှန်ချက်ထဲတွင် အကြံပြုထားသည်။

ပြင်းထန်သည့် ကူးစက်ရောဂါများနှင့် အဆုတ်ရောင်ရောဂါအတွက် အဆိုပါဆေးကို တွင်ကျယ်စွာအသုံးပြုနေသောကြောင့် အဆိုပါဆေးအသုံးပြုမှုအပေါ် အတည်ပြုမှုဆိုင်ရာလုပ်ငန်းစဉ်များ လုပ်ဆောင်ရန် မလိုကြောင်း သိရသည်။ အဆိုပါဆေးသည် ကိုဗစ်– ၁၉ ကူးစက်မှုကုသရာတွင် ထိရောက်မှုရှိကြောင်း ဂျပန်နိုင်ငံတွင် အတည်ပြုခဲ့သည့် ဒုတိယမြောက်ဆေးဝါး ဖြစ်သည်။ **အင်န်အိတ်ချ်ကေ**

### တောင်ကိုရီးယားနိုင်ငံ စစ်အခြေစိုက်စခန်းသို့ ရောက်ရှိလာသူများတွင် ကိုဗစ်- ၁၉ ပိုးတွေ့ရှိ

**ဝါရှင်တန် ဇူလိုင် ၂၃**

ယခုလအတွင်း တောင်ကိုရီးယားနိုင်ငံသို့ ရောက်ရှိလာသော အမေရိကန်တပ်ဖွဲ့ဝင် ၁၂ ဦးနှင့် ၎င်းတို့၏ မိသားစုဝင်တစ်ဦးတွင် ကိုဗစ်– ၁၉ ရောဂါကူးစက်ခံထားရသည်ကို စစ်ဆေးတွေ့ရှိခဲ့ကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာက ဇူလိုင် ၂၂ ရက်တွင် သတင်းထုတ်ပြန်လိုက်သည်။

တောင်ကိုရီးယားနိုင်ငံရှိ အမေရိကန်စစ်အခြေစိုက်စခန်းတွင် ရောဂါကူးစက်ခံရသူ ၁၃ ဦးအနက် နှစ်ဦးမှာ ဇူလိုင် ၈ ရက်နှင့် ၂၀ ရက်တို့တွင် အမေရိကန် အစိုးရလေယာဉ်ဖြင့် တောင်ကိုရီးယားနိုင်ငံ အိုဆန်လေတပ်စခန်းသို့ ရောက်ရှိလာခဲ့သူများ ဖြစ်ကြောင်းနှင့် ကျန်အမေရိကန်တပ်ဖွဲ့ဝင် ၁၀ ဦးနှင့် မိသားစုဝင်တစ်ဦးတို့သည် ဇူလိုင် ၈ ရက်၊ ၉ ရက်နှင့် ၁၉ ရက်တို့တွင် လေယာဉ်များဖြင့် အမေရိကန်နိုင်ငံမှ တောင်ကိုရီးယားနိုင်ငံသို့ အသီးသီး ရောက်ရှိလာကြသူများဖြစ်သည်။

အိုဆန် လေတပ်စခန်းသည် တောင်ကိုရီးယားနိုင်ငံ မြို့တော်ဆိုးလ်နှင့် ကီလိုမီတာ ၇၀ အကွာတွင် တည်ရှိသည်။ **ဆင်ဟွာ**

# ပေါ့ဆ၍ မဖြစ်သေး



သတင်းများကို လေ့လာကြည့်မည်ဆိုပါက အခြားနိုင်ငံများတွင် ကောင်းသွားပြီဆိုပြီး ကိုဗစ်–၁၉ ရောဂါ ဒုတိယလှိုင်းဝင်လာသည်ကို တွေ့ရပါကြောင်း၊ မိမိတို့အနေဖြင့် ဒုတိယလှိုင်းကို ဖြစ်နိုင်ပါက လုံးဝကာကွယ်လိုပါကြောင်း၊ ဆိုးရွားစွာ မဖြစ်စေလိုပါကြောင်း၊ ထို့ကြောင့် ကာကွယ်ရေးရှုထောင့်နှင့် ကုသရေးရှုထောင့်များအနေဖြင့် မည်သည်တို့ကို သတိပြုရန် လိုအပ်သည် မည်သည့်အတွက်ကြောင့် သတိပြုရန်လိုအပ်သည် စသည်တို့ကို အများပြည်သူ ရှင်းရှင်းလင်းလင်း နားလည်နိုင်စေရန် ဆောင်ရွက်ပေးလိုပါကြောင်း၊ ပေါ့ဆ၍ မဖြစ်သေးပါကြောင်း၊

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁၀–၆–၂၀၂၀ ရက်နေ့တွင် COVID –19 ကူးစက်ဖြစ်ပွားမှုအခြေအနေများနှင့်စပ်လျဉ်း၍ ကာကွယ်ထိန်းချုပ်ကုသရေးတွင် ပါဝင်ဆောင်ရွက်နေသူများနှင့် အပြန်အလှန် ဆွေးနွေးသတင်းမှ ကောက်နုတ်ချက်)

## ကချင်ပြည်နယ်အတွင်းရှိ IDPs များ ပြန်လည်နေရာချထားရေးတွင် တရုတ်နိုင်ငံက ပူးပေါင်းဆောင်ရွက်မည့်ကိစ္စများ ညှိနှိုင်းဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂၃**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ကချင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာရသူများ(IDPs) ပြန်လည်နေရာချထားမှု အကောင်အထည်ဖော်ရေးဆိုင်ရာ လုပ်ငန်းစဉ်များ ဆောင်ရွက်ရန်အတွက် တရုတ်နိုင်ငံမှ ကနဦးဖြစ်နိုင်ခြေ ဆန်းစစ်လေ့လာခြင်း ဆောင်ရွက်မည့်ကိစ္စအပေါ် Power China Kunming Engineering Corporation က Chief Representative ဖြစ်သူ Mr. GaoZhong ping နှင့်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။



အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ကချင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာရသူများ (IDPs) ပြန်လည်နေရာချထားရေး၊ မိမိတို့ဆန္ဒနှင့်အညီ နေရပ်ပြန်နိုင်ရေး လုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရန်အတွက် တရုတ်နိုင်ငံမှ ယွမ်သန်း ၂၀၀ ကူညီထောက်ပံ့မည်ဖြစ်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတမစ္စတာရှီကျင့်ဖျင်၏ မြန်မာနိုင်ငံသို့ လာရောက်ခဲ့သည့်ခရီးစဉ်အတွင်း စီးပွားရေးနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြောင်း၊ စာချုပ်အရ ကနဦး ဖြစ်နိုင်ခြေဆန်းစစ်လေ့လာခြင်းကို ကွင်းဆင်းဆောင်ရွက်ရန် ယွမ် ၁ သန်း အသုံးပြုမည်ဖြစ်ရာ မြန်မာနိုင်ငံဘက်မှ အဆိုပါအဖွဲ့ လာရောက်ပါက ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မိမိတို့ နိုင်ငံအနေဖြင့် ပြည်နယ်ငါးခုတွင် နေရပ်စွန့်ခွာရသူများရှိနေပြီး ပြန်လည်နေရာချထားရေးကိစ္စများ ဆောင်ရွက်ရန်အတွက် ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီကို ဖွဲ့စည်းပြီး လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရန် မဟာဗျူဟာချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခု တရုတ်နိုင်ငံက အကူအညီပေးအပ်မှုလုပ်ငန်းစဉ် စတင်မည်ဖြစ်သည့်အတွက် များစွာအထောက်အပံ့ဖြစ်ပြီး ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ–(၂၁)ရာစုပင်လုံ အစည်းအဝေးများ၏ ပြည်ထောင်စု၏သဘောတူညီချက်များတွင် နေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးကိစ္စရပ်များကို ဦးစားပေးအဖြစ်သတ်မှတ်ထားပါကြောင်း၊ ယခုလိုကူညီပေးသည့် ကိစ္စရပ်များသည်လည်း ငြိမ်းချမ်းရေးကိစ္စရပ်များအတွက် များစွာအထောက်အကူဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် လုပ်ငန်းအကောင်အထည်ဖော်ဆောင်မည့် Power China Kunming Engineering Corporation က လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရန်အတွက် နည်းပညာပိုင်းဆိုင်ရာ အဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အဖွဲ့နှစ်ဖွဲ့ဖြင့် ဆောင်ရွက်သွားနိုင်ရေး မြန်မာနိုင်ငံဘက်မှ ကူညီပံ့ပိုးရန်လိုအပ်မည့်ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးသည်။

အစည်းအဝေးသို့ ကချင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာရသူများ(IDPs) ပြန်လည်နေရာချထားမှု အကောင်အထည်ဖော်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒုတိယဝန်ကြီး ဦးစိုးအောင်၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်လွင်၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစန်းစန်းအေးနှင့် Power China Kunming Engineering Corporation မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ကိုဗစ် - ၁၉ စီးပွားရေးကုစားမှုအစီအစဉ်ဖြင့် ဝါးအခြေခံလက်မှုထည် လက်တွေ့လုပ်ငန်းခွင်သင်တန်းဖွင့်လှစ်

**နေပြည်တော် ဇူလိုင် ၂၃**

နေပြည်တော် ဇေယျာသီရိမြို့နယ် ဝန်ပြန်ကျေးရွာ၌ ဝါးအခြေခံလက်မှုထည် လက်တွေ့လုပ်ငန်းသင်တန်းကို သင်တန်းသား သင်တန်းသူ ၂၅ ဦးဖြင့် ဇူလိုင် ၁၆ ရက်မှ ၂၆ ရက်အထိ ဖွင့်လှစ်လျက်ရှိကြောင်း သိရသည်။ ကိုဗစ်–၁၉ စီးပွားရေးကုစားမှု အစီအစဉ်ဖြင့် ကျေးလက်နေ အခြေခံလူတန်းစားများနှင့် မြို့ပြနေအခြေခံလူတန်းစားများ အလုပ်အကိုင်အခွင့်အလမ်းတိုးပွားလာစေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အသေးစား စက်မှုလက်မှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဇင်လတ်က ပြောသည်။

အဆိုပါ ဝါးအခြေခံလက်မှုထည် လုပ်ငန်းမှ ထွက်ရှိလာသော ထုတ်ကုန်ပစ္စည်းများကို ပြည်ပဈေးကွက်ထိ ပို့နိုင်မည်ဆိုပါက အရည်အသွေးကောင်းမွန်သော လက်ရာအပြောင်တာရှည်ခံခြင်း၊ ပိုးမထိုး မှိုမတက်စေရန်လည်း လိုအပ်မည်ဖြစ်ကြောင်း၊ ကိုဗစ်–၁၉ စီးပွားရေးကုစားမှုအစီအစဉ်ဖြင့်ဖွင့်လှစ်သော ဝါးအခြေခံလက်မှုထည် လက်တွေ့လုပ်ငန်းခွင်သင်တန်းများမှ ထွက်ရှိလာသည့် ထုတ်ကုန်ပစ္စည်းများကို ဈေးကွက်အတွင်း ဝယ်လိုအား ရောင်းလိုအားရှိသည့် ကုန်သည်များမှတစ်ဆင့် ပစ္စည်းကောက်သူ ဝယ်လက်များနှင့် တစ်ပါတည်း ချိတ်ဆက်ပေးထားကြောင်း၊ တောရောမြို့ပါ အခြေခံကျကျ အသုံးပြုသည့်ပစ္စည်းများ ထုတ်ကုန်များဖြစ်၍ သင်တန်းမှထွက်သည့် ထုတ်ကုန်များအပြောင် သင်တန်းပြီးဆုံး၍ သင်တန်းသား၊ သင်တန်းသူများက ဆက်လက်လုပ်ကိုင် ထုတ်လုပ်ကြမည်ဆိုပါကလည်း ဝယ်လက်များက ထုတ်ကုန်များ လာရောက်သိမ်းယူရန်နှင့် ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မယ် ဖြစ်စေရန် ဈေးကွက်ပါ ရှာပေးချိတ်ဆက်ထားကြောင်း စက်မှုဌာနခွဲ အသေးစား၊ အလတ်စား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန(ရုံးချုပ်)မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သန်းသန်းဌေးက ပြောသည်။ စားသောက်ဆိုင်များ၊ ဟိုတယ်များ၊ အခန်းမျက်နှာကြက်များ၊ နံရံကပ်အလှဆင်များအဖြစ် ဒီဇိုင်းဆင်နိုင်မည့် ဝါးကိုပုံဖော်သည့် အကွက်ဆန်းများကိုလည်း သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ဝါးကုန်ကြမ်းမှ ဝါးလက်မှုကုန်ချောထည်များကို အနုစိတ်လက်မှုထည်ဖြစ်သည့် ပုံစံမျိုးစုံကိုလည်း ပြုလုပ်ရောင်းချနေကြောင်း၊ ယင်းထုတ်လုပ်သည့် အနုစိတ်လက်မှုထည်များမှာ မီးအုပ်ဆောင်း၊ နာရီဒိုင်ခွက်၊ ခေတ်ပုံပေါင်များ၊ တစ်ရှူးဘောက်များ၊ ပန်းသီးထည့်ခြင်းများ၊ ဖုန်းတင်စင်များ၊ သစ်သီးထည့်ခြင်းများ၊ ဝါးလင်ပန်းများ၊ နီးခမောက်များ၊ မီးအိမ်များ၊ ချိတ်ဆွဲနာရီများ၊ ပန်းအိုးများ၊ ရေခွက်များ၊ ကရားအိုးများ စသည့် လက်မှုကုန်ချောထည်များကို လည်း ထုတ်လုပ်ပြီး ဈေးကွက်အတွင်းသို့ ရောင်းချလျက်ရှိသည်။



ထိုဝါးကုန်ကြမ်းထည်မှ ဝါးလက်မှုကုန်ချောထည်များကို တိုင်းဒေသကြီး၊ ပြည်နယ်အတွင်း မြို့နယ်များနှင့် ကျေးရွာများမှ ရိုးရာလက်မှုလုပ်ငန်း တိမ်ကောပပျောက်မှုမရှိစေရန်အတွက် ဌာနဆိုင်ရာအချင်းချင်းဖြင့် လည်းကောင်း၊ ဒေသဆိုင်ရာလူမှုအဖွဲ့အစည်းများဖြင့် လည်းကောင်း သင်တန်းဖွင့်လှစ်ရန် ဆက်သွယ်လာပါက ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဇာခြည်အေး**
**(မြန်မာ့အလင်း)**

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၂၃-၇-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီ**

၁။ (၂၂-၇-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် –
- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ထပ်မံ စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၃၉၂)ခုတွင်
- • COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် မတွေ့ရှိရပါ။

၂။ သို့ဖြစ်ပါ၍ (၂၂-၇-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် –
- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ဓာတ်ခွဲနမူနာ (၅၃၉) ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၂၄၂) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၁၁၀) ခုနှင့်
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၂၅၆) ခု၊ စုစုပေါင်း (၁,၁၄၇)ခု အား စစ်ဆေးပြီးစီးခဲ့ရာတွင် –
- • COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၂) ဦး တွေ့ရှိရပါသည်။ (ဓာတ်ခွဲအတည်ပြု လူနာအသစ် (၂) ဦး တွေ့ရှိခဲ့ကြောင်းကို (၂၂-၇-၂၀၂၀) ရက်နေ့ ည (၈:၀၀) နာရီ သတင်းတွင် ဖော်ပြပြီး ဖြစ်ပါသည်။)

၃။ (၂၃-၇-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာ (၃၄၃) ဦးရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**

**(၂၃-၇-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| | |
|---|---|
| (၂၂-၇-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ ထပ်မံဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၃၉၂) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၀) ဦး |

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၂၃-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ**

၁။ (၂၃-၇-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် –
- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၂၈၈)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၁၅၃) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၂၅၉) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၆၆) ခုနှင့်
- ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၂) ခု၊ စုစုပေါင်း (၇၆၈)ခု အား ယနေ့၊ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ –
- • COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် မတွေ့ရှိပါ။

၂။ (၂၃-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၃၄၃) ဦးရှိပါသည်။

၃။ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာစစ်ဆေးမှုတွင် (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူစုစုပေါင်း (၂၈၀) ဦးရှိပါသည်။ ၎င်းတို့အနက် (၂၆၉)ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၂၂-၇-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၂၃-၇-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၁၈) ဦး ရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**

**(၂၃-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | |
|---|---|
| (၂၃-၇-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၈၈) ခု |
| (၂၃-၇-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၅၃) ခု |
| (၂၃-၇-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၅၉) ခု |
| (၂၃-၇-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၆၆) ခု |
| (၂၃-၇-၂၀၂၀) ရက်နေ့တွင် ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၀) ဦး |

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**

**(၂၃-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၀) ဦး | (၃၄၃) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၀) ဦး | (၂၈၀) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

# ကသာမြို့နယ်၌ လွယ်ဂျယ်နယ်စပ်စစ်ဆေးရေးဂိတ်မှ နေရပ်ပြန်ပြည်သူ ၃၀ ပြန်လည်ရောက်ရှိ

ကသာ ဇူလိုင် ၂၃

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် အင်းဒရန့်ဆိပ်ကမ်းတွင် ဇူလိုင် ၂၂ရက် ညနေပိုင်းက လွယ်ဂျယ်နယ်စပ်စစ်ဆေးရေးဂိတ်မှ နေရပ်ပြန်ပြည်သူ ၃၀ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

အဆိုပါနေရပ်ပြန် ပြည်သူများသည် ကသာမြို့နယ်မှ ကိုးဦး၊ ရွှေဦးမြို့နယ်မှ လေးဦး၊ ပင်လည်ဘူးမြို့နယ်မှ တစ်ဦး၊ ဒီပဲယင်းမြို့နယ်မှ လေးဦး၊ ကောလင်းမြို့နယ်မှ ငါးဦး၊ အင်းတော်မြို့နယ်မှ ခြောက်ဦး၊ ဆားလင်းကြီးမြို့နယ်မှ တစ်ဦး စုစုပေါင်း ၃၀ ဖြစ်ပြီး ၎င်းတို့ကို ဗန်းမော်ခရိုင်မှ တာဝန်ရှိသူများက လွယ်ဂျယ်နယ်စပ်စစ်ဆေးရေးဂိတ်မှ ကသာမြို့နယ်သို့ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ခဲ့ကာ ကသာမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်ဒေဝ၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များက နေရပ်ပြန်ပြည်သူများကို ကျန်းမာရေးစစ်ဆေးမှုများဆောင်ရွက်ပြီး ကြိုဆိုလက်ခံခဲ့ကြောင်း သိရသည်။

ကသာမြို့နယ်မှ နေရပ်ပြန်ပြည်သူ ကိုးဦးကို မိုးကုတ်ရိပ်သာ၌ အမျိုးသားခုနစ်ဦးနှင့် အမျိုးသမီးအိမ်တွင်းမှုသင်တန်းကျောင်း၌ အမျိုးသမီးနှစ်ဦးတို့ကို ကန့်သတ်စောင့်ကြည့်၍ အာခေါင်တို့ဖတ်၊ နှာခေါင်းတို့ဖတ်များ ရယူစစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ပြီး ပြန်လည်ရောက်ရှိလာသော စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကျန်မြို့နယ်များမှ နေရပ်ပြန်ပြည်သူများအား သက်ဆိုင်ရာကြိုဆိုရေးအဖွဲ့များထံသို့ လွှဲပြောင်းပို့ဆောင်ခဲ့ကြောင်း ကသာမြို့နယ် စီမံခန့်ခွဲမှုကော်မတီထံမှ သိရသည်။

ခရိုင်(ပြန်/ဆက်)

## COVID – 19 Call Center အချိန် ပြောင်းလဲဖွင့်လှစ်

နေပြည်တော် ဇူလိုင် ၂၃

COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန်အတွက် COVID-19 Call Center ကို ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာ လေးခု၊ Blue Ocean ကုမ္ပဏီတို့ပူးပေါင်း၍ COVID – 19 Call Center (ဖုန်းနံပါတ် ၂၀၁၉) အား ဧပြီ ၈ ရက်မှစ၍ နေ့စဉ် နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်းဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဖွင့်လှစ်ထားရှိသည်။

ယခုအခါတွင် COVID – 19 Call Center ခေါ်ဆိုမှု အချိန်ကို နံနက် ၈ နာရီမှ ည ၈ နာရီအထိ **(အစား)** နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြောင်းလဲဖွင့်လှစ်ထားကြောင်း သိရသည်။ **သတင်းစဉ်**

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၁၀၆၆၇၃ | ၃၄၃ |
| **ရောဂါပိုးကင်းစင်လာသူ** | **သေဆုံးသူ** |
| ၂၈၀ | ၆ |

**စောင့်ကြည့်လူနာ စုစုပေါင်း - ၆၆၁၁**

**ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ - ၂၆၉ ဦး ( အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ )**

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၂၆၅ | ၅ |
| ၂ | ရခိုင် | ၁၅ | |
| ၃ | ချင်း | ၁၂ | |
| ၄ | စစ်ကိုင်း | ၉ | |
| ၅ | ပဲခူး | ၉ | ၁ |
| ၆ | မွန် | ၆ | |
| ၇ | ရှမ်း(တောင်) | ၄ | |
| ၈ | မန္တလေး | ၄ | |
| ၉ | ရှမ်း(ရှေ့) | ၃ | |
| ၁၀ | ရှမ်း(မြောက်) | ၃ | |
| ၁၁ | မကွေး | ၃ | |
| ၁၂ | ကရင် | ၃ | |
| ၁၃ | နေပြည်တော် | ၂ | |
| ၁၄ | ဧရာဝတီ | ၂ | |
| ၁၅ | ကချင် | ၂ | |
| ၁၆ | တနင်္သာရီ | ၁ | |
| | **စုစုပေါင်း** | **၃၄၃** | **၆** |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၂၃-၇-၂၀၂၀ ရက်၊ ည (၈) နာရီ

## ၂၃-၇-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၁၀၂၀၀၂ | ၁၉၄၃၅၀၃ | ၁၄၆၁၉၈ |
| ၂။ | ဘရာဇီး | ၂၂၃၁၈၇၁ | ၁၅၃၂၁၃၈ | ၈၂၈၉၀ |
| ၃။ | အိန္ဒိယ | ၁၂၄၉၈၁၂ | ၇၉၀၇၆၅ | ၂၉၉၉၈ |
| ၄။ | ရုရှား | ၇၉၅၀၃၈ | ၅၈၀၃၃၀ | ၁၂၈၉၂ |
| ၅။ | တောင်အာဖရိက | ၃၉၄၉၄၈ | ၂၂၉၁၇၅ | ၅၉၄၀ |
| ၆။ | ပီရူး | ၃၆၆၅၅၀ | ၂၅၂၂၄၆ | ၁၇၄၅၅ |
| ၇။ | မက္ကဆီကို | ၃၆၂၂၇၄ | ၂၃၁၄၀၃ | ၄၁၁၉၀ |
| ၈။ | ချီလီ | ၃၃၆၄၀၂ | ၃၀၉၂၄၁ | ၈၇၂၂ |
| ၉။ | စပိန် | ၃၁၄၆၃၁ | စိစစ်ဆဲ | ၂၈၄၂၆ |
| ၁၀။ | ဗြိတိန် | ၂၉၆၃၇၇ | စိစစ်ဆဲ | ၄၅၅၀၁ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၂၃- ၇ - ၂၀၂၀

| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၉၃၆၅၇ | ၅၂၁၆၄ | ၄၅၇၆ |
| ဖိလစ်ပိုင် | ၇၄၃၉၀ | ၂၄၃၈၃ | ၁၈၇၁ |
| စင်ကာပူ | ၄၉၀၉၈ | ၄၄၇၉၅ | ၂၇ |
| မလေးရှား | ၈၈၄၀ | ၈၅၇၄ | ၁၂၃ |
| ထိုင်း | ၃၂၆၉ | ၃၁၀၅ | ၅၈ |
| ဗီယက်နမ် | ၄၁၂ | ၃၆၅ | ၀ |
| မြန်မာ | ၃၄၃ | ၂၈၀ | ၆ |
| ကမ္ဘောဒီးယား | ၁၉၈ | ၁၄၂ | ၀ |
| ဘရူနိုင်း | ၁၄၁ | ၁၃၈ | ၃ |
| လာအို | ၁၉ | ၁၉ | ၀ |




*❄ ရှေ့ဖုံးမှ*

သက်ဆိုင်ရာ ခရိုင်/ မြို့နယ်မှ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ပြန်လည်ဝင်ရောက်**

ပြန်လည်ဝင်ရောက်လာသူများ အနေဖြင့် မေ ၁ ရက်မှ မေ ၃၁ ရက်အထိ ၁၁၆၈၀၊ ဇွန် ၁ ရက်မှ ၃၀ ရက်အထိ ၂၅၃၃၈ ဦး၊ ဇူလိုင် ၁ ရက်မှ ၂၃ ရက်အထိ ၁၅၃၉၆ ဦး စုစုပေါင်း ၅၂၄၁၄ ဦးတို့ ပြန်လည်ဝင်ရောက်ခဲ့ပြီး ဖြစ်သည်။

**စုစုပေါင်း ၆၂၂ ဦးဖြစ်**

ယနေ့ ပြန်လည်ဝင်ရောက်သူများမှာ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ အမျိုးသား ၃၇၂ ဦး၊ အမျိုးသမီး ၂၅၀ စုစုပေါင်း ၆၂၂ ဦးဖြစ်ကြောင်း သိရသည်။

**ထိန်လင်းအောင်**

(ပြန်/ဆက်)

## ချင်းရွှေဟော် နှစ်နိုင်ငံနယ်စပ်ဂိတ်မှ မြန်မာနိုင်ငံသား နေရပ်ပြန်ပြည်သူ ၈၂ ဦးအား ပြန်လည်လက်ခံ



**ချင်းရွှေဟော် ဇူလိုင် ၂၃**

တရုတ်နိုင်ငံမှ မြန်မာနိုင်ငံသား နေရပ်ပြန်ပြည်သူများအား ချင်းရွှေဟော်မြို့ မြန်မာ-တရုတ် နှစ်နိုင်ငံ နယ်စပ်ဂိတ် နမ့်ဖာဟော်တံတားပေါ်တွင် လွှဲပြောင်းပေးအပ်ရာ ဇူလိုင် ၂၂ ရက်က ၄၅ ဦးနှင့် ယနေ့ နံနက် ၁၁ နာရီက ၃၇ ဦး စုစုပေါင်း နေရပ်ပြန်ပြည်သူ ၈၂ ဦးတို့ကို ပြန်လည်လက်ခံခဲ့သည်။ (ဓာတ်ပုံ)

အဆိုပါ လွှဲပြောင်းလာသော မြန်မာနိုင်ငံသား အမျိုးသား ၅၇ ဦး၊ အမျိုးသမီး ၂၅ ဦး စုစုပေါင်းနေရပ်ပြန်ပြည်သူ ၈၂ ဦးသည် တရုတ်နိုင်ငံဘက်ခြမ်းတွင် အကြောင်းအမျိုးမျိုးကြောင့် ပြစ်ဒဏ်ကျခံခဲ့ရသော ပြည်သူများဖြစ်ပြီး ၎င်းတို့အား ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ မြို့အုပ်ချုပ်ရေးမှူး ဦးသက်ဦးပိုင်နှင့် ကော်မတီအဖွဲ့ဝင်များ၊ ချင်းရွှေဟော်နယ်စပ်စစ်ဆေးရေးစခန်းမှ ဦးစီးအရာရှိ ဦးဝင်းမြင့်နှင့် တာဝန်ရှိသူများက ပြန်လည်လက်ခံခဲ့ကြသည်။

ထိုသို့ ပြန်လည်လက်ခံခဲ့သည့် မြန်မာနိုင်ငံသား နေရပ်ပြန်ပြည်သူ ၈၂ ဦးအား ချင်းရွှေဟော်မြို့ မြို့တော်ခန်းမ အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်း၌ ခေတ္တထားရှိပြီး ချင်းရွှေဟော်မြို့ ကုသရေးဦးစီးဌာနမှ ၎င်းတို့၏ အာခေါင်တို့ဖတ်၊ နှာခေါင်းတို့ဖတ်တို့အား ရယူ၍ ကိုဗစ်-၁၉ ရောဂါပိုးကူးစက်မှု ရှိ/မရှိ ဓာတ်ခွဲစစ်ဆေးနိုင်ရန်အတွက် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန မန္တလေးမြို့သို့ ဆက်လက်ပို့ဆောင်သွားမည်ဖြစ်သည်။ ၎င်းနေရပ်ပြန်ပြည်သူများသည် မြန်မာနိုင်ငံအတွင်းရှိ တိုင်းဒေသကြီး/ပြည်နယ်မှ ဖြစ်ကြောင်း သိရသည်။

**ဇင်ဇင်(ပြန်/ဆက်)**

# တိမ်မည်းညိုနှင့် ငွေရောင်လှိုင်းသား

စကားပုံတစ်ခု ကြားဖူးခဲ့
တိမ်မည်းညိုတိုင်းမှာ
ငွေရောင်လှိုင်းသားတွေနဲ့
ဝိုင်းရံထားသတဲ့။
တို့ကမ္ဘာကြီးကို
ဒီတိမ်မည်းညိုတွေက မမျှော်လင့်ဘဲ
လွှမ်းမိုးထားတာ
လပေါင်းများစွာ ကြာမြင့်ခဲ့ပြီ။
မှိုင်းပြာမှုန်ရီဝေ
တိမ်မည်းညိုရိပ်တွေရဲ့
ရက်စက်မှုအောက်မှာ
သက်ကြီးရွယ်အို
အဘိုး အဘွား နှလုံးအားနည်း
အဆုတ်ရောဂါသည်
ရှောင်ကာဖယ်မပြေး
ကျန်းမာရေးဝန်ထမ်းများ
အားလျော့အသက်ပေး ဆုံးရှုံးဝေးခဲ့ရတယ်။
စက်ရုံတွေမှာ
အလုပ်သမားမရှိ၊
စာသင်ကျောင်းတွေမှာ
ကျောင်းသားမရှိ၊
ပင်လယ်ကမ်းခြေ
အပန်းဖြေစခန်းတွေမှာ လူများမရှိ။
အပူအားထိကာ
လူများပြည့်နေတာကတော့
အဆုတ်မှာကျပ်
နှလုံးခုန်ရပ်သွားတဲ့
တိုက်ပွဲဝင်ရှေ့တန်း ဆေးရုံခန်းများပါ။
ဒီလိုရက်စက်တဲ့
မိုးသက်မုန်တိုင်းရဲ့
အောက်မှာ ဒူးမထောက်
လက်မမြှောက် ကြောက်စိတ်ဖယ်ထား
ရှန်းကန်လှုပ်ရှားရင်း
ငွေသားပမာ
ကြည်လင်စွာလှပသော
တိမ်လွှာနှုတ်ခမ်းသားလေး များရှိကြောင်း
ကောင်းစွာ မြင်လာမိခဲ့တယ်။
ကြည့်လိုက်စမ်းပါ...
တို့ပတ်ဝန်းကျင်
တောင်တောတစ်ခွင်မှာ
ပိုပြီး စိမ်းလန်းစိုပြည်လာတယ်၊
တို့ရှုသွင်းနေ ဝေဟင်လေဟာ
ပိုပြီး သန့်စင်လာတယ်၊
အသက်ရှင်သန်မှုကို
ပေါ့ပေါ့ပါးပါး သဘောမထားတော့ဘဲ
ပိုပြီး တန်ဖိုးထားလာကြတယ်၊
အားနည်းသူကို
အားသာသူက ပိုပြီး
ကူညီတတ်လာတယ်၊
ချမ်းသာသူက ဆင်းရဲသူကို
ပိုပြီး ဖေးမတတ်လာတယ်၊
နှိမ့်ချခံရသူအနည်းစုကို
အများစုက ပိုပြီးကာကွယ်လာကြတယ်၊
တစ်အိမ်ထဲမှာနေရင်း
ဝေးနေကြတဲ့ မိသားစု
ပိုပြီး ချစ်တတ်လာတယ်၊
အဝေးမြေက
မိတ်ဆွေ သူငယ်ချင်းများလည်း
ပိုပြီး နီးစပ်လာတယ်၊
စမတ်ဖုန်းနဲ့ အင်တာနက်
ကူညီမှုအတွက် ကျေးဇူးတင်လျက်ပါ။
ဒီ မိုးပြင်းမုန်တိုင်းဒဏ်က
ဘယ်ချိန်မှ လွတ်မြောက်မယ်
စိတ်ဝယ် မသိသေးပေမယ်လို့
လှပစင်ကြယ်တဲ့ ငွေမင်ရောင်
ဒီတိမ်လှိုင်းသားတွေကို
ရင်ခွင်မှာ ထွေးပိုက်ထားရင်း
တိမ်မည်းညိုအလွန်ကမ္ဘာထက်မှာ
တိုးဝှေ့လာမယ့် လေပြည်ညင်းလေးကို
(ကိုယ်လေ)
အမြဲမျှော်လင့်နေမိပါတော့တယ်...။

နိုင်အောင်မိုး(LA)

# Air KBZ လေကြောင်းလိုင်းက ပြည်တွင်းခရီးသွားများ သွားလာမှုအဆင်ပြေစေရန် အထူးအစီအစဉ်ထပ်မံပြုလုပ်

ရန်ကုန် ဇူလိုင် ၂၃

ကိုဗစ် - ၁၉ ရောဂါကာလအတွင်း ပြည်တွင်းခရီးသွားများ အဆင်ပြေစေရန်နှင့် ခရီးသွားလာမှု အခက်အခဲမရှိဘဲ အဆင်ပြေလွယ်ကူစေရန် Air KBZ လေကြောင်းလိုင်းက အထူးအစီအစဉ် ထပ်မံ ပြုလုပ်ပေးထားကြောင်း သိရသည်။

Air KBZ လေကြောင်းလိုင်းသည် ကိုဗစ်-၁၉ ရောဂါကာလတွင်လည်း ခရီးစဉ်များ ပျံသန်းပြေးဆွဲပေးလျက်ရှိပြီး ပြည်တွင်းလေကြောင်းပို့ဆောင်ရေးကဏ္ဍ အရှိန်အဟုန်မြှင့်တင်ရန်နှင့် ခရီးသည်များ ပိုမိုအဆင်ပြေစေရန် ပြည်တွင်းခရီးစဉ် အားလုံးအတွက် “ဝါဆို X5000” အထူးအစီအစဉ် ပြုလုပ်ပေးသွားမည် ဖြစ်သည်။ ပြည်တွင်း ခရီးသွားများအနေဖြင့် Air KBZ လေကြောင်းလိုင်းက တိုးချဲ့ပျံသန်းပြေးဆွဲမည့် ပူတာအိုနှင့် ဗန်းမော်ခရီးစဉ် အပါအဝင် ပုံမှန်ပြေးဆွဲလျက်ရှိသည့် ရန်ကုန်၊ မန္တလေး၊ ဟဲဟိုး၊ သံတွဲ၊ ထားဝယ်၊ မြိတ်၊ ကော့သောင်း၊ လွိုင်ကော်၊ ကျောက်ဖြူ၊ စစ်တွေ၊ လားရှိုး၊ တာချီလိတ်၊ ကျိုင်းတုံ၊ မြစ်ကြီးနား၊ နေပြည်တော်၊ ခန္တီးနှင့် ကလေးမြို့ အစရှိသည့် ခရီးစဉ် ၁၉ ခုသို့ ခရီးစဉ်တစ်ကြောင်းလျှင် လက်မှတ်ဈေးနှုန်း ငွေကျပ် ၂၅၀၀၀ မှစတင်ကာ ဝယ်ယူနိုင်မည်ဖြစ်သည်။ အထူးအစီအစဉ်ဖြင့် ရောင်းချမည့် လက်မှတ်များကို ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၂၄ ရက်မှ ၃၀ ရက်အထိ ဝယ်ယူရမည်ဖြစ်ပြီး ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၂၄ ရက်မှ အောက်တိုဘာ ၃၁ ရက်အထိ သွားလာနိုင်ကာ ခရီးစဉ်ရက်အပြောင်းအလဲနှင့် ခရီးသည်အမည်ပြောင်းလဲခြင်း(တစ်ကြိမ်)ကို ခရီးသွားမည့်ရက်မတိုင်မီ သုံးရက်ကြိုတင်၍ အကြောင်းကြားပါက အခမဲ့ပြုလုပ်ခွင့်ရမည်ဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသည့်ကာလတွင် ပြည်တွင်းခရီးသွားများ အဆင်ပြေစေရန် ဆောင်ရွက်ပေးခြင်းဖြစ်ပြီး ယင်းလက်မှတ်များကို Air KBZ ၏ ဝက်ဘ်ဆိုက် www.airkbz.com ၊ Mobile App ၊ K7Chatbot ၊ နယ်ရုံးခွဲများနှင့် လက်မှတ်အရောင်းကောင်တာများ၊ Air KBZ ၏ လက်မှတ်အရောင်းကိုယ်စားလှယ်များထံတွင် ဝယ်ယူရရှိနိုင်မည်ဖြစ်သည်။




Air KBZ လေကြောင်းလိုင်းသည် မြန်မာနိုင်ငံရှိ မြို့ပေါင်း ၁၇ မြို့သို့ ATR72-600 လေယာဉ်ရှစ်စင်းဖြင့် ပျံသန်းပြေးဆွဲလျက်ရှိပြီး လက်ရှိခရီးစဉ်အချိန်ဇယားများအရ တစ်ပတ်လျှင် လေကြောင်းခရီးစဉ်ပေါင်း ၂၁၀ ခန့် ပြေးဆွဲနေကြောင်း သိရသည်။ Air KBZ လေကြောင်းလိုင်းသည် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များတွင်လည်း ပါဝင်ကူညီ ဆောင်ရွက်ပေးလျက်ရှိသည်။

**ဖိုးသော်ဇင်**

# ကိုဗစ်ကာလ စီးပွားရေးပြန်လည်ကုစားမှု အစီအစဉ်ဖြင့် မျိုးစေ့များ ထောက်ပံ့

နေပြည်တော် ဇူလိုင် ၂၃

နေပြည်တော် ဥတ္တရခရိုင် ပုဗ္ဗသီရိမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ကိုဗစ်ကာလစီးပွားရေးပြန်လည်ကုစားမှုအစီအစဉ်ဖြင့် မျိုးစေ့ထောက်ပံ့ပေးအပ်ပွဲနှင့် မျိုးစေ့ထုတ်နည်းပညာပေးသင်တန်းကို ယနေ့နံနက် ၉ နာရီက စက်စက်ယိုစိုက်ကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော်စိုက်ပျိုးရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးဝင်းဦးက အမှာစကားပြောကြားပြီး ခရိုင်ဦးစီးမှူး ဦးထိန်လင်းဟန်က မျိုးစေ့ထုတ်လုပ်ငန်းနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားကာ တာဝန်ရှိသူများက တောင်သူ ၅၃ ဦးအတွက် မျိုးစပါး ၁၅၇ တင်း ထောက်ပံ့ပေးအပ်သည်။**(အောက်ပုံ)**

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဒေါ်ခင်မြမြလွင်က သင်တန်းတွင် ပိုးမွှားရောဂါကျရောက်မှု ကာကွယ်နှိမ်နင်းနည်း၊ စနစ်တကျစပါးပင်သက်တမ်းအလိုက် မြေဩဇာသုံးစွဲနည်းနှင့် မျိုးစေ့များအား ဆားရည်စိမ်ခြင်း၊ ပျိုးထောင်စိုက်ပျိုးခြင်းနှင့် မျိုးကွဲပယ်ခြင်း၊ စီးပွားဖြစ် မျိုးကောင်းမျိုးသန့်ရရှိအောင် ဆောင်ရွက်ရန် ပို့ချခဲ့ကြောင်း သိရသည်။

**မောင်ကျော်ကြီး**




## ရွှေစက်တော် မန်းချောင်းအပန်းဖြေ ဆင်စခန်းမှ ဆင်များ ကိုဗစ်-၁၉ ကာလ ဆင်စာဘူဖေးအတွက် လှူဒါန်းသူများနည်းပါးနေ

မင်းဘူး ဇူလိုင် ၂၃

ကိုဗစ်-၁၉ ရောဂါကာလအတွင်း မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် ရွှေစက်တော် မန်းချောင်းအပန်းဖြေဆင်စခန်းများ ပိတ်ထားသည့်ကာလတွင် ဆင်များအား အနယ်နယ်အရပ်ရပ်မှ ဆင်ချစ်သူများက ဆင်စာ ဘူဖေးကျွေးမွေးလှူဒါန်းမှုများ ရှိသော်လည်း နည်းပါးလျက်ရှိနေသေးကြောင်း သိရသည်။ ဆင်စာများအတွက် နေဗီယာမြက်၊ ငှက်ပျောသီး၊ ငှက်ပျောပင်၊ ဖရုံသီး၊ ဖရဲသီး၊ သခွားသီး၊ သရက်သီး၊ ပြောင်းဖူးများကို ဆင်စာအဖြစ် ကျွေးမွေးနိုင်သည်။

ရွှေစက်တော် မန်းချောင်းအပန်းဖြေ ဆင်စခန်းမှ ဆင်များ အစာရေစာ အခက်အခဲရှိပြီး ဆင်ချစ်သူများအနေဖြင့် ဆင်စာဘူဖေး ကျွေးမွေးလှူဒါန်းလိုပါက တယ်လီဖုန်းဖြင့် ဖြစ်စေ၊ ဆင်စခန်းများ၏ page များမှ ဖြစ်စေ ဆက်သွယ်လှူဒါန်းနိုင်ပြီး ဆင် ၁၂ ကောင် ရှိသော်လည်း ငွေကျပ်သုံးသောင်း၊ ငါးသောင်း၊ ခုနစ်သောင်းမှ တစ်သိန်းကျပ်အထိ မိမိတို့ လှူဒါန်းလိုသလောက် ဆင်စာဘူဖေးများ ကျွေးမွေးလှူဒါန်းနိုင်ကြောင်း မင်းဘူးခရိုင် သစ်ထုတ်ရေးမန်နေဂျာ ဦးအောင်နေလင်းထံမှ သိရသည်။

**ဇေယျာထက်(မင်းဘူး)**

# အမရပူရမြို့နယ်တွင် တာရိုးကျိုးပေါက်မှုကြောင့် ဝင်ရောက်သည့် မြစ်ရေများအား ရေစုပ်စက်များဖြင့် စုပ်ထုတ်ပေးလျက်ရှိ

**မန္တလေး ဇူလိုင် ၂၃**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ရွှေဂဲကျေးရွာအနီး ဇူလိုင် ၂၀ ရက် နံနက်အစောပိုင်းက တာရိုးကျိုးပေါက်မှုကြောင့် မြစ်ရေဝင်ရောက်ခဲ့မှုအား အမြန်ဆုံးလျော့နည်းစေရေးအတွက် ရေစုပ်စက်များဖြင့် ရေစုပ်ထုတ်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဇူလိုင် ၂၁ ရက် မွန်းတည့် ၁၂ နာရီ မှစတင်၍ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက တစ်နာရီ ရေဂါလန် ၅ သိန်း စုပ်ထုတ်နိုင်သည့် ရေစုပ်စက် သုံးလုံးဖြင့် တစ်နာရီကို ရေဂါလန် ၁၃ သမ၅သန်းစုပ်ထုတ်ပေးလျက်ရှိပြီး ဇူလိုင် ၂၂ ရက် နံနက်ပိုင်းတွင် ရေစုပ်စက် ခြောက်လုံး တပ်ဆင်အားဖြည့်ကာ ရေများကို စုပ်ထုတ်လျက်ရှိသည်။

ထို့ပြင် ရေများ ပိုမိုလျင်မြန်စွာလျော့ကျစေရေးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ တစ်နာရီ ရေဂါလန် ဝ ဒသမ ၅၂ သန်း စုပ်ထုတ်နိုင်သည့် ရေစုပ်စက် လေးလုံး၊ ဆည်မြောင်းဦးစီးဌာနမှ တစ်နာရီ ရေဂါလန် ဝ ဒသမ၂၂ သန်း စုပ်ထုတ်နိုင်သည့် ရေစုပ်စက် ငါးလုံးနှင့် တစ်နာရီ ရေဂါလန် ဝ ဒသမ ၂ သန်း စုပ်ထုတ်နိုင်သည့် ရေစုပ်စက် နှစ်လုံး တို့ကို ထပ်မံသယ်ယူ တပ်ဆင်မောင်းနှင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ စက်များအားလုံး စွမ်းအားပြည့်မောင်းနှင် စုပ်ထုတ်ပါက တစ်နာရီလျှင် ရေဂါလန် ၃ ဒသမ ၂၅ သန်း စုပ်ထုတ်နိုင်မည်ဖြစ်ပြီး မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီအနေဖြင့် တာရိုးကျိုးပေါက်မှုကြောင့် ရပ်ကွက်၊ ကျေးရွာအတွင်း ဝင်ရောက်ခဲ့သည် မြစ်ရေများကို တစ်ပတ်အတွင်း ကုန်ဆုံးကျဆင်းနိုင်စေရန် ရည်မှန်းချက်ထားရှိဆောင်ရွက်လျက် ရှိကြောင်း မြို့တော်ဝန် ဒေါက်တာရဲလွင်က ပြောကြားသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

# ၂၀၁၉ တစ်နှစ်တာ မြန်မာ့ရိုးရာလက်ဝှေ့အကောင်းဆုံးဆုများ ချီးမြှင့်

**ရန်ကုန် ဇူလိုင် ၂၃**

မြန်မာ့ရိုးရာလက်ဝှေ့ပြန့်ပွားရေးအသင်း (ရွှေဝတီ) က ပေးအပ်သော ၂၀၁၉ ခုနှစ်အတွက် တစ်နှစ်တာ ရိုးရာလက်ဝှေ့အကောင်းဆုံးဆုပေးပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျိုက္ကဆံကွင်းအတွင်းမှ အားကစားနှင့် ကာယပညာသိပ္ပံကျောင်း (ရန်ကုန်) ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အကောင်းဆုံးဆုများ ပေးအပ်ရာ ၂၀၁၉ ခုနှစ်အတွင်း အလဲထိုးနိုင်ပွဲ အများဆုံးကစားသမားဆုကို ဖွဲ့ကပင်မြေကလပ်မှ နက္ခတ်အောင်၊ အတိုးတက်ဆုံးကစားသမားဆုကို မန္တလေးအခြေစိုက် ကျားဖြူကလပ်မှ ကစားသမား ဖုဋ္ဌတို့က ရရှိခဲ့ပြီး အအောင်မြင်ဆုံးလက်ဝှေ့ကလပ်အသင်းဆုကို ဖွဲ့ကပင်မြေကလပ်က ရရှိခဲ့ရာ ဆုရရှိသူများအား မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးသိန်းအောင်၊ မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ် နာယက ဦးစိုးကျော်၊ အားကစားနှင့် ကာယပညာသိပ္ပံကျောင်း (ရန်ကုန်) ကျောင်းအုပ်ကြီး ဦးကျော်စိုးမိုး၊ မြန်မာ့ရိုးရာလက်ဝှေ့ပြန့်ပွားရေးအသင်း (ရွှေဝတီ) ဥက္ကဋ္ဌ ဦးငြိမ်းချမ်းကို၊ အတွင်းရေးမှူး ဦးကိုကိုကျော်၊ အထက်မြန်မာပြည်ရိုးရာလက်ဝှေ့တာဝန်ခံ ဥက္ကဋ္ဌ ဦးကျော်မင်းခိုင်နှင့် တာဝန်ရှိသူများက ပေးအပ်ကြသည်။

အခမ်းအနားတွင် မြန်မာ့ရိုးရာလက်ဝှေ့ပြန့်ပွားရေးအသင်း (ရွှေဝတီ) နှင့်အတူ The Glory of 9.9 အုပ်စုနှင့် Myanmar Makro Industry Co.Ltd တို့က ဆုငွေနှင့် ပစ္စည်းများ ပါဝင်ချီးမြှင့်ခဲ့ကြသည်။ ထို့နောက် မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်သို့ ကိုဗစ်-၁၉ ကာလအတွက် ငွေကျပ် ၁၄၅ သိန်း ထောက်ပံ့ခဲ့သော Royal -D အချိုရည်အား ဂုဏ်ပြုလက်မှတ်ပေးအပ်ကာ အသင်းဥက္ကဋ္ဌ ဦးငြိမ်းချမ်းကို က ကျေးဇူးတင်စကားပြောကြားသည်။

မြန်မာ့ရိုးရာလက်ဝှေ့ပြန့်ပွားရေးအသင်း (ရွှေဝတီ) သည် ရိုးရာလက်ဝှေ့အကောင်းဆုံးဆုများကို ၂၀၁၇ ခုနှစ်မှ စတင်ပေးအပ်လာခဲ့ခြင်းဖြစ်ရာ ယခုအကြိမ်သည် တတိယအကြိမ်မြောက်ဖြစ်ကြောင်း သိရသည်။

**အာကာစိုး**

# မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဇူလိုင် ၂၃**

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ပူတာအိုမြို့တွင် ၆ ဒသမ ၁၈ လက်မ၊ ခန္တီးမြို့တွင် ၄ ဒသမ ၀၉ လက်မ၊ ကျောက်ဖြူမြို့တွင် ၃ ဒသမ ၁၂ လက်မ၊ ကွမ်းလုံမြို့နှင့် အမ်းမြို့တို့တွင် ၂ ဒသမ ၇၆ လက်မစီ၊ ဟိုင်းကြီးကျွန်းမြို့တွင် ၂ ဒသမ ၆၄ လက်မ၊ ဘီးလင်းမြို့တွင် ၂ ဒသမ ၄၄ လက်မ၊ ရွှေကူမြို့နှင့် မာန်အောင်မြို့ တို့တွင် ၂ ဒသမ ၀၁ လက်မစီ၊ ကလေးဝမြို့တွင် ၁ ဒသမ ၇၇ လက်မ၊ တောင်ကုတ်မြို့တွင် ၁ ဒသမ ၇၃ လက်မ၊ နမ့်စန်မြို့တွင် ၁ ဒသမ ၆၅ လက်မနှင့် မြစ်ဆုံတွင် ၁ ဒသမ ၅၄ လက်မတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

# ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၃ - ၇ - ၂၀၂၀

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၂၇၆၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၇၂၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၀၀၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၂၇၆၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၇၂၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၀၀၉၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၃၀/၅၇၀ | ကျပ် | ၅၇၀/၅၉၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၄၀/၅၈၅ | ကျပ် | ၅၈၅/၆၀၅ | ကျပ် |
| အောက်တိန်း ၉၂ | ၄၈၀/၅၂၀ | ကျပ် | ၅၅၀/၅၇၀ | ကျပ် |
| အောက်တိန်း ၉၅ | ၆၁၀/၆၃၀ | ကျပ် | ၆၇၀/၇၀၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၇၉ . ၃ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၉၈ . ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၉၇ . ၂၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၅၃ . ၉ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၈၇ . ၃ |
| သြစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၈၆ . ၁၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၇ . ၂၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၄၄၉ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၅ . ၂၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၄ . ၃၉ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၃ . ၅၆၆ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၀၀၀ | ၁၀၀၀၀ | ၄၀၄ | ၄၁၁၆၅၀၀ |
| MTSH | ၃၈၀၀ | ၃၈၀၀ | ၁၇၃၀ | ၆၅၇၄၀၀၀ |
| MCB | ၈၀၀၀ | ၈၀၀၀ | ၂၀ | ၁၆၀၀၀၀ |
| FPB | ၂၂၀၀၀ | ၂၂၀၀၀ | ၁၂၇ | ၂၇၉၄၀၀၀ |
| TMH | ၂၈၅၀ | ၂၈၅၀ | ၁ | ၂၈၅၀ |
| EFR | ၂၇၀၀ | ၂၇၅၀ | ၁၅၇ | ၄၂၄၀၀၀ |

ခင်ရတနာ - စုစည်းသည်




## အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot-line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

မြန်မာ့အလင်း

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - ဝင်းကျော် |
| သတင်းထောက်ချုပ် | - မြင့်ဆွေ |
| စာတည်းများ | - ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊ |
| ဘာသာပြန် စာတည်း | - ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်း သတင်းထောက်များ | - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး |
| ဓာတ်ပုံ သတင်းထောက် | - တင်စိုး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဇော်ပိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-** အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ၂၀၂၀ ပြည့်နှစ်၊ ဝင်ငွေခွန်ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

*ယမန်နေ့မှ အဆက်*

(၂) ပုဂ္ဂိုလ်တစ်ဦးနှင့် စပ်လျဉ်း၍ **"သိပ္ပံပညာရပ်ဆိုင်ရာ သုတေသနအသုံးစရိတ်"** ဆိုသည်မှာ သိပ္ပံ သို့မဟုတ် နည်းပညာနယ်ပယ်တစ်ရပ်တွင် စမ်းသပ်ခြင်း သို့မဟုတ် ပိုင်းခြားသုံးသပ်ခြင်း နည်းလမ်းများဖြင့် ဆောင်ရွက်သည့် စနစ်တကျ စုံစမ်းစစ်ဆေးခြင်း သို့မဟုတ် သုတေသနပြုလုပ်ခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် ယင်းပုဂ္ဂိုလ်၏လုပ်ငန်းကို တိုးတက်ဖွံ့ဖြိုးစေရန် ရည်ရွယ်ချက်ဖြင့် သုတေသနဆောင်ရွက်ပေးရန် သိပ္ပံပညာရပ်ဆိုင်ရာ သုတေသနအဖွဲ့အစည်းတစ်ခုသို့ ပေးချေသည့် အသုံးစရိတ်များလည်း ပါဝင်သည်။ သို့ရာတွင် အောက်ပါအသုံးစရိတ်များ ပါဝင်ခြင်းမရှိစေရ -

(ကက) တန်ဖိုးလျော့နိုင်သည့် ရရန်ပိုင်ခွင့် သို့မဟုတ် လုပ်ငန်းဆိုင်ရာ ဒြပ်မဲ့ ရရန်ပိုင်ခွင့်တစ်ခုကို ရယူရာ၌ ကျခံသည့် အသုံးစရိတ်၊

( ခခ ) မရွှေ့မပြောင်းနိုင်သောပစ္စည်းကို ရယူရာ၌ ကျခံသည့် အသုံးစရိတ်၊

( ဂဂ ) သဘာဝသယံဇာတ သိုက်တစ်ခု၏ တည်ရှိမှု၊ တည်နေရာ၊ ပမာဏ၊ သို့မဟုတ် အရည်အသွေးကို အတိအကျသိရှိနိုင်ရန် ရည်ရွယ်ဆောင်ရွက်ခြင်းအတွက် ကျခံသည့် အသုံးစရိတ်။

(၃) **"သိပ္ပံပညာရပ်ဆိုင်ရာ သုတေသနအဖွဲ့အစည်း"** ဆိုသည်မှာ သိပ္ပံပညာရပ်ဆိုင်ရာ သုတေသနကို ဆောင်ရွက်သည့် အသင်းအဖွဲ့၊ အဖွဲ့အစည်း၊ ကောလိပ်၊ သို့မဟုတ် တက္ကသိုလ်တစ်ခုကို ဆိုသည်။

**အခွန်အရှုံးများ**

၂၅။ (က) ဤပုဒ်မအရ ခွင့်ပြုသည့် နုတ်ပယ်မှုမှအပ အခွန်နှစ်တစ်နှစ်အတွက် လုပ်ငန်း သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုနှင့် စပ်လျဉ်း၍ ပုဂ္ဂိုလ်တစ်ဦးအား ခွင့်ပြုသည့် စုစုပေါင်း နုတ်ပယ်မှု ငွေကြေးပမာဏသည် ထိုနှစ်အတွက် ယင်းပုဂ္ဂိုလ်၏ ယင်းလုပ်ငန်း သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုမှ စည်းကြပ်ထိုက်သောဝင်ငွေ စုစုပေါင်းထက် ကျော်လွန်နေလျှင် ယင်းကျော်လွန်သည့် ငွေကြေးပမာဏသည် အဆိုပါနှစ်အတွက် ထိုပုဂ္ဂိုလ်၏ ယင်းလုပ်ငန်း သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုမှ အသားတင်အရှုံးဖြစ်သည်။

(ခ) ဤဥပဒေနှင့် မဆန့်ကျင်စေဘဲ ပုဂ္ဂိုလ်တစ်ဦးသည် အခွန်နှစ်တစ်နှစ်အတွက် လုပ်ငန်းမှ အသားတင်အရှုံးပေါ်ပေါက်လျှင် ယင်းအသားတင်အရှုံးပမာဏကို ယင်းနှစ်အတွင်း အောက်ပါအစီအစဉ်အတိုင်း နုတ်ပယ်နိုင်သည် -

(၁) ပထမဦးစွာ ထိုနှစ်အတွက် အခြားမည်သည့်လုပ်ငန်းမှမဆို ရရှိသည့် ယင်းပုဂ္ဂိုလ်၏ မည်သည့်စည်းကြပ်ထိုက်သော ဝင်ငွေမှမဆို၊

(၂) ဒုတိယအနေဖြင့် ထိုနှစ်အတွက် မည်သည့်ရင်းနှီးမြှုပ်နှံမှုမှမဆို ရရှိသည့် ယင်းပုဂ္ဂိုလ်၏ မည်သည့်စည်းကြပ်ထိုက်သော ဝင်ငွေမှမဆိုနှင့်

(၃) တတိယအနေဖြင့် ထိုနှစ်အတွက် ပုဒ်မ ၁၃၊ ပုဒ်မခွဲ (က) အရ အခြေပစ္စည်းမှ မြတ်စွန်းခွန် ပေးဆောင်ရန် တစ်နည်းအားဖြင့် တာဝန်ရှိမည်ဖြစ်သည့် အခွန်ကျသင့်သော ရရန်ပိုင်ခွင့်တစ်ခုကို ထုခွဲရောင်းချခြင်းမှ ပေါ်ပေါက်လာသည့် ယင်းပုဂ္ဂိုလ်၏ မည်သည့် အမြတ်အစွန်းမှမဆို။

(ဂ) ပုဒ်မခွဲ (ခ) အရ အသားတင်အရှုံးကို အပြည့်အဝနုတ်ပယ်နိုင်ခြင်း မရှိပါက နုတ်ပယ်ခြင်းမရှိသည့် ငွေကြေးပမာဏကို ယင်းပုဂ္ဂိုလ်က တစ်ဆက်တည်းဖြစ်သည့် လာမည့်အခွန်နှစ်သို့ ဆက်လက်သယ်ဆောင်နိုင်ပြီး ယင်းနှစ်တွင် အောက်ပါအစီအစဉ်အတိုင်း နုတ်ပယ်နိုင်သည် -

(၁) ပထမဦးစွာ ထိုနှစ်အတွက် မည်သည့်လုပ်ငန်းမှမဆို ရရှိသည့် ယင်းပုဂ္ဂိုလ်၏ မည်သည့်စည်းကြပ်ထိုက်သော ဝင်ငွေမှမဆို၊

(၂) ဒုတိယအနေဖြင့် ထိုနှစ်အတွက် မည်သည့်ရင်းနှီးမြှုပ်နှံမှုမှမဆို ရရှိသည့် ယင်းပုဂ္ဂိုလ်၏ မည်သည့်စည်းကြပ်ထိုက်သော ဝင်ငွေမှမဆိုနှင့်

(၃) တတိယအနေဖြင့် ထိုနှစ်အတွက် ပုဒ်မ ၁၃၊ ပုဒ်မခွဲ (က) အရ အခြေပစ္စည်းမှ မြတ်စွန်းခွန်ပေးဆောင်ရန် တစ်နည်းအားဖြင့် တာဝန်ရှိမည်ဖြစ်သည့် အခွန်ကျသင့်သော ရရန်ပိုင်ခွင့်တစ်ခုကို ထုခွဲရောင်းချခြင်းမှ ပေါ်ပေါက်လာသည့် ယင်းပုဂ္ဂိုလ်၏ မည်သည့်အမြတ်အစွန်းမှမဆို၊

စသည်ဖြင့် အထက်ပါအစီအစဉ်အတိုင်း အသားတင်အရှုံးကို အပြည့်အဝနုတ်ယူပြီးသည်အထိ ဆောင်ရွက်နိုင်သည်။ သို့ရာတွင် အသားတင်အရှုံးကို ယင်းအသားတင်အရှုံးပေါ်ပေါက်သည့် အခွန်နှစ်ကုန်ဆုံးပြီးနောက် အခွန်နှစ် ငါးနှစ်ထက် ပိုမို၍ ဆက်လက်သယ်ဆောင်နိုင်ခြင်း မရှိစေရ။

(ဃ) ဤဥပဒေနှင့် မဆန့်ကျင်စေဘဲ ပုဂ္ဂိုလ်တစ်ဦးသည် အခွန်နှစ်တစ်နှစ်အတွက် ရင်းနှီးမြှုပ်နှံမှုမှ အသားတင်အရှုံး ပေါ်ပေါက်ခဲ့လျှင် ယင်းအသားတင်အရှုံးပမာဏကို ယင်းနှစ်အတွင်း အောက်ပါအစီအစဉ်အတိုင်း နုတ်ပယ်နိုင်သည် -

(၁) ပထမဦးစွာ ထိုနှစ်အတွက် မည်သည့်ရင်းနှီးမြှုပ်နှံမှုမှ မဆို ရရှိသည့် ယင်းပုဂ္ဂိုလ်၏ မည်သည့်စည်းကြပ်ထိုက်သော ဝင်ငွေမှမဆိုနှင့်

(၂) ဒုတိယအနေဖြင့် ထိုနှစ်အတွက် ပုဒ်မ ၁၃၊ ပုဒ်မခွဲ (က) အရ အခြေပစ္စည်းမှ မြတ်စွန်းခွန် ပေးဆောင်ရန် တစ်နည်းအားဖြင့် တာဝန်ရှိမည်ဖြစ်သည့် အခွန် ကျသင့်သော ရရန်ပိုင်ခွင့်တစ်ခုကို ထုခွဲရောင်းချခြင်းမှ ပေါ်ပေါက်သည့် ယင်းပုဂ္ဂိုလ်၏ မည်သည့်အမြတ်အစွန်းမှမဆို။

(င) ပုဒ်မခွဲ (ဃ) အရ အသားတင်အရှုံးကို အပြည့်အဝ နုတ်ပယ်နိုင်ခြင်း မရှိပါက နုတ်ပယ်ခြင်းမရှိသည့် ငွေကြေးပမာဏကို ထိုပုဂ္ဂိုလ်က တစ်ဆက်တည်းဖြစ်သည့် လာမည့် အခွန်နှစ်သို့ ဆက်လက်သယ်ဆောင်နိုင်ပြီး ယင်းနှစ်တွင် အောက်ပါအစီအစဉ်အတိုင်း နုတ်ပယ်နိုင်သည် -

(၁) ပထမဦးစွာ ထိုနှစ်အတွက် မည်သည့်ရင်းနှီးမြှုပ်နှံမှုမှ မဆို ရရှိသည့်ယင်းပုဂ္ဂိုလ်၏မည်သည့်စည်းကြပ်ထိုက်သော ဝင်ငွေမှ မဆိုနှင့်

(၂) ဒုတိယအနေဖြင့် ထိုနှစ်အတွက် ပုဒ်မ ၁၃ (က)အရ အခြေပစ္စည်းမှ မြတ်စွန်းခွန် ပေးဆောင်ရန် တစ်နည်းအားဖြင့် တာဝန်ရှိမည်ဖြစ်သည့် အခွန်ကျသင့်သော ရရန်ပိုင်ခွင့် တစ်ခုကို ထုခွဲရောင်းချခြင်းမှ ပေါ်ပေါက်သည့် ယင်းပုဂ္ဂိုလ် ၏ မည်သည့်အမြတ်အစွန်းမှမဆို၊

စသည်ဖြင့် အထက်ပါအစီအစဉ်အတိုင်း အသားတင်အရှုံးကို အပြည့်အဝ နုတ်ယူပြီးသည်အထိ ဆောင်ရွက်ရန်ဖြစ်သည်။ သို့ရာတွင် အသားတင်အရှုံးကို ယင်း အသားတင်အရှုံး ပေါ်ပေါက်သည့် အခွန်နှစ်ကုန်ဆုံးပြီးနောက် အခွန်နှစ် ငါးနှစ်ထက် ပိုမို၍ ဆက်လက်သယ်ဆောင်နိုင်ခြင်း မရှိစေရ။

(စ) ပုဂ္ဂိုလ်တစ်ဦးသည် ဤပုဒ်မအရ အခွန်နှစ် တစ်နှစ်ထက် ပိုမိုသော အသားတင်အရှုံးကို သယ်ဆောင်နုတ်ပယ်လျှင် အစောဆုံးနှစ်၏ အသားတင်အရှုံးကို ဦးစွာနုတ်ပယ်ရမည်။

(ဆ) ပုဒ်မခွဲ (ခ) မှ ပုဒ်မခွဲ(င) အထိတွင် မည်သို့ပင်ဆိုစေကာမူ ပုဂ္ဂိုလ်တစ်ဦးသည် အရှုံးပေါ်ပေါက်ပြီး ယင်းအရှုံးကို အမြတ်ဟု ယူဆမည်ဆိုပါက -

(၁) လျှော့ချထားသည့်နှုန်းဖြင့် အခွန်ကောက်ခံမည်ဖြစ်လျှင် ယင်းသို့ လျှော့ချထားသည့် နှုန်းဖြင့် သို့မဟုတ် ယင်းထက် ပိုမိုလျှော့ချထားသည့်နှုန်းဖြင့် အခွန်စည်းကြပ်သည့် ဝင်ငွေကို တွက်ချက်ရာ၌သာ၊ သို့မဟုတ် ကင်းလွတ်ခွင့်ပြုထားသည့် ဝင်ငွေကိုတွက်ချက်ရာ၌သာ အဆိုပါအရှုံးကို နုတ်ပယ်ရမည်၊ သို့မဟုတ်

(၂) အခွန်ကင်းလွတ်ခွင့်ပြုမည်ဖြစ်လျှင် ကင်းလွတ်ခွင့်ပြုထားသည့်ဝင်ငွေကို တွက်ချက်ရာ၌သာ ယင်းအရှုံးကို နုတ်ပယ်ရမည်။

## အပိုင်း (၄)

## တန်ဖိုးလျော့နိုင်သော ရရန်ပိုင်ခွင့်များနှင့် လုပ်ငန်းဆိုင်ရာ ဒြပ်မဲ့ရရန်ပိုင်ခွင့်များအား တန်ဖိုးလျော့ခြင်း

**တန်ဖိုးလျော့ခြင်းဆိုင်ရာ အခြေခံမူများ**

၂၆။ (က) ဤပုဒ်မနှင့် မဆန့်ကျင်စေဘဲ ပုဂ္ဂိုလ်တစ်ဦး၏ လုပ်ငန်းရှိ တန်ဖိုးလျော့နိုင်သော ရရန်ပိုင်ခွင့်များနှင့် လုပ်ငန်းဆိုင်ရာ ဒြပ်မဲ့ရရန်ပိုင်ခွင့်များသည် အခွန်နှစ်တစ်နှစ်အတွင်း ယင်းလုပ်ငန်း၏ စည်းကြပ်ထိုက်သော ဝင်ငွေရရှိရန် အသုံးပြုဆောင်ရွက်ခြင်းကြောင့် တန်ဖိုးကျဆင်းသွားလျှင် ယင်းပုဂ္ဂိုလ်အား ယင်းအခွန်နှစ်အတွက် ထိုငွေကြေးပမာဏကို နုတ်ပယ်ခွင့်ပြုသည်။

(ခ) ပုဒ်မခွဲ (ဃ)နှင့် မဆန့်ကျင်စေဘဲ ပုဂ္ဂိုလ်တစ်ဦးသည် ပုဒ်မခွဲ (က) အရ ခွင့်ပြုထားသည့် တန်ဖိုးလျော့ခြင်းအတွက် နုတ်ပယ်နိုင်သည့်ပမာဏကို ပုဒ်မ ၂၇ အရ မျဉ်းဖြောင့် စနစ်(straight-line method) ဖြင့် ဖြစ်စေ၊ ပုဒ်မ ၂၈ အရ လက်ကျန် တဖြည်းဖြည်းလျော့ကျသည့်စနစ် (diminishing value method) ဖြင့်ဖြစ်စေ သတ်မှတ်နိုင်ပြီး ယင်းသို့ဆောင်ရွက်ရာတွင် ထိုပုဂ္ဂိုလ်သည် ယင်း၏ ဘဏ္ဍာရေးဆိုင်ရာ စာရင်းများတွင် တန်ဖိုးလျော့ခြင်းဆိုင်ရာ စနစ်တစ်မျိုးတည်းကိုသာ အသုံးပြုခဲ့ရမည်။

(ဂ) ပုဂ္ဂိုလ်တစ်ဦးသည် တန်ဖိုးလျော့နိုင်သော ရရန်ပိုင်ခွင့်များကို ပိုင်ဆိုင်သည့် ကာလတစ်လျှောက်လုံးတွင် ယင်းတို့အတွက် တစ်မျိုးတည်းသော တန်ဖိုးလျော့ခြင်းစနစ်ကို အသုံးပြုရမည်။

(ဃ) လုပ်ငန်းဆိုင်ရာ ဒြပ်မဲ့ ရရန်ပိုင်ခွင့်များကို မျဉ်းဖြောင့်စနစ် (straight-line method) ဖြင့်သာ တန်ဖိုးလျော့နိုင်သည်။

(င) ပုဂ္ဂိုလ်တစ်ဦးသည် တန်ဖိုးလျော့နိုင်သည့် ရရန်ပိုင်ခွင့်တစ်ခု သို့မဟုတ် လုပ်ငန်းဆိုင်ရာ ဒြပ်မဲ့ရရန်ပိုင်ခွင့်တစ်ခုကို အခွန်နှစ်တစ်နှစ်အတွင်း လုပ်ငန်းတစ်ခုမှ စည်းကြပ်ထိုက်သော ဝင်ငွေရရှိစေရန် တစ်စိတ်တစ်ပိုင်း အသုံးပြုပြီး အခြားကိစ္စအတွက် တစ်စိတ်တစ်ပိုင်း အသုံးပြုလျှင် ပုဒ်မခွဲ (က) အရ နုတ်ပယ်ခွင့်ပြုသည့် ငွေကြေးပမာဏသည် ပုဒ်မ ၂၇ သို့မဟုတ် ၂၈ အရ တွက်ချက်ရရှိသည့် ငွေကြေးပမာဏအနက်မှ ယင်းလုပ်ငန်း၏ စည်းကြပ်ထိုက်သော ဝင်ငွေရရှိရန် ဆောင်ရွက်ခြင်းနှင့် ဆက်စပ်နေသည့် အချိုးကျပမာဏ ဖြစ်သည်။

(စ) ပုဂ္ဂိုလ်တစ်ဦးသည် လုပ်ငန်းတစ်ခုမှ စည်းကြပ်ထိုက်သော ဝင်ငွေရရှိစေရန် ဆောင်ရွက်ရာ၌ တန်ဖိုးလျော့နိုင်သည့် ရရန်ပိုင်ခွင့်တစ်ခုကို အခွန်နှစ် တစ်နှစ်လုံးအတွက် အသုံးမပြုလျှင် ယင်းနှစ်အတွက် တန်ဖိုးလျော့ခြင်းဆိုင်ရာ နုတ်ပယ်ခွင့်ပြုသည့် ပမာဏကို အောက်ပါပုံသေနည်းအတိုင်း တွက်ချက်ရမည်–

$$A \times \frac{B}{C}$$

ယင်းပုံသေနည်းတွင် –

A သည် ပုဒ်မခွဲ (င) ကို ထည့်သွင်းစဉ်းစားလျက် ပုဒ်မ ၂၇ သို့မဟုတ် ၂၈ အရ တွက်ချက်ထားသည့် တန်ဖိုးလျော့ခြင်းဆိုင်ရာ နုတ်ပယ်ခွင့်ပြုသည့်ပမာဏ ဖြစ်သည်။

B သည် လုပ်ငန်းတစ်ရပ်မှ ဝင်ငွေရရှိအောင် ဆောင်ရွက်ရာ၌ ယင်းအခွန်နှစ်အတွင်း ရရန်ပိုင်ခွင့်ကို အသုံးပြုသည့် ရက်အရေအတွက်ဖြစ်သည်။

C သည် ယင်းအခွန်နှစ်အတွင်းရှိ ရက်အရေအတွက်ဖြစ်သည်။

**မျဉ်းဖြောင့်စနစ်ဖြင့် တန်ဖိုးလျော့ခြင်း (Straight-line depreciation)**

၂၇။ (က) ပုဒ်မ ၂၆၊ ပုဒ်မခွဲ (င) နှင့် ပုဒ်မခွဲ(စ) တို့နှင့် မဆန့်ကျင်စေဘဲ တန်ဖိုးလျော့နိုင်သည့် ရရန်ပိုင်ခွင့် သို့မဟုတ် လုပ်ငန်းဆိုင်ရာ ဒြပ်မဲ့ရရန်ပိုင်ခွင့်နှင့် စပ်လျဉ်း၍ ပုဂ္ဂိုလ်တစ်ဦးအား အခွန်နှစ်တစ်နှစ်အတွက် နုတ်ပယ်ခွင့်ပြုသည့်ပမာဏကို မျဉ်းဖြောင့်စနစ် (straight-line method)အရ တွက်ချက်ရာတွင် ရရန်ပိုင်ခွင့်၏ ကုန်ကျစရိတ်ကို ဇယား(၄)တွင် သတ်မှတ်ထားသည့် နှုန်းဖြင့် မြှောက်ရမည်။

(ခ) လက်ရှိအခွန်နှစ်နှင့် ယခင်အခွန်နှစ်များ အားလုံးအတွက် ဤပုဒ်မက သက်ရောက်သည့် တန်ဖိုးလျော့နိုင်သော ရရန်ပိုင်ခွင့် သို့မဟုတ် လုပ်ငန်းဆိုင်ရာ ဒြပ်မဲ့ ရရန်ပိုင်ခွင့် တစ်ခုနှင့် စပ်လျဉ်း၍ ပုဂ္ဂိုလ်တစ်ဦးအား နုတ်ပယ်ခွင့်ပြုသည့် စုစုပေါင်းပမာဏ သို့မဟုတ် ပုဒ်မ ၂၆၊ ပုဒ်မခွဲ (င) ကို ကျင့်သုံးခြင်းမပြုပါက ခွင့်ပြုမည်ဖြစ်သော စုစုပေါင်းပမာဏသည် ယင်းရရန်ပိုင်ခွင့်၏ ကုန်ကျစရိတ်ထက် မကျော်လွန်စေရ။

**လက်ကျန်တဖြည်းဖြည်းလျော့ကျသည့်စနစ်ဖြင့် တန်ဖိုးလျော့ခြင်း (Diminishing value depreciation)**

၂၈။ (က) ပုဒ်မ ၂၆၊ ပုဒ်မခွဲ (င) နှင့် ပုဒ်မခွဲ(စ) တို့နှင့် မဆန့်ကျင်စေဘဲ တန်ဖိုးလျော့နိုင်သည့် ရရန်ပိုင်ခွင့်တစ်ခုနှင့်စပ်လျဉ်း၍ ပုဂ္ဂိုလ်တစ်ဦးအား အခွန်နှစ် တစ်နှစ်အတွက် နုတ်ပယ်ခွင့်ပြုသည့် ပမာဏကို လက်ကျန်တဖြည်းဖြည်း လျော့ကျသည့်စနစ် (Diminishing value method) အရ တွက်ချက်ရာတွင် ယင်းနှစ်အစတွင်ရှိသည့် ရရန်ပိုင်ခွင့်၏ စာရင်းအရ လက်ကျန်တန်ဖိုးကို ဇယား (၄) တွင် သတ်မှတ်ထားသည့် နှုန်းဖြင့် မြှောက်ရမည်။

(ခ) ဤပုဒ်မအရ အခွန်နှစ်တစ်နှစ် ကုန်ဆုံးချိန်တွင် တန်ဖိုးလျော့လိုက်သည့် တန်ဖိုးလျော့နိုင်သော ရရန်ပိုင်ခွင့်တစ်ခု၏ စာရင်းအရလက်ကျန်တန်ဖိုးသည် ကျပ် ၅ သိန်းအောက် လျော့နည်းပါက –

(၁) ရရန်ပိုင်ခွင့်၏ စာရင်းအရ လက်ကျန်တန်ဖိုး၏ တန်ဖိုးလျော့ခြင်း မပြုရသေးသည့် ငွေကြေးပမာဏကို ယင်းနှစ်အတွက် တန်ဖိုးလျော့ခြင်းဆိုင်ရာ နုတ်ပယ်ခွင့်ပြုသည့် ပမာဏတွင် ပေါင်းထည့်ရမည်။ သို့ရာတွင် ယင်းရရန် ပိုင်ခွင့်ကို ယင်းလုပ်ငန်းမှ စည်းကြပ်ထိုက်သော ဝင်ငွေရရှိရန် ဆောင်ရွက်ရာ၌ အသုံးပြုခဲ့ သည့် အတိုင်းအတာအထိသာ ပေါင်းထည့်ရမည်။ ထို့ပြင်

(၂) ယင်းရရန်ပိုင်ခွင့်ကို အပြည့်အဝ တန်ဖိုးလျော့ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

*(ဆက်လက်ဖော်ပြပါမည်)*

# အလှကုန်ပစ္စည်းဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

*ယမန်နေ့မှအဆက်*

(ဃ) မိမိ၏အလှကုန်ပစ္စည်းနှင့်စပ်လျဉ်းသည့် ခြေရာခံစနစ်တစ်ခု ထူထောင်ထားရှိ၍ ခြေရာခံစနစ်ပါ သတင်းအချက်အလက်များကိုပေးပို့ရန် ဦးစီးဌာနက ညွှန်ကြားလျှင် သတ်မှတ်ချက်များနှင့် အညီတင်ပြရမည်၊

(င) မိမိ၏စက်ရုံ၊ အလုပ်ရုံ၊ သိုလှောင်ရုံနှင့် ရုံးခန်းများကို ဝန်ကြီးဌာနမှ တာဝန်ပေးအပ်ထားသော သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက အချိန်မရွေး ဝင်ရောက်ကြည့်ရှုစစ်ဆေးခွင့်ပြုရမည်၊

(စ) ဦးစီးဌာနက အခါအားလျော်စွာထုတ်ပြန်သည့် အမိန့်နှင့်ညွှန်ကြားချက်များကိုလိုက်နာဆောင်ရွက်ရမည်။

## အခန်း (၁၂)
## စီမံခန့်ခွဲမှုနည်းလမ်းအရအရေးယူခြင်း

၂၄။ ဦးစီးဌာနသည် ထုတ်လုပ်သူလက်မှတ်ရရှိသူ သို့မဟုတ် မှတ်တမ်းတင်လက်မှတ်ရရှိသူက ပုဒ်မ ၁၉၊ ၂၀ နှင့် ၂၃ပါ တာဝန်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်လျှင်ဖြစ်စေ၊ ပျက်ကွက်သည်ဟု ယုံကြည်ရန် အကြောင်းရှိလျှင်ဖြစ်စေ ထိုသူကို အောက်ပါစီမံခန့်ခွဲရေးအမိန့်တစ်ရပ်ရပ် ချမှတ်နိုင်သည်-

(က) သတိပေးခြင်း၊

(ခ) ထုတ်လုပ်သူလက်မှတ် သို့မဟုတ် မှတ်တမ်းတင်လက်မှတ်ကို ယာယီပိတ်သိမ်းခြင်း၊

(ဂ) ထုတ်လုပ်သူလက်မှတ် သို့မဟုတ် မှတ်တမ်းတင်လက်မှတ်ကို ပယ်ဖျက်ခြင်း။

၂၅။ ဦးစီးဌာနသည် ထုတ်လုပ်သူလက်မှတ် သို့မဟုတ် မှတ်တမ်းတင်လက်မှတ် သို့မဟုတ် ယာယီပိတ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းနှင့် စပ်လျဉ်း၍ ထုတ်လုပ်သူလက်မှတ် သို့မဟုတ် မှတ်တမ်းတင်လက်မှတ် ရရှိသူတို့ကို မိမိတို့၏ သက်ဆိုင်ရာ အလှကုန်ပစ္စည်းများအား ဈေးကွက်မှ ပြန်လည်သိမ်းဆည်းစေပြီး သတ်မှတ်ချက်များနှင့်အညီ စီမံခန့်ခွဲစေခြင်း ပြုရမည်။

၂၆။ ပုဒ်မ၂၄၊ ပုဒ်မခွဲ (ခ) သို့မဟုတ် (ဂ)အရ စီမံခန့်ခွဲမှုနည်းလမ်းဖြင့် အရေးယူခြင်းခံရသူသည် အလှကုန်ပစ္စည်းကို ဆက်လက်ထုတ်လုပ်ခြင်း သို့မဟုတ် ဖြန့်ဖြူးရောင်းချခြင်းပြုလျှင် ထိုသူအား ဤ ဥပဒေနှင့်အညီ အရေးယူနိုင်ရန် ဦးစီးဌာနက ဆက်လက်ဆောင်ရွက်ရမည်။

## အခန်း (၁၃)
## အယူခံခြင်း

၂၇။ ဤဥပဒေအရ ဦးစီးဌာန၏ ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း သတ်မှတ်ချက်နှင့်အညီ ဝန်ကြီးဌာနသို့ အယူခံဝင်နိုင်သည်။

၂၈။ ဝန်ကြီးဌာနသည် ဦးစီးဌာန၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၂၉။ ဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်သည် စီမံခန့်ခွဲရေးနည်းလမ်းအရ အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း (၁၄)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၃၀။ (က) မည်သူမျှ အောက်ပါပြုလုပ်မှုတစ်ခုခုကို မပြုရ-

(၁) ထုတ်လုပ်သူလက်မှတ်မရှိသည့် ဈေးကွက်အတွင်းရှိ အလှကုန်ပစ္စည်းများကို ပြည်တွင်း၌ ထုတ်လုပ်ခြင်း၊

(၂) ပုဒ်မ ၂၄၊ ပုဒ်မခွဲ(ခ)အရ ထုတ်လုပ်သူ လက်မှတ်ယာယီပိတ်သိမ်းခြင်းခံထားရသော ကာလအတွင်း အလှကုန်ပစ္စည်းကို ဆက်လက်ထုတ်လုပ်ခြင်း၊

(၃) ပုဒ်မ ၂၄၊ပုဒ်မခွဲ (ဂ)အရ ထုတ်လုပ်သူလက်မှတ် ပယ်ဖျက်ခြင်းခံရပြီး အလှကုန်ပစ္စည်းကို ဆက်လက်ထုတ်လုပ်ခြင်း။

(ခ) မည်သူမဆို ပုဒ်မခွဲ(က)ပါ ပြစ်မှုတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်း ၁၀၀ မှ အများဆုံး ကျပ်သိန်း ၅၀၀ ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၁။ (က) မည်သူမျှ အောက်ပါပြုလုပ်မှုတစ်ခုခုကို မပြုရ-

(၁) မှတ်တမ်းတင်လက်မှတ်မရှိသည့် ပြည်တွင်း၌ ထုတ်လုပ်သော အလှကုန်ပစ္စည်း သို့မဟုတ် ပြည်ပမှတင်သွင်းသည့် အလှကုန်ပစ္စည်းများကို ဖြန့်ဖြူးရောင်းချခြင်း၊

(၂) ပုဒ်မ ၂၄၊ ပုဒ်မခွဲ (ခ)အရ မှတ်တမ်းတင် လက်မှတ်ယာယီပိတ်သိမ်းခြင်းခံထားရသောကာလအတွင်း အလှကုန်ပစ္စည်းကို ဆက်လက်ဖြန့်ဖြူးရောင်းချခြင်း၊

(၃) ပုဒ်မ ၂၄၊ ပုဒ်မခွဲ (ဂ)အရ မှတ်တမ်းတင် လက်မှတ်ပယ်ဖျက်ခြင်းခံရပြီးသည့် အလှကုန်ပစ္စည်းကို ဆက်လက်ဖြန့်ဖြူးရောင်းချခြင်း။

(ခ) မည်သူမဆို ပုဒ်မခွဲ(က)ပါ ပြစ်မှုတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးတစ်နှစ်မှ အများဆုံးနှစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်း ၅၀ မှ အများဆုံး ကျပ်သိန်း ၃၀၀ ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၂။ (က) မည်သူမျှ အောက်ဖော်ပြပါ အလှကုန်ပစ္စည်းများကို ထုတ်လုပ်ခြင်း၊ ပြည်ပသို့ တင်ပို့ခြင်း၊ ပြည်ပမှ တင်သွင်းခြင်း၊ ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်းမပြုရ-

(၁) တားမြစ်ဓာတုပစ္စည်းများ ပါဝင်ဖော်စပ်ထားသော အလှကုန်ပစ္စည်း၊

(၂) ကန့်သတ်သတ်မှတ်ထားသော ဓာတုပစ္စည်း၊ အရောင်ဆိုးဆေး၊ တာရှည်ခံပစ္စည်းနှင့် ခရမ်းလွန်ရောင်ခြည်ကာပစ္စည်းများကို ကန့်သတ်ရာခိုင်နှုန်းထက် ပိုမိုပါဝင်ဖော်စပ်ထားသော အလှကုန်ပစ္စည်း၊

(၃) သတ်မှတ်ထားသော အရည်အသွေးသတ်မှတ်ချက်နှင့် ကိုက်ညီမှုမရှိသော အလှကုန်ပစ္စည်း၊

(၄) အညွှန်းအမှတ်အသားဖော်ပြခြင်းဆိုင်ရာ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိသော အလှကုန်ပစ္စည်း၊

(၅) ရောင်းချမှု၊ သုံးစွဲမှုနှင့် ဝန်ဆောင်မှုပေးခြင်းကို တားမြစ်ခံရသည့် အလှကုန်ပစ္စည်း၊

(၆) ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာဖြင့် ကျန်းမာရေးအတွက်သုံးစွဲရန်မသင့်ကြောင်း ထုတ်ပြန်ကြေညာထားသည့် ဘေးအန္တရာယ်ရှိသော အလှကုန်ပစ္စည်း။

(ခ) မည်သူမဆို ပုဒ်မခွဲ(က)ပါ ပြစ်မှုတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးခြောက်လမှ အများဆုံးနှစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်း ၃၀ မှ အများဆုံး ကျပ်သိန်း ၂၀၀ ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၃။ (က) မည်သူမျှ-

(၁) အလှကုန်ပစ္စည်းအရည်အသွေးနှင့်စပ်လျဉ်း၍ ကောင်းမွန်ကြောင်း လွန်ကဲစွာ ဖော်ပြခြင်းမပြုရ၊

(၂) မိမိ၏အလှကုန်ပစ္စည်းကို ဆေးဖက်ဝင်သည် သို့မဟုတ် ရောဂါကုသရာတွင် အသုံးဝင်သည်ဟု ကြော်ငြာလျက် အရောင်းမြှင့်တင်ခြင်းမပြုရ၊

(၃) အလှကုန်ပစ္စည်းကို ကုန်အမှတ်တံဆိပ်ကပ်ခြင်း၊ အညွှန်းအမှတ်အသား ဖော်ပြခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း၊ ကြော်ငြာခြင်း သို့မဟုတ် အရောင်းမြှင့်တင်ခြင်းတို့ ပြုလုပ်ရာတွင် အလှကုန်ပစ္စည်းအမည်၊ ကုန်အမှတ်တံဆိပ်အမည်၊ရုပ်ပုံနှင့်တင်စားဖော်ပြချက်များ သို့မဟုတ် အခြားသင်္ကေတများသည် သုံးစွဲသူများကို လိမ်လည်လှည့်ဖြားရန် ရည်ရွယ်ချက်ဖြင့် ကုန်ပစ္စည်းတွင်မရှိသော အရည်အသွေးကို ရှိသယောင်ဖော်ပြခြင်းနှင့် ရှိသည့်အရည်အသွေးကိုကောင်းမွန်ကြောင်းလွန်ကဲစွာဖော်ပြခြင်းမပြုရ၊

(၄) အခြားအလှကုန်ပစ္စည်းများနှင့်နှိုင်းယှဉ်ဖော်ပြ၍ ကြော်ငြာခြင်းမပြုရ။

(ခ) မည်သူမဆို ပုဒ်မခွဲ(က)ပါ ပြစ်မှုတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးခြောက်လမှ အများဆုံးတစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ်သိန်း ၂၀ မှ အများဆုံး ကျပ်သိန်း ၁၀၀ ထိငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## အခန်း (၁၅)
## အထွေထွေ

၃၄။ ဤဥပဒေ ပုဒ်မ ၃၁၊ ၃၂ နှင့် ၃၃ ပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၃၅။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် –

(က) ဝန်ကြီးဌာနသည်နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်၊

(ခ) ဝန်ကြီးဌာန၊ အာဏာပိုင်အဖွဲ့နှင့် ဦးစီးဌာနတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကိုထုတ်ပြန်နိုင်သည်။

---

# IT and Networking Basic for Broadcast Engineers သင်တန်းကို MRTV မှ ဝန်ထမ်းများ Online စနစ်ဖြင့် တက်ရောက်

**နေပြည်တော် ဇူလိုင် ၂၃**

အာရှ – ပစိဖိတ် ရုပ်သံလုပ်ငန်းများ အဖွဲ့အစည်း(ABU )မှ IT and Networking Basic for Broadcast Engineers သင်တန်းကို ဇူလိုင် ၂၃ ရက် နေ့လယ်ပိုင်းက Online Webinar ဖြင့် ဆွေးနွေးပို့ချရာ MRTV ရှိ စက်မှုဌာနခွဲမှ ဝန်ထမ်း ၂၁ ဦး တက်ရောက်ကြသည်။

**ဆွေးနွေးပို့ချ**

သင်တန်းတွင် Turkish Radio and Television Coorporation (TRI) တွင် ၂၂ နှစ်ကြာ အတွေ့အကြုံရှိသည့် ကျွမ်းကျင်သူ Dr.Veyselbinbay (Senior Engineer) က ရုပ်သံထုတ်လွှင့်သည့် နယ်ပယ်တွင် အခြေခံကျသည့် ကွန်ပျူတာ အသုံးပြုမှုနှင့် ကွန်ရက်ချိတ်ဆက်ခြင်း၊ Application



အသုံးပြုမှုများ၊ Cloud Computing Concepts များ၊ Virtualisation နှင့် IP Network ဆိုင်ရာများကို မိတ်ဆက် ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။

**လှဲ့ယဉ်မြင့်**

---

# သုဝဏ္ဏဝတီမြို့၌ ကိုဗစ်- ၁၉ ကာကွယ်ရေးအတွက် အခြေခံပညာကျောင်းများသို့ နှာခေါင်းစည်းများ လှူဒါန်း

**သထုံ ဇူလိုင် ၂၃**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ အခြေခံပညာအထက်တန်းကျောင်း(သိမ်ဆိပ်)၌ ယမန်နေ့က ကိုဗစ်– ၁၉ ရောဂါ ကာကွယ်ရေးအနေဖြင့် ကျောင်းသား ကျောင်းသူများအတွက် နှာခေါင်းစည်း ၂၀၀၀ နှင့် ပန်ကာ ၁၁ လုံးကို သုဝဏ္ဏဝတီမြို့အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်ဝင်းက ကျောင်းအုပ်ဆရာမကြီး ဒေါ်သီသီဦးထံသို့ ပေးအပ်လှူဒါန်းသည် ။

“အထက(သိမ်ဆိပ်)ကျောင်းမှာ မတ် ၃၀ ရက်မှာဖွင့်ခဲ့တဲ့ အသွားအလာကန့်သတ်စခန်းမှာ အလှူရှင်တွေ လှူဒါန်းခဲ့တဲ့ အလှူငွေတွေထဲက ပိုနေတဲ့ငွေတွေကို ရပ်မိရပ်ဖတွေနဲ့ တိုင်ပင်ပြီး ကျောင်းတွေမှာ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးအတွက် လိုအပ်တဲ့ နှာခေါင်းစည်းတွေ၊ ပန်ကာတွေကို လှူဒါန်းရခြင်းဖြစ်ပါတယ်” ဟု မြို့အုပ်ချုပ်ရေးမှူးက ပြောသည်။

“ကလေးတွေ စာသင်တဲ့အခါ သူတို့အတွက် နှာခေါင်းစည်းတွေ လိုအပ်နေတယ်။ အခန်းထဲမှာလည်း ပန်ကာတွေ လိုအပ်နေတယ်ထင်လို့ လှူဒါန်းတာပါ။ အထက(သိမ်ဆိပ်)ကျောင်းအပြင် အထက(ပုတိမ်ရိုး)၊ အထက ခွဲ(ကမာစိုင်)၊ အထက ခွဲ(ဒုံဝန်း)ကျောင်းတွေမှာ စုစုပေါင်း နှာခေါင်းစည်း ၅၀၀ နဲ့ ပန်ကာ ၁၅လုံး လှူဒါန်းခဲ့ပါတယ်”ဟု စေတနာလူမှုကူညီရေးအသင်းမှ ဦးအောင်ကျော်ထွေးက ပြောသည်။

မတ် ၃၀ ရက်မှ စတင်၍ ရပ်ရွာအခြေပြု ကျန်းမာရေးစောင့်ရှောက်မှုစင်တာ ဖွင့်လှစ်၍ နေရပ်ပြန်ပြည်သူ ၁၅၄ ဦးအား စောင့်ကြည့်ကာလ ၁၄ ရက်အတွင်း စားသောက်စရိတ်များအား စေတနာရှင်ပြည်သူများက လှူဒါန်းကြရာမှ ပိုလျှံသောငွေကျပ်ကိုးသိန်းတန်ဖိုးရှိ ပစ္စည်းများအား လိုအပ်နေသော အခြေခံပညာကျောင်းများသို့ လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။ **ခွန်(ဝင်းပ)**

၂၀၂၀ ပြည့်နှစ်အတွင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို ကျင်းပတော့မည်ဖြစ်ရာ အဆိုပါရွေးကောက်ပွဲကြီးနှင့် ပတ်သက်၍ ရွေးကောက်ပွဲဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင်ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏ အာဘော်သာဖြစ်ပါသည်။

(စာတည်းအဖွဲ့)



# ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့်အတူ (၃၀) မဲရုံကိုယ်စားလှယ်၊ အကူကိုယ်စားလှယ်များ၏ အခန်းကဏ္ဍ

မောင်စာဂ

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကြီးကို နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပါမည်။ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးသည် ၎င်း၏လုပ်ငန်းများကို ကူညီဆောင်ရွက်နိုင်ရန် ရွေးကောက်ပွဲကိုယ်စားလှယ်တစ်ဦးနှင့် မဲရုံကိုယ်စားလှယ်၊ အကူကိုယ်စားလှယ်များ ခန့်ထားဆောင်ရွက်ခွင့်ရှိသည်။ ရွေးကောက်ပွဲကိုယ်စားလှယ်များ၏ အရေးပါမှု၊ အရေးကြီးမှုအကြောင်းကို ရေးသားဖော်ပြပြီးဖြစ်သည်။ မဲရုံကိုယ်စားလှယ်၊ အကူကိုယ်စားလှယ်များ၏ ပါဝင်မှုအခန်းကဏ္ဍသည်လည်း အရေးပါလျက်ရှိနေသည်။ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေများ၊ နည်းဥပဒေများမှ အနှစ်ချုပ်ကောက်နုတ်၍ မျှဝေပါရစေ။

**မဲရုံကိုယ်စားလှယ်သို့မဟုတ်အကူကိုယ်စားလှယ်ဟူသည်**

မဲရုံကိုယ်စားလှယ် သို့မဟုတ် အကူကိုယ်စားလှယ်ဆိုသည်မှာ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးက မဲရုံအသီးသီးတွင် ၎င်း၏ ကိုယ်စားဆောင်ရွက်ရန် ခန့်ထားခြင်းခံရသူကို ဆိုသည်။ မဲရုံတစ်ရုံလျှင် မဲရုံကိုယ်စားလှယ်၊ အကူကိုယ်စားလှယ် တစ်ဦးစီခန့်ထားခွင့်ရှိသည်။

**ခန့်အပ်ခြင်းနည်းလမ်းများ-**

လွှတ်တော်ကိုယ်စားလှယ်လောင်းသည် မဲရုံကိုယ်စားလှယ်နှင့် အကူကိုယ်စားလှယ်ကို ခန့်ထားနိုင်ရန် ခန့်စာ ပုံစံ(၈)တွင် ဖြည့်သွင်းရမည်။

မည်သည့်ရပ်ကွက်/ ကျေးရွာအုပ်စု မည်သည့်မဲရုံအမှတ်၌ ဆောင်ရွက်စေရန် ဖြစ်ကြောင်းဖော်ပြရမည်။ ခန့်ထားခြင်းခံရမည့်သူသည် သက်ဆိုင်ရာမဲဆန္ဒနယ်အတွင်းရှိ ရပ်ကွက်/ ကျေးရွာအုပ်စုမှ မည်သည့်မဲစာရင်း အမှတ်စဉ်တွင် ပါရှိကြောင်း ဖော်ပြရမည်။ ခန့်ထားခြင်း ခံရမည့်သူက ထိုသို့ခန့်ထားခြင်းကို သဘောတူကြောင်းနှင့် ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေများ၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ပါမည်ဖြစ်ကြောင်း ဝန်ခံချက်ပါရှိရမည်။

လွှတ်တော်ကိုယ်စားလှယ်လောင်းသည် မဲရုံကိုယ်စားလှယ်နှင့် အကူကိုယ်စားလှယ်အသီးသီးအတွက် ခန့်စာနှစ်စောင်စီကို ဆန္ဒမဲပေးရန် နေ့ရက်မတိုင်မီ အနည်းဆုံး ခုနစ်ရက် ကြိုတင်၍ သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့ရမည်။ ရပ်ကွက်/ကျေးရွာကော်မရှင်အဖွဲ့ခွဲက သဘောတူလျှင် ယင်းမဲရုံကိုယ်စားလှယ်၏ ဓာတ်ပုံပေါ်၌ တံဆိပ်နှိပ်၍ တစ်စောင်စီကို လွှတ်တော်ကိုယ်စားလှယ်လောင်းသို့ ပြန်လည်ပေးအပ်မည်။ မဲရုံကိုယ်စားလှယ် သို့မဟုတ် အကူကိုယ်စားလှယ် နုတ်ထွက်လျှင်၊ ကွယ်လွန်လျှင် သို့မဟုတ် ကိုယ်စားလှယ်လောင်းက ယင်းအား ခန့်ထားခြင်းမှ ရုပ်သိမ်းလျှင် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာကော်မရှင်အဖွဲ့ခွဲသို့ ပုံစံ (၈-က) ဖြင့် တင်ပြရမည်။ ထို့နောက် အခြားသူတစ်ဦးကို မဲရုံကိုယ်စားလှယ် သို့မဟုတ် အကူကိုယ်စားလှယ်အဖြစ် အစားထိုးခန့်ထားရန်အတွက် ပုံစံ (၈)တွင် ဖြည့်သွင်း၍ ထပ်မံတင်ပြရမည်။

**တာဝန်များ**

မဲရုံကိုယ်စားလှယ် သို့မဟုတ် အကူကိုယ်စားလှယ်တစ်ဦးသည် ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများ၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။ မိမိတို့အား ခန့်ထားသည့် ခန့်အပ်လွှာ ပုံစံ(၈) ကို မိမိတို့၏ ကိုယ်စားလှယ်လောင်း သို့မဟုတ် ရွေးကောက်ပွဲကိုယ်စားလှယ်ထံမှ ကြိုတင်၍ ရယူထားရမည်။ ယင်းခန့်စာကို ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မဲရုံမှူးထံအပ်နှံရမည်။ မဲရုံ၌ မဲရုံမှူး၏ တာဝန်အရ ညွှန်ကြားခြင်းကို လိုက်နာရမည်။

**အခွင့်အရေးများ**

မဲရုံကိုယ်စားလှယ် သို့မဟုတ် အကူကိုယ်စားလှယ်တစ်ဦးသည် မဲရုံဖွင့်ချိန်မှစတင်ကာ ဆန္ဒမဲပေးခြင်းပြီးဆုံး၍မဲလက်မှတ်များ ရေတွက်ပြီးဆုံးသည့်အချိန်အထိ မဲရုံထဲသို့ ဝင်ခွင့်ရှိသည်။ မဲပေးခြင်းလုပ်ငန်းစဉ်တစ်လျှောက်လုံး စောင့်ကြည့်ခွင့်ရှိသည်။ ဥပဒေနှင့်မညီသောအချက်များတွေ့ရှိက မဲရုံမှူးထံသို့ တင်ပြပြောဆိုခွင့်ရှိသည်။

ရွေးကောက်ပွဲ ကျင်းပသည့်နေ့ရက်၌ မဲရုံသို့ကိုယ်တိုင်လာရောက် ဆန္ဒမဲမပေးနိုင်သော အသက်အရွယ်ကြီးရင့်သူများ၊ အနာကြီးရောဂါ စွဲကပ်နေသူများ၊ နေအိမ်တွင် မီးဖွားနေသူများ၊ မသန်စွမ်းသူများ၊ အချုပ်ခံနေရသူများ၊ ဆေးရုံတွင် တက်ရောက်နေသော အတွင်းလူနာများထံသို့ ရပ်ကွက်/ကျေးရွာ ကော်မရှင်အဖွဲ့ခွဲဝင်များက သွားရောက်၍ ကြိုတင်ဆန္ဒမဲရယူခြင်းကို ကြည့်ရှုခွင့်ရှိသည်။ ရွေးကောက်ပွဲကျင်းပသည့်နေ့ရက်မတိုင်မီ သတ်မှတ်ပေးထားသော နေ့ရက်များ၌ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကြိုတင်ဆန္ဒမဲပေးခြင်းလုပ်ငန်းစဉ်များကို ကြည့်ရှုခွင့်ရှိသည်။

> “လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးစီတိုင်း၏ မဲရုံကိုယ်စားလှယ်၊ အကူကိုယ်စားလှယ်များသည် ဆန္ဒမဲပေးသည့်နေ့ မဲရုံအတွင်းတွင် ရှိနေကြမည်။ မဲရုံကိုယ်စားလှယ်၊ အကူကိုယ်စားလှယ်များ၏ လုပ်ငန်းတာဝန်များသည် များပြားလွန်းလှသည်။ အချို့လုပ်ငန်းတာဝန်များသည် ကြိုတင်မှန်းဆထား၍ မရနိုင်။ ကြုံလာလျှင် ကြုံလာ သလို ဆောင်ရွက်ရသည်။ ဖြေရှင်းမှု ပြုရသည်။ မိမိတို့၏ ဆောင်ရွက်ချက်များသည် မိမိတို့၏ လွှတ်တော်ကိုယ်စားလှယ်လောင်းအတွက် ထိခိုက်မှု မရှိစေရ။ အကျိုးရှိသော လုပ်ဆောင်ချက်များသာ ဖြစ်ရပါမည်”

ဆန္ဒမဲပေးခြင်း ပြီးဆုံး၍ မဲရုံတွင် ဆန္ဒမဲလက်မှတ်များနှင့် ကြိုတင်ဆန္ဒမဲ လက်မှတ်များရေတွက်ခြင်းကို ကြည့်ရှုခွင့်ရှိသည်။ မဲရုံမှူးကပယ်သည့် သို့မဟုတ် ခိုင်လုံမဲအဖြစ် သတ်မှတ်သည့် ဆန္ဒမဲလက်မှတ်များကို ကြည့်ရှုခွင့်နှင့် သဘောထားမှတ်ချက်ပေးခွင့်ရှိသည်။

**ချိပ်တံဆိပ်ရိုက်နှိပ်ခွင့်**

ကိုယ်စားလှယ်လောင်းတစ်ဦးစီရရှိသည့် ဆန္ဒမဲလက်မှတ်များနှင့် ကြိုတင်ဆန္ဒမဲလက်မှတ်များကို မဲရုံမှူးက သီးခြားအိတ်များတွင်ထည့်ကာ လုံခြုံအောင်ပိတ်ပြီး ချိပ်တံဆိပ်ရိုက်နှိပ်သည့်အခါတွင်လည်းကောင်း၊ မဲရုံမှူးက ပယ်မဲအားလုံးကို အိတ်တစ်အိတ်တွင်ထည့်ကာ လုံခြုံအောင်ပိတ်ပြီး ချိပ်တံဆိပ်ရိုက်နှိပ်သည့်အခါတွင်လည်းကောင်း၊ မဲရုံမှူးက မသုံးဘဲကျန်နေသော ဆန္ဒမဲလက်မှတ်များ၊ လက်ခံဖြတ်ပိုင်းများ ပုံစံ (၁၆-၁)၊ မဲရုံတွင် အသုံးပြုသောမဲစာရင်း၊ ကြိုတင်ဆန္ဒမဲ လက်မှတ်လက်ခံဖြတ်ပိုင်းများ၊ပယ်မဲပုံစံ(၁၇)များကို အထုပ်တစ်ထုပ် ထုပ်ပြီးလျှင် ချိပ်တံဆိပ်ရိုက်နှိပ်သည့်အခါတွင် လည်းကောင်း၊ အဆိုပါအိတ်များနှင့်အထုပ်များကို မဲရုံမှူးက အိတ်ကြီးတစ်လုံးတွင်ထည့်ကာ ချိပ်တံဆိပ်ရိုက်နှိပ်သည့်အခါတွင်လည်းကောင်း မိမိတို့၏ချိပ်တံဆိပ်ကိုလည်း ရိုက်နှိပ်ခွင့်ရှိသည်။

**ဆောင်ရန်အချက်များ**

မဲရုံကိုယ်စားလှယ် သို့မဟုတ် အကူကိုယ်စားလှယ်တစ်ဦးသည် မဲရုံဖွင့်ချိန် နံနက် ၆ နာရီ မထိုးမီ မဲရုံသို့အရောက်သွားရပါမည်။ ဆန္ဒမဲပေးခြင်း မစတင်မီ မဲလက်မှတ်များ ရေတွက်စစ်ဆေးခြင်း မှတ်တမ်းပုံစံ (၁၁) တွင် လက်မှတ်ရေးထိုးရပါမည်။ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်လောင်းများရရှိသည့် မဲစာရင်း ပုံစံ (၁၆) နှင့် တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်လောင်းအတွက် ပုံစံ (၁၆-က) တွင် လက်မှတ်ရေးထိုးရပါမည်။ ရွေးကောက်ပွဲတွင် အသုံးမပြုဘဲ ကျန်ရှိနေသော မဲလက်မှတ်များစာရင်း ပုံစံ (၁၆-၁) တွင် လက်မှတ်ရေးထိုးရပါမည်။

**ရှောင်ရန်အချက်များ**

မဲရုံကိုယ်စားလှယ် သို့မဟုတ် အကူကိုယ်စားလှယ်တစ်ဦးသည် မဲရုံတွင် မဖွယ်ရာသော အမှုကို မပြုရပါ။ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ ဝတ္တရားဆောင်ရွက်ခြင်းကို အနှောင့်အယှက်ဖြစ်စေခြင်း မပြုရပါ။ ဆန္ဒမဲပေးရန် လာရောက်သူများအား စိတ်ပြိုငြင်ခြင်းဖြစ်အောင် မပြုရပါ။ မဲရုံအတွင်း၌ဖြစ်စေ၊ မဲရုံမှ ကိုက် ၅၀၀အတွင်း၌ဖြစ်စေ မဲဆွယ်ခြင်းမပြုရပါ။ မဲဆန္ဒရှင်တစ်ဦးအား လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးဦးကို ဆန္ဒမဲပေးရန် တောင်းဆိုခြင်း သို့မဟုတ် ဆန္ဒမဲမပေးရန် တိုက်တွန်းခြင်း မပြုရပါ။ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေများ၏ အခန်း (၁၃) တွင် ပြဋ္ဌာန်းထားသည့် ရွေးကောက်ပွဲဆိုင်ရာပြစ်မှု တစ်ရပ်ရပ်ကို ကျူးလွန်ခြင်း မပြုရပါ။ အခန်း(၁၄) တွင် ပြဋ္ဌာန်းထားသည့် တရားမဲ့ပြုကျင့်မှုတစ်ခုခုကို မပြုလုပ်ရပါ။

**အထူးဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များ**

လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးစီတိုင်း၏ မဲရုံကိုယ်စားလှယ်၊ အကူကိုယ်စားလှယ်များသည် ဆန္ဒမဲပေးသည့်နေ့ မဲရုံအတွင်းတွင် ရှိနေကြမည်။ မဲရုံကိုယ်စားလှယ်၊ အကူကိုယ်စားလှယ်များ၏ လုပ်ငန်းတာဝန်များသည် များပြားလွန်းလှသည်။ အချို့လုပ်ငန်းတာဝန်များသည် ကြိုတင်မှန်းဆထား၍ မရနိုင်။ ကြုံလာလျှင် ကြုံလာသလို ဆောင်ရွက်ရသည်။ ဖြေရှင်းမှု ပြုရသည်။ မိမိတို့၏ ဆောင်ရွက်ချက်များသည် မိမိတို့၏ လွှတ်တော်ကိုယ်စားလှယ်လောင်းအတွက် ထိခိုက်မှု မရှိစေရ။ အကျိုးရှိသော လုပ်ဆောင်ချက်များသာ ဖြစ်ရပါမည်။

တာဝန်ထမ်းဆောင်နေစဉ် မိမိတို့၏ ပြောဆိုနေထိုင် ပြုမူမှုတို့သည် မိမိတို့၏ ကိုယ်စားလှယ်လောင်းအတွက် မဲဆွယ်စည်းရုံးခြင်းမျိုး မဖြစ်စေရပါ။ အခြားသူများသည်လည်း ထိုကဲ့သို့မဲဆွယ်စည်းရုံးခြင်းမျိုး ရှိ မရှိ စောင့်ကြည့်နေရမည်။ ဆန္ဒမဲပေးသူသည် အစစ်အမှန် ဟုတ်မဟုတ်၊ မဲလက်မှတ် မှန်ကန်စွာ ထုတ်ပေးခြင်း ရှိ မရှိ၊ လျှို့ဝှက်မဲပေးခြင်း ဖြစ် မဖြစ်၊ ကိုယ်စားမဲပေးတာလား၊ အယောင်ဆောင်မဲပေးတာလား စောင့်ကြည့်အကဲခတ်ကြရသည်။ မမှန်မကန်တွေ့လျှင် မဲရုံမှူးသို့ တင်ပြကန့်ကွက်ကြရသည်။

ဆန္ဒမဲရေတွက်ရာတွင် သေချာစွာ အာရုံစိုက်ကြရသည်။ ရေတွက်တာ မှန် မမှန်၊ ခိုင်လုံမဲ သတ်မှတ်ခြင်းနှင့် ပယ်မဲသတ်မှတ်ခြင်း ဥပဒေနှင့် ညီမညီ၊ မဲစာရင်းရေးသွင်းခြင်းမှန်ကန်မှု ရှိမရှိ၊ ဥပဒေ၊နည်းဥပဒေများ နှင့်ညီညွတ်ခြင်း ရှိ မရှိ စောင့်ကြည့်လေ့လာရသည်။ မှန်ကန်မှုမရှိလျှင် တင်ပြကန့်ကွက်ကြရသည်။ အမှန်ကို ထောက်ပြကြရသည်။ မိမိတို့၏ဆောင်ရွက်ချက်မှန်သမျှကို မိမိတို့၏လွှတ်တော်ကိုယ်စားလှယ်လောင်းနှင့် ရွေးကောက်ပွဲကိုယ်စားလှယ်တို့ထံ အစီရင်ခံ တင်ပြနေရမည်။ မိမိတို့၏ မှတ်စုစာအုပ်တွင်လည်း ရေးမှတ်ထားကြရမည်။

**အင်အားတစ်ရပ်ဖြစ်စေသည်**

ရွေးကောက်ပွဲတစ်ခု၏ အဓိကအရေးပါသော သော့ချက်နေရာသည် မဲရုံများပင်ဖြစ်သည်။ မဲရုံများတွင် တာဝန်ယူကြရသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ မဲရုံကိုယ်စားလှယ်၊ အကူကိုယ်စားလှယ်များက ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပါဝင်လုပ်ဆောင်ကြခြင်းဖြင့် လွတ်လပ်၍ တရားမျှတသောရွေးကောက်ပွဲများ ကျင်းပနိုင်ရေး အင်အားတစ်ရပ်ဖြစ်စေသည်။

ထိုကဲ့သို့ပင် ၎င်းတို့၏ ကိုယ်စားလှယ်လောင်းအတွက်လည်း အင်အားတစ်ရပ်ဖြစ်စေသည်။ ၎င်းတို့၏ ကိုယ်စားလှယ်လောင်း အနိုင်ရရှိ၍ ယှဉ်ပြိုင်ဘက်လွှတ်တော်ကိုယ်စားလှယ်လောင်းက ကန့်ကွက်လာလျှင် အောင်မြင်စွာ ခုခံချေပခြင်းပြုလုပ်နိုင်ကြမည်။ မိမိတို့၏ကိုယ်စားလှယ်လောင်း ရှုံးနိမ့်၍ အနိုင်ရလွှတ်တော်ကိုယ်စားလှယ်လောင်းအပေါ် ကန့်ကွက်ရန်ရှိလာလျှင်လည်း တရားသဖြင့် ကန့်ကွက်လွှာတင်သွင်းနိုင်ကြမည်။

အနှစ်ချုပ်ဆိုရသော် ရွေးကောက်ပွဲကိုယ်စားလှယ်၊ အကူကိုယ်စားလှယ်တို့၏ တရားသော လမ်းကြောင်းပေါ်မှ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ တရားသဖြင့် ဆောင်ရွက်ခြင်းသည် မိမိတို့၏ကိုယ်စားလှယ်လောင်းအတွက် အောင်နိုင်ရေး သံတမန်ကောင်း၊ အကျိုးဆောင်ကောင်းတစ်ဦးအဖြစ် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပါဗျာ။

- ◆ မဲရုံကိုယ်စားလှယ်၊ အကူကိုယ်စားလှယ်များ- မိမိတို့၏တာဝန် ကျေပွန်ကြပါစေ။
- ◆ ဥပဒေနှင့်အညီ တရားသဖြင့် ဆောင်ရွက်နိုင်ကြပါစေ။
- ◆ မိမိတို့၏လွှတ်တော်ကိုယ်စားလှယ်လောင်းအတွက် အင်အားများဖြစ်ကြပါစေ။

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနသည် (၂၀၁၉-၂၀၂၀) ဘဏ္ဍာရေးနှစ် COVID-19 ရောဂါကာကွယ်ရေးလုပ်ငန်းများတွင် အသုံးပြုရန် Face Shield များ ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

တင်ဒါစည်းမျဉ်း၊ စည်းကမ်းများကို တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ ရုံးအမှတ် (၄)၊ နေပြည်တော်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဈေးနှုန်းတင်သွင်းလွှာပုံစံများစတင်ရောင်းချမည့်ရက်** - ၂၃-၇-၂၀၂၀ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၅-၈-၂၀၂၀ရက် မွန်းတည့် ၁၂နာရီ
**ဆက်သွယ်ရန် ဖုန်းနံပါတ်** - ၀၆၇-၄၁၁၆၂၈၊ ၀၆၇-၄၁၁၅၄၄

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ကုသရေးဦးစီးဌာန**
**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
## စက်မှုအင်ဂျင်နီယာဌာန

၁။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တွင် အောက်ဖော်ပြပါလုပ်ငန်းဆောင်ရွက်ခြင်းအတွက် တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

**စဉ်** **လုပ်ငန်းအကြောင်းအရာ**

(၁) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊စက်မှုအင်ဂျင်နီယာဌာန၊သိမ်ဖြူသင်္ဘောကျင်းရှိ အောက်စီဂျင်စက်ရုံမှ အောက်ဆီဂျင်ဓာတ်ငွေ့ ထုတ်လုပ်ခြင်းလုပ်ငန်း တင်ဒါပိတ်ရက်နှင့် အချိန် ၁၂-၈-၂၀၂၀ ရက်(၁၄:၀၀)နာရီ

၂။ တင်ဒါပုံစံများကို ၂၄-၇-၂၀၂၀ ရက်မှစ၍ အောက်ပါလိပ်စာတွင်ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို စက်မှုအင်ဂျင်နီယာဌာန ဖုန်း-၀၁-၈၆၁၀၂၁၈၊၀၁-၈၆၁၀၂၁၉ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။တင်ဒါပုံစံတရားဝင် ဝယ်ယူထားသူများထံမှ တင်ဒါကိုသာလက်ခံပါမည်။

**စီမံရေးနှင့်လုပ်ငန်းဌာနခွဲ၊သိမ်ဖြူသင်္ဘောကျင်းဝင်း**
**အမှတ်(၅၅၇/၅၅၈)၊ကမ်းနားလမ်း၊**
**ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့**

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနအနေဖြင့် ဖိုက်ဘာရေတိုင်ကီများကို အောက်ပါအတိုင်း မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် တင်ဒါများ ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | ပေးပို့ရမည့်နေရာ | ကြမ်းခင်းဈေး (ကျပ်သန်း) |
|---|---|---|---|---|
| Lot 1 | ဖိုက်ဘာရေတိုင်ကီ (၂၄၀၀ ဂါလန်ဆံ့) | ၅၀ လုံး | ဗဟိုသိုလှောင်ရုံ (ရန်ကုန်မြို့) | ၃၆၀၀၀၀၀ (၁ လုံးဈေးနှုန်း) |
| Lot 2 | ဖိုက်ဘာရေတိုင်ကီ (၂၄၀၀ ဂါလန်ဆံ့) | ၅၀ လုံး | ဗဟိုသိုလှောင်ရုံ (မန္တလေးမြို့) | ၃၆၀၀၀၀၀ (၁ လုံးဈေးနှုန်း) |
| Lot 3 | ဖိုက်ဘာရေတိုင်ကီ (၁၆၀၀ ဂါလန်ဆံ့) | ၅၀ လုံး | ဗဟိုသိုလှောင်ရုံ (ရန်ကုန်မြို့) | ၁၈၀၀၀၀၀ (၁ လုံးဈေးနှုန်း) |
| Lot 4 | ဖိုက်ဘာရေတိုင်ကီ (၁၆၀၀ ဂါလန်ဆံ့) | ၅၀ လုံး | ဗဟိုသိုလှောင်ရုံ (မန္တလေးမြို့) | ၁၈၀၀၀၀၀ (၁ လုံးဈေးနှုန်း) |

၂။ တင်ဒါလျှောက်လွှာများနှင့်ပတ်သက်၍ အောက်ပါအစီအစဉ်အတိုင်း ဆောင်ရွက်သွားပါမည်-

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - (၂၃-၇-၂၀၂၀)ရက်မှ(၆-၈-၂၀၂၀)ရက်အထိ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။
(ခ) **တင်ဒါတင်သွင်းရမည့်ကာလ** - (၂၄-၇-၂၀၂၀)ရက် (၀၉:၃၀)နာရီမှ (၆-၈-၂၀၂၀) ရက် (၁၆:၃၀)နာရီအထိ ရုံးချိန်အတွင်း တင်သွင်းနိုင်ပါသည်။
(ဂ) **တင်ဒါဖွင့်လှစ်မည့် နေ့နှင့်နေရာ** - (၁၀-၈-၂၀၂၀)ရက်၊ (တနင်္လာနေ့)၊ ရုံးအမှတ် (၂၃)၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန

၃။ သတ်မှတ်ရက်၊ အချိန်ထက်ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ တင်ဒါဖွင့်လှစ်မည့်အချိန်ကို ထပ်မံအသိပေး အကြောင်းကြားမည်ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၀၄၃၉၅၊ ၀၆၇-၄၀၄၃၆၉ သို့ (၀၉:၃၀) နာရီမှ (၁၆:၃၀)နာရီအထိ ရုံးဖွင့်ရက်များအတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4J/7861 Mitsubishi Canter FE70DB Light Truck(4x2) ယာဉ်လက်ဝယ်ရှိသူ ဦးအေးမောင် ၁၃/ကလန(နိုင်)၀၈၆၈၅၇ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်**

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံတောင်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၀)၊ ရွှေပြည်အေးလမ်း၊ မြေကွက်အမှတ် (၈၅၄/က) အကျယ်အဝန်း (၂၀'x၆၀')ဟုခေါ်တွင်သော မြေကွက်အား ကျွန်ုပ် ဒေါ်အိအိဖြိုးမှ ၂၁-၇-၂၀၂၀ ရက်တွင် စရန်ငွေပေးချေထားပြီး ၃၀-၇-၂၀၂၀ ရက်တွင် အပြီးအပိုင်ဝယ်ယူမည်ဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့်ပတ်သက်၍ သက်ဆိုင်သူ၊အကျိုးခံစားခွင့်ရှိသူ၊ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား၊ စာချုပ်မူရင်းအထောက်အထား၊ တရားဝင်စာရွက်စာတမ်းအထောက်အထားများယူဆောင်၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်၍ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် လာရောက်ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အိအိဖြိုး**
**၁၂/မဂတ(နိုင်)၀၈၇၄၈၂**
**ဖုန်း-၀၉-၇၇၃၁၈၅၈၈၇**
**၀၉-၇၉၅၂၉၉၉၈၃**

## နှစ်ဦးသဘောတူလက်ထပ်ပြီးစီးခြင်း

ကျွန်တော် မောင်ဉာဏ်ကြီးထက်နှင့်ကျွန်မ မတင်ဌေးကြွယ်တို့သည် နှစ်ဦးသဘောတူလက်ထပ်ပြီးစီးပါကြောင်း။

**မောင်ဉာဏ်ကြီးထက်-မတင်ဌေးကြွယ်**

## ဒါရိုက်တာပြောင်းလဲခြင်း

မြန်မာစီးပွားရေးအရှင်းအမြစ် ကုမ္ပဏီလီမိတက်၏ ၁၉-၃-၂၀၂၀ရက်တွင် ကျင်းပသော ဒါရိုက်တာအစည်းအဝေးတွင် လက်ရှိဒါရိုက်တာ အဖွဲ့ဝင် ၁၁ ဦးမှ ၄ ဦးနုတ်ထွက်ပြီး ဒါရိုက်တာအဖွဲ့ဝင်အသစ် ၂ ဦးကို အတည်ပြုရွေးချယ်တင်မြှောက်ခဲ့ပါသည်။

နုတ်ထွက်သွားခဲ့သည့် ဒါရိုက်တာ ၄ ဦး အသစ်ရွေးချယ်တင်မြှောက်ထားသည့် ဒါရိုက်တာ ၂ ဦး

| | | | |
|---|---|---|---|
| ၁။ ဒေါ်ကြူကြူဝင်း | ဒါရိုက်တာ | ၁။ ဒေါက်တာသဥ္ဇာအောင် | ဒါရိုက်တာ |
| ၂။ ဒေါ်သူဇာချယ် | ဒါရိုက်တာ | ၂။ ဦးအေးချစ် | ဒါရိုက်တာ |
| ၃။ ဒေါ်ဝင်းကလျာဦး | ဒါရိုက်တာ | | |
| ၄။ ဦးဟန်မြင့်မောင် | ဒါရိုက်တာ | | |

**ဥက္ကဋ္ဌ**
**မြန်မာစီးပွားရေးအရင်းအမြစ်ကုမ္ပဏီလီမိတက်**


## အိန္ဒိယ ဘာစမာတိ (ဆီးချိုဆန်)
## (25 kg)

-သီတင်းကျွတ်အခါ ကာလတွင် မိဘဆရာသမားများအား ကန်တော့ရန်
-ဆီးချို၊ သွေးချိုရောဂါဆိုးကြီးများမှ ကာကွယ်ရန်
-ကိုယ်အလေးချိန်တက်ခြင်း၊ 'ဝ' ခြင်းမှ ကာကွယ်ထိန်းသိမ်းရန်
ကျန်းမာရေးနှင့် အသက်ရှင်သန်မှု တန်ဘိုးထားသူတိုင်း ဝယ်ယူသုံးစွဲကုန်ကြပြီ။
နေပြည်တော်၊ ပျဉ်းမနားဖြန့်ချိရေး
သန်းသန်းကြည်
(၃/၅၈)၊ '၇'လမ်း၊ မင်္ဂလာရပ်၊ ပျဉ်းမနားမြို့။
ဖုန်း-09-43109081, 067 21295


## ငြင်းချက်ထုတ်ရန်သမ္မန်စာ
**(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**
**၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် - ၁၄၁**

ဦးဘုန်းနိုင်ဝင်း **နှင့်** ဒေါ်ဝင်းနီလာအောင်
(၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်သန်းစိန်)
**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ ရွှေတိဂုံဘုရားလမ်း၊ (၁)ရပ်ကွက်၊ အမှတ်-၁၆/၄(ဘီ)နေ ဒေါ်ဝင်းနီလာအောင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၁၈ ရက် (၁၃၈၂ ခုနှစ် ဒုတိယဝါဆို လကွယ်နေ့) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် ဇူလိုင် ၂၂ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စိုးခွန်ဖြူ)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ် အကွက်(၃၅)မမ-၃၊ မြရည်နန္ဒာမြို့သစ်နေ ဦးခန့်ဝေဖြိုး၏ဖခင် ဦးမြင့်ဦး(ခ)ဦးမြင့်ဝင်းသည် အိမ်ထောင်စုဇယားနှင့်မှတ်ပုံတင်အရ ဦးမြင့်ဦးဖြစ်ပြီး တက္ကသိုလ်ဝင်အောင်လက်မှတ်နှင့်ဘွဲ့လက်မှတ်တို့တွင် ဖခင်အမည်မှာ ဦးမြင့်ဝင်းဖြစ်နေပါသဖြင့် ဦးမြင့်ဦးနှင့် ဦးမြင့်ဝင်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6C/9708 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3A/9311 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၃ယ/၄၁၇၅၆ JJXY 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးကြင်ရွှေ ၈/မမန (နိုင်)၀၄၃၄၇၁ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1F/9837 Toyota KLUGER Acu 20 S/W(4x2) ယာဉ်လက်ဝယ်ရှိသူ ဦးအောင်အောင် ၁၃/သပန(နိုင်)၀၄၃၀၂၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## Vacancy Announcement

Applications are invited from eligible Myanmar nationals for the following two positions:

1. **Office Secretary**

**Duties:** Assist in preparing diplomatic correspondences, Consular services, organize official events, translate official documents, record keeping, prepare meeting calendar and Fix appointments for the Ambassador, supervise other local staffs. Other duties as instructed by Diplomatic staff.

Qualification: Bachelor's degree, computer and internet skills, good oral and weitten English and Myanmar languages, 3 years experiences in regular job, driving skill, age below 35 years.

2. **Driver**

**Duties:** Drive diplomatic vehicles with safety, punctual, check and clean vehicles every day, deliver/collect mails. Have pleasant and smart personality. Other duties as instructed by Diplomatic staff

**Qualification:** High school graduate, good and safe driving skills, communicate in English Language and minimum 3 year driving experience, age below 35 years.

Application or CV should be submitted in below given address in English enclosing copy of NRC card, academic ceritificate, driving license and recommendation letters from previous employers.

**Embassy of Nepal**

16 Natmauk Yeikhta street, Tamwe T/S, Yangon.

Email : eonyangon@mofa.gov.np: nepembyangon@gmail.com

Phone No.01-545880, 01-557168

Application deadline : 10 August 2020

## ထမင်းအိုးကုမ္ပဏီလီမိတက်
## (RICE POT COMPANY LIMITED)
## ကုမ္ပဏီတွင် ပါဝင်သူများက ကုမ္ပဏီကိုဆန္ဒအလျောက် ဖျက်သိမ်းခြင်း
## မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ-၃၄၈ အရ

(က) ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၁၆ ရက်တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အစုရှယ်ယာရှင်များ၏ အထွေထွေအစည်းအဝေးမှ အောက်ပါအတိုင်း အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပြီးဖြစ်ပါသည်။

(၁) "ထမင်းအိုးကုမ္ပဏီလီမိတက်"(RICE POT COMPANY LIMITED)အား ၁၆-၇-၂၀၂၀ ရက်မှစ၍ ကုမ္ပဏီတွင်ပါဝင်သူများ၏ ဆန္ဒအလျောက် ဖျက်သိမ်းရန် ဆုံးဖြတ်ကြပါသည်။

(၂) ကုမ္ပဏီသည် ကိစ္စရပ်များအား စာရင်းရှင်းလင်းဖျက်သိမ်းရန်နှင့် ကုမ္ပဏီ၏ ရရန်ပိုင်ခွင့်များအား ခွဲဝေပေးရန်အတွက် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများအဖြစ် ခန့်အပ်ကြပါသည်။

| စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ | တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |
|---|---|
| ဦးအီနုစ်(တရားလွှတ်တော်ရှေ့နေ) | ဒေါ်မိုးမိုးအေး (B.Com, Dip I.F.R, Diploma in Business Law) အမှတ် ၁၇၆(ပထမထပ်)၊ |
| YE NOOS & ASSOCIATES (Law Firm) | ဗိုလ်တထောင်ဘုရားလမ်း၊ မိဘာရိပ်မွန်အိမ်ရာ၊ |
| | ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ |
| | ဖုန်း-၀၁-၈၂၉၆၁၃၂၊ ၀၁-၈၃၉၇၂၃၄၊ ၀၁-၈၃၉၇၂၃၅ |

(ခ) "ထမင်းအိုးကုမ္ပဏီလီမိတက်" (RICE POT COMPANY LIMITED) မှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၁၆ရက် နောက်ဆုံးထား၍ အထက်ဖော်ပြပါစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**ဦးကျော်ရဲခေါင်(မန်နေဂျင်းဒါရိုက်တာ)**
**RICE POT COMPANY LIMITED.**

## မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ ၃၅၇ အရ
## စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာအပြီးသတ်အထွေထွေအစည်းအဝေးတက်ရောက်ရန်
## အကြောင်းကြားစာ
## MR.BLUE COMPANY LIMITED
## (အပြာရောင်သခင် ကုမ္ပဏီလီမိတက်)
## (အစုရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)

MR.BLUE COMPANY LIMITED (ဖျက်သိမ်းဆဲ)၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိမှ စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာ စာရင်းတင်ပြရန်နှင့် ရှင်းလင်းပြောဆိုရန်အတွက် စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာ အပြီးသတ်အထွေထွေအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အစုရှင်များအားလုံးတက်ရောက်ပေးပါရန် အကြောင်းကြားအပ်ပါသည်။

**ကျင်းပမည့်ရက်နှင့်အချိန်** - ၂၄-၈-၂၀၂၀ ရက် နံနက် ၁၀ နာရီ
**ကျင်းပမည့်နေရာ** - အမှတ်-၁၇၆(ပထမထပ်)၊ ဗိုလ်တထောင်ဘုရားလမ်း၊ မိဘာရိပ်မွန်ကွန်ဒို၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

**ဦးအီနုစ်(တရားလွှတ်တော်ရှေ့နေ)**
**YE NOOS & ASSOCIATES (Law Firm)**
**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ**
**MR.BLUE COMPANY LIMITED**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1P/4029 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8D/2417 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် RLG/4969 Toyota Landcruiser Prado TRJ ယာဉ်လက်ဝယ်ရှိသူ နေသာဘုန်းကြီးကျောင်း က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါ သည်။

**ကညန၊ ခရိုင်ရုံး၊ ကလေးမြို့**

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကျင်းပ

## အဂတိလိုက်စားမှုများကို လျှော့ချရာတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအရ အရေးယူအပြစ်ပေးခြင်းအပြင် အဂတိလိုက်စားမှုမဖြစ်ပေါ်မီ ကြိုတင်တားဆီးကာကွယ်ခြင်းနည်းလမ်းများကို ကျင့်သုံးမှသာ အဂတိလိုက်စားမှု လျှော့ချနိုင်မည်

နေပြည်တော် ဇူလိုင် ၂၃

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ အဖွဲ့ဝင် ဗိုလ်မှူးချုပ် နိုင်ဝင်း အစား ဗိုလ်မှူးချုပ် သက်ထွန်းအောင် ကိုလည်းကောင်း၊ လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ အဖွဲ့ဝင် ဗိုလ်မှူးချုပ် သက်ထွန်းအောင် အစား ဗိုလ်မှူးကြီး မင်းသော် ကိုလည်းကောင်း၊ အမျိုးသမီးနှင့်ကလေးသူငယ် အခွင့်အရေးဆိုင်ရာကော်မတီမှ အဖွဲ့ဝင် ဗိုလ်မှူးကြီး ဝင်းလွင်ဦး အစား ဗိုလ်မှူးကြီး/ဒုတိယဗိုလ်မှူးကြီး ဒေါ်စိုးစိုးမြင့် ကိုလည်းကောင်း အစားထိုးလဲလှယ်ဖွဲ့စည်းခြင်းကို လွှတ်တော်၏ သဘောထားရယူအတည်ပြုသည်။

ထို့နောက် မန်တုံမဲဆန္ဒနယ်မှ ဒေါ်နန်းမိုး၏ ပြည်သူ့ဝန်ထမ်းများက နိုင်ငံဘဏ္ဍာအား အလွဲသုံးစားပြုလုပ်ပါက ပြန်ပေးလျော်စေခြင်းသည် အဂတိလိုက်စားမှုကို လျှော့ချရာရောက်၊ မရောက် သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးအောင်သန်းမြင့်က ပြည်သူ့ဝန်ထမ်းများက နိုင်ငံ့ဘဏ္ဍာ အလွဲသုံးစားပြုလုပ်ခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၁၀ ပါ တာဝန်များတွင် ပုဒ်မခွဲ(ဃ)၌ နိုင်ငံတော်ပိုင်ပစ္စည်း၊ နိုင်ငံတော်ဘဏ္ဍာများ လေလွင့်ဆုံးရှုံးမှုမရှိစေရေးနှင့် အလွဲသုံးစားမှုမပြုရေးတို့အတွက် ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ကို ပြဋ္ဌာန်းထားပါကြောင်း၊ ယင်းတာဝန်ကို ပျက်ကွက်ပါက ဝန်ထမ်းစည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဌာနဆိုင်ရာနည်းလမ်းအရ အရေးယူနိုင်ကြောင်း ပုဒ်မ ၃၈ တွင် ပြဋ္ဌာန်းထားသည်ကိုလည်း တွေ့ရှိရပါကြောင်း။

အဆိုပါတာဝန်ပျက်ကွက်မှုအတွက် ဝန်ထမ်းအပေါ် ဌာနဆိုင်ရာ အရေးယူမှုတွင် ဝန်ထမ်းစည်းကမ်းဆိုင်ရာ ပြစ်ဒဏ်(၉)မျိုးအနက် ပြစ်ဒဏ်တစ်ရပ်ကိုဖြစ်စေ၊ ပြစ်ဒဏ်တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်ကြောင်းနှင့် *စာမျက်နှာ ၆ ကော်လံ ၁* ❋




ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကျင်းပ

## အစိုးရ၏ဝယ်ယူခြင်းနှင့် ပုံသေပိုင်ပစ္စည်းများ ထုခွဲခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်ကြောင်းကြေညာ




အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း

နေပြည်တော် ဇူလိုင် ၂၃

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဇော့တင်း၏ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ မီးဇာကျေးရွာနှင့် အုန်းသီးဝကျေးရွာ ဆိုင်ကယ်လမ်းအား တာချဲ့ခြင်းနှင့် အသစ်ဖောက်လုပ်ရန် ကျန်ရှိနေသေးသော လမ်းပိုင်းအား ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က ပလက်ဝမြို့နယ်၊ မီးဇာ - အုန်းသီးဝ လမ်းအရှည် ၂၆ မိုင်ရှိသည့်အနက် မြေသားလမ်း ၁၀ မိုင်ကို ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်၊ နယ်စပ်ဒေသဖွံ့ဖြိုးရေး (ပြည်ထောင်စု) ရန်ပုံငွေတွင် ၁၈၄ ဒသမ ၉၆၀ သန်းဖြင့် တင်ဒါအောင်မြင်သည့် သန်းနိုင် ကုမ္ပဏီမှ ဖောက်လုပ်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ အဆိုပါ မီးဇာ - အုန်းသီးဝ ကျေးရွာချင်းဆက်လမ်းတွင် ကျန်ရှိနေသည့် လမ်းပိုင်း ၁၆ မိုင် ဖောက်လုပ်ပေးရန်နှင့်ပတ်သက်၍ နယ်မြေဒေသ လုံခြုံရေးအခြေအနေအရ ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေ ထည့်သွင်းလျာထားမှုမရှိပါကြောင်းနှင့် နယ်မြေဒေသ အေးချမ်းပြီး လုပ်ငန်းဆောင်ရွက်နိုင်မည့်အချိန်တွင် သက်ဆိုင်ရာ ဒေသတာဝန်ရှိသူများ ပူးပေါင်းကွင်းဆင်းစစ်ဆေးပြီး ချင်းပြည်နယ် အစိုးရအဖွဲ့၏ ထောက်ခံချက်နှင့်အတူ သတ်မှတ်စီမံကိန်းအဆိုပြုလွှာဖြင့် ရန်ပုံငွေတင်ပြလာမည်ဆိုပါက ၂၀၂၁ - ၂၀၂၂ ဘဏ္ဍာရေးနှစ်မှစ၍ ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီး ပြည်ထောင်စုရန်ပုံငွေတွင် အပိုင်းလိုက် ထည့်သွင်းလျာထားပေးမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁) မှ ဦးကျော်သောင်း၏ မြန်မာ့ရက်စွဲ သမိုင်းစာအုပ် ဆက်လက်ထုတ်ဝေရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်း က ရက်စွဲသမိုင်းများကို စာမျက်နှာအပေါ်မူတည်၍ ခုနှစ်အလိုက် ဆက်လက်ထုတ်ဝေသွားရန်အတွက် ဘဏ္ဍာငွေအခြေအနေ၊ အခြား စာအုပ်ထုတ်ဝေမှု အခြေအနေများအပေါ်မူတည်၍ စဉ်ဆက်မပြတ် ဆက်လက်ထုတ်ဝေသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။ *စာမျက်နှာ ၇ ကော်လံ ၁* ❁

## ဧရာဝတီနှင့် ချင်းတွင်း မြစ်ရေကြီးမှုအခြေအနေ

နေပြည်တော် ဇူလိုင် ၂၃

ယနေ့ နံနက် ၉ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ရွှေကူမြို့တွင် ပေဝက်ခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် လက်ရှိရေမှတ်မှ နောက်နှစ်ရက်အတွင်း တစ်ပေခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ နံနက် ၉ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် ပေဝက်ခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် လက်ရှိရေမှတ်မှ နောက်နှစ်ရက်အတွင်း တစ်ပေခွဲခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

အလားတူ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် ပေဝက်ခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် လက်ရှိရေမှတ်မှ နောက်နှစ်ရက်အတွင်း ပေဝက်ခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။ မိုး/ဇလ

## ဘရာဇီးနိုင်ငံတွင် နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ခံရမှု စံချိန်တင်

စာ-၁၂

## COVID -19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၃-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

စာ-၁၆

## အူဘာမီယန်ကို စာချုပ်သစ်ချုပ်ဆိုရန် အာဆင်နယ် ကမ်းလှမ်းမည်

အာဆင်နယ်အသင်းသည် အသင်းမှ တိုက်စစ်ကစားသမား အူဘာမီယန်ကို တစ်ပတ် ပေါင် ၂၅၀၀၀၀ ဖြင့် စာချုပ်သစ်ချုပ်ဆိုရန် အဆင်သင့်ရှိနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။ အူဘာမီယန်နှင့် အာဆင်နယ်အသင်းတို့ ချုပ်ဆိုထားသော စာချုပ်သက်တမ်းသည် နောက်ထပ် ၁၂ လကျန်ရှိနေသေးသော်လည်း အာဆင်နယ်နည်းပြ အာတီတာအနေဖြင့် ယခုနှစ်ရာသီတွင် အသင်း၏ ဂိုးအများဆုံး သွင်းယူထားသူဖြစ်သော အူဘာမီယန်ကို အသင်းတွင် ဆက်လက်ထိန်းထားရန် ဆန္ဒရှိနေသည်။ ထို့အပြင် အသက် ၃၁ နှစ်အရွယ်ရှိ အူဘာမီယန်သည် နည်းပြအာတီတာ၏ အနာဂတ်အစီအစဉ်များတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်းလည်း သိရသည်။

နည်းပြ အာတီတာသည် အူဘာမီယန်၏ စာချုပ်သစ်ကိစ္စနှင့်ပတ်သက်ပြီး ဆွေးနွေးမှု နှေးကွေးနေခြင်းအပေါ် အာဆင်နယ်ဘုတ်အဖွဲ့ကို ပြစ်တင်စကားဆိုခဲ့ကြောင်း သိရသည်။ တယ်လီဂရပ်၏အဆိုအရ အာဆင်နယ်အသင်း တာဝန်ရှိသူများသည် နည်းပြအာတီတာ၏ တောင်းဆိုချက်ကို တုံ့ပြန်ခဲ့ပြီးနောက် အူဘာမီယန်ကို စာချုပ်သစ် ချုပ်ဆိုနိုင်ရေးနှင့် ပတ်သက်ပြီး *စာမျက်နှာ ၁၁ ကော်လံ ၁* ●

